

Image: Agencies

# ကုလသမဂ္ဂသည် မြန်မာနိုင်ငံအရေးမှာ မည်ကဲ့သို့ ပျက်ကွက်နေသနည်း။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်

SPECIAL ADVISORY COUNCIL · MYANMAR ·
SAC-M
Special Advisory Council for Myanmar

# မာတိကာ


**ဝေါဟာရနှင့် အတိုကောက်စာလုံးများ ........ ၃**

**၁။ နိဒါန်း ........ ၆**

**၂။ နောက်ခံအကြောင်းအရင်းနှင့် ဆက်စပ်အကြောင်းအရာများ ........ ၈**

၂.၁။ ကမ္ဘာ့ကုလသမဂ္ဂစနစ် ........ ၈
၂.၂။ အာဏာသိမ်းမှု မတိုင်မီ ကမ္ဘာ့ကုလသမဂ္ဂစနစ်နှင့် မြန်မာနိုင်ငံ ........ ၁၀
၂.၃။ Rosenthal အစီရင်ခံစာ ........ ၁၂
၂.၄။ စစ်အာဏာသိမ်းပြီးချိန် မြန်မာနိုင်ငံ၏ အခြေအနေ ........ ၁၅

**၃။ အာဏာသိမ်းပြီးနောက်ပိုင်း ကုလသမဂ္ဂ တုံ့ပြန်ဆောင်ရွက်မှု ........ ၂၁**

၃.၁။ ကမ္ဘာ့ကုလသမဂ္ဂစနစ် ........ ၂၁
၃.၂။ ကုလသမဂ္ဂဌာနေရုံးအဖွဲ့ (UNCT) ........ ၂၇
၃.၃။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရုံး ........ ၅၂

**၄။ နိဂုံးနှင့် အကြံပြုချက်များ ........ ၆၁**

**နောက်ဆက်တွဲ (က) - မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂရုံးအဖွဲ့တွင် ပါဝင်သော ကုလသမဂ္ဂအဖွဲ့အစည်းများ ........ ၆၈**

**နောက်ဆက်တွဲ (ခ) - စစ်အုပ်စုနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များအကြား အစည်းအဝေးများ ........ ၇၁**

# ဝေါဟာရနှင့် အတိုကောက်စာလုံးများ

AA - ရက္ခိုင့်တပ်တော်

ASEAN - အရှေ့တောင်အာရှနိုင်ငံများအဖွဲ့

CDM - အကြမ်းမဖက်အာဏာဖီဆန်ရေး လူထုလှုပ်ရှားမှု

CDF - ချင်းပြည်နယ်ကာကွယ်ရေးတပ်ဖွဲ့

CNF - ချင်းအမျိုးသားတပ်ဦး

CRPH - ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

DPPA - နိုင်ငံရေးနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေးဆိုင်ရာဌာန

ERO - တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်း

FAO - စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့

FDC - ဖက်ဒရယ် ဒီမိုကရက်တစ် ပဋိညာဉ်

FFM - မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်

GAD - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

HCT - လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဌာနေအဖွဲ့

HNO - လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များ ခြုံငုံသုံးသပ်ချက်

HRP - မြန်မာနိုင်ငံလူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ်

IDP - ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးသူများ

IIMM - မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား

KIA - ကချင်လွတ်လပ်ရေးတပ်မတော်

**KNDF** - ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်

**KNPP** - ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

**KNU** - ကရင်အမျိုးသားအစည်းအရုံး

**MoU** - နားလည်မှုစာချွန်လွှာ

**NMSP** - မွန်ပြည်သစ်ပါတီ

**NUCC** - အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ

**NUG** - အမျိုးသားညီညွတ်ရေးအစိုးရ

**OCHA** - ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး

**OHCHR** - လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး

**OLA** - ကုလသမဂ္ဂဥပဒေရေးရာရုံး

**PDF** - ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့

**R2P - Responsibility to Protect (အကာအကွယ်ပေးရန် တာဝန်ရှိမှု)** - ကုလသမဂ္ဂပဋိညာဉ်စာတမ်း နှင့် နိုင်ငံတကာဥပဒေများတွင် ဖော်ပြထားသော ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများအပေါ် အခြေခံထားသည့် နိုင်ငံရေး ကတိကဝတ်တစ်ခု ဖြစ်သည်။ ယင်းသည် လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ လူသားမျိုး နွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လူမျိုးစု ရှင်းလင်းသုတ်သင်မှုတို့မှ ပြည်သူလူထုအား “အကာအကွယ် ပေးရန် တာဝန်ရှိမှု” ကို အဓိကရည်ညွှန်းခြင်း ဖြစ်သည်။

**RCSS** - သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

**Rosenthal Report** - ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှ တာဝန်ပေးအပ် ပြီး ဂွာတီမာလာသံအမတ်ကြီး Gert Rosenthal က ဆောင်ရွက်ထားသော ၂၀၁၀ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ကုလသမဂ္ဂ၏ ပါဝင် ပတ်သက်မှုနှင့်ပတ်သက်၍ “အကျဉ်းချုပ် နှင့် လွတ်လပ်သော” စုံစမ်းမေးမြန်းတွေ့ရှိချက် များကို မှတ်တမ်းတင်ထား သော ၂၀၁၉ ခုနှစ် အစီရင်ခံစာ။

**SAC-M** - မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ

**SERRP** - လူမှုစီးပွားရေးဆိုင်ရာ ခံနိုင်ရည်ရှိမှုနှင့် တုန့်ပြန်ဆောင်ရွက်မှု မူအစီအစဉ် (Socioeconomic Resilience and Response Plan)

**UN** - ကမ္ဘာ့ကုလသမဂ္ဂ

**UNCT** - ကုလသမဂ္ဂဌာနေရုံးများအဖွဲ့

**UN entities** - အထူးအေဂျင်စီများ၊ ရန်ပုံငွေအဖွဲ့များနှင့် အစီအစဉ်များသည် ကုလသမဂ္ဂစနစ်၏ အဖွဲ့အစည်းများဖြစ်ပြီး သီးခြားလုပ်ကိုင် ဆောင်ရွက်ကြ၍ အဖွဲ့တစ်ခုချင်းစီတွင် ၎င်းတို့၏ကိုယ်ပိုင် လုပ်ငန်းနယ်ပယ်၊ ခေါင်းဆောင်မှုနှင့် ရန်ပုံငွေများရှိကြသည်။

**UNHCR** - ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး

**UNDP** - ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်

**UNICEF** - ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့

**UN intergovernmental forums** - အပြန်အလှန်ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ မဲခွဲခြင်းနှင့် အတည်ပြုဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်များမှတဆင့် ကုလ သမဂ္ဂ၏ မူဝါဒများ၊ ဦးစားပေးမှုများနှင့် လုပ်ငန်းများ နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ပေးသည့် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ ပါဝင်သော ဆွေးနွေးပွဲများ။ ၎င်းတို့တွင် အထွေထွေ ညီလာခံ၊ လုံခြုံရေး ကောင်စီနှင့် လူ့အခွင့်အရေး ကောင်စီတို့ ပါဝင်သည်။

**UN Secretariat** - အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီနှင့် အခြားအဓိက အစိုးရအချင်းချင်းကြား ကျင်းပသော ဆွေးနွေးပွဲများမှ တာဝန် ပေးအပ်ထားသည့် ကုလသမဂ္ဂ၏ နေ့စဉ်လုပ်ငန်းဆောင်တာ များကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ဦးဆောင် မှုဖြင့် ဆောင်ရွက်သော ပင်မအဖွဲ့။

**UN system** - ကုလသမဂ္ဂစနစ်။

**UWSA** - ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်

**WFP** - ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်




# ၁။ နိဒါန်း

> “ဒီမိုကရေစီ၊ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်နေကြသော မြန်မာပြည်သူပြည်သားများကို ကုလသမဂ္ဂက မဆုတ်မနစ်ပဲ ပံ့ပိုးကူညီပေးမည်ဟု အတွင်းရေးမှူးချုပ်က ထပ်လောင်း အတည်ပြုအပ်ပါသည်။”[၁]

အဆိုပါထုတ်ပြန်ကြေညာချက်ကို စစ်အာဏာသိမ်းခြင်းဖြင့် မြန်မာနိုင်ငံတဝန်းလုံးတွင် စစ်တပ်က အာဏာအပြည့်အဝ ပြန်လည်ရယူရန် ကြိုးစားသည့်နေ့ဖြစ်သော ဖေဖော်ဝါရီလ(၁) ရက်တွင် ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်ပါသည်။ စစ်တပ်၏ နာမည်ဆိုးဖြင့် ကျော်ကြားသော ရက်စက်ကြမ်းကြုတ်မှုများကြားက အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်ရန် လူထုဆန္ဒပြပွဲများစတင်ပြီး မကြာမီအချိန်အတောအတွင်း မြန်မာပြည်သူများသည် လမ်းပေါ်သို့ စုရုံးထွက်လာခဲ့ကြသည်။ စစ်အာဏာသိမ်းမှုအား အင်အားအပြည့်ဖြင့် ငြိမ်းချမ်းစွာဆန့်ကျင်ကန့်ကွက်မှုသည် နောက်လာသည့်ရက်များနှင့် ရက်သတ္တပတ်များစွာအတွင်း လျှင်မြန်စွာ စုစည်းလာခဲ့ပါသည်။ ယင်းအချိန်က အထင်ရှားကျော်ကြားဆုံး ခေတ်ပုံအများစုတွင် “အကာအကွယ်ပေးရန် တာဝန်ရှိမှု” သို့မဟုတ် “R2P” ဝင်ရောက်ပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းကို တောင်းဆိုနေကြသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်ထားပြီး မျှော်လင့်ချက်ပြည့်ဝနေသော လူငယ်အများစု ဖြစ်သည့် ဆန္ဒပြသူများ၏ ပုံရိပ်များ ပါဝင်နေပါသည်။ လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လူမျိုးစုရှင်းလင်းသုတ်သင်မှု စသည့် ရက်စက်ကြမ်းကြုတ်မှုများမှ ကာကွယ်ပေးရမည့် တာဝန်မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ ၂၀၀၅ ခုနှစ်တွင် တညီတညွတ်တည်း

---

[၁] ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ထုတ် ကုလသမဂ္ဂ၊ “မြန်မာနိုင်ငံဆိုင်ရာ အထွေထွေအတွင်းရေးမှူး၊ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်” တွင် ကြည့်ပါ။ https://www.un.org/sg/en/content/sg/statement/2021-01-31/statement-attributable-the-spokesperson-for-the-secretary-general-myanmar တွင် ရယူနိုင်ပါသည်။

ချမှတ်ခဲ့သည့် ကတိကဝတ်တစ်ခုဖြစ်ပါသည်။[၂] ရှေ့ဆက် ဖြစ်လာနိုင်ခြေများကို သိရှိထားကြသောကြောင့် မြန်မာနိုင်ငံ၏ လမ်းမများပေါ်တွင် ထောင်နှင့်ချီသော ပြည်သူလူထုများသည် နိုင်ငံတကာအသိုင်းအဝိုင်းအား ဦးတည်တောင်းဆိုသည့် “R2P ဝင်ရောက်ရေး၊ ဒီမိုကရေစီရရှိရေး”၊ “မြန်မာနိုင်ငံမှ R2P ကို ကြိုဆိုပါတယ်”၊ “ကျွန်တော်တို့ R2P လိုချင်ပါတယ်၊ မြန်မာနိုင်ငံကို ကယ်တင်ပေးပါ” နှင့် “R2P ၊ တားဆီး/ကာကွယ်ပေးပါ၊ အရေးယူပေးပါ” စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ထားခဲ့ကြသည်။[၃] ၎င်းတို့၏မျှော်လင့်ချက်များ ပျက်သုဉ်းသွားပါလိမ့်မည်။ အထွေထွေအတွင်းရေးမှူးချုပ်၏ ကတိကဝတ်လည်း တည်နိုင်လိမ့်မည် မဟုတ်ပေ။

စစ်တပ်သည် ၎င်း၏အာဏာသိမ်းရန် ကြိုးပမ်းမှုကို ထိန်းသိမ်းထားရန် မြန်မာပြည်သူများကို နှစ်နှစ်ခွဲကြာ ဖိနှိပ်ထားခဲ့သည်။ ထိုကာလအတောအတွင်း စစ်အုပ်စု၏ အရပ်သားပြည်သူများအပေါ် စနစ်တကျ ပစ်မှတ်ထားတိုက်ခိုက်မှုများနှင့် ပုံမှန်အသားကျနေသော ရက်စက်ကြမ်းကြုတ်မှုများကြောင့် အရပ်သား ပြည်သူ (၂) သန်းခန့်သည် နိုင်ငံအတွင်း ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီးလူသန်းပေါင်း (၂၀) အထိ လူသားချင်း စာနာထောက်ထားမှုအကူအညီများ လိုအပ်နေခဲ့သည်။ စစ်အုပ်စုသည် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံများ၊ အဖွဲ့အစည်းများနှင့် စီးပွားရေးကို ဖျက်ဆီးခဲ့ပြီး ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည်။ ၎င်းတို့၏တိုက်ခိုက်မှုများသည် ၂၀၂၃ ခုနှစ်တွင် အရှိန်အဟုန်မြင့်လာခဲ့ပြီး ကုလသမဂ္ဂက ရင်ဆိုင်တုံ့ပြန်ရန် ပျက်ကွက်နေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) ၏ ဤစာတမ်းအား ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် များအတွင်း မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူမျိုးများအပေါ် မြန်မာစစ်တပ်က ရက်စက်ကြမ်းကြုတ်မှုများ မကျူးလွန်မီ၊ ကျူးလွန်နေစဉ်နှင့် နောက်ပိုင်းကာလများတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ တာဝန်များ ထမ်းဆောင်ခဲ့ဖူးသည့် SAC-M အဖွဲ့ဝင်များ၏ ရှုထောင့်အမြင်မှ ရေးသားထားခြင်းဖြစ်သည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်များနှင့် အဆိုပါဖြစ်ရပ်များအပေါ် နိုင်ငံတကာ၏တုံ့ပြန်မှုများကို SAC-M က ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ သီးခြားလွတ်လပ်သူများ အနေဖြင့် အနီးကပ်စောင့်ကြည့်ခဲ့သည့် အတွေ့အကြုံများအပေါ်လည်း အခြေခံထားပါသည်။ ကုလသမဂ္ဂသည် လွန်ခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံ၌ ၎င်း၏ရပ်တည်မှုကို ပိုမိုတိုးချဲ့ ခဲ့သော်လည်း ၂၀၁၆-၁၇ ခုနှစ် အဖြစ်အပျက်များ၏ ထိခိုက်နစ်နာမှု လျော့ပါးသွားအောင် လုပ်ဆောင်ရာတွင် ပျက်ကွက်ခဲ့သည်။ မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းပြီးချိန်မှစတင်၍ ကုလသမဂ္ဂစနစ်သည် ၎င်း၏ကျရှုံးမှု သံသရာထဲတွင် တဝဲလည်လည်ဖြစ်နေပါသည်။ ဤစာတမ်းသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက မြန်မာနိုင်ငံအရေးတွင် မည်ကဲ့သို့ ပျက်ကွက်နေသနည်းဆိုသော သင်ခန်းစာများကို ရယူနိုင်ပြီး ပြုပြင်ပြောင်းလဲမှုပြုလုပ်နိုင်ရန် ဖော်ပြထားခြင်းဖြစ်ပါသည်။

---

[၂] ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ထုတ် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ၊ “အနှစ်ချုပ်စာတမ်း - မြန်မာနိုင်ငံတွင် ကာကွယ်ရန် တာဝန်ရှိမှု (R2P)” ကို ကြည့်ပါ။ https://specialadvisorycouncil.org/2021/09/briefing-paper-the-responsibility-to-protect-r2p-in-myanmar/.

[၃] Pawnday, S. နှင့် Scott, L. တို့ရေးသားထားပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ထုတ် “မြန်မာပြည်သူများအား အကာအကွယ်ပေးရန် နှစ်ရှည်လများ ပျက်ကွက်နေပြီး အခုအချိန်မှာ ဘာလုပ်ရမည်နည်း” တွင်ကြည့်ပါ။ https://thediplomat.com/2022/02/the-yearlong-failure-to-protect-myanmars-people-and-what-to-do-now/.



Image: Reuters

# ၂။ နောက်ခံအကြောင်းအရင်းနှင့် ဆက်စပ် အကြောင်းအရာများ

## ၂.၁။ ကမ္ဘာ့ကုလသမဂ္ဂစနစ်

ကုလသမဂ္ဂစနစ်သည် ကျယ်ပြန့်ပြီး ရှုပ်ထွေးပါသည်။ ၎င်း၏ လုပ်ငန်းဆောင်ရွက်သည့် နည်းလမ်းအား ပါဝင်ဖွဲ့စည်းထားသည့် အစုအဖွဲ့များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအကြား ဆွေးနွေးပွဲများ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များ စသဖြင့် ခွဲခြားစီစစ်လိုက်ပါက ကောင်းစွာနားလည်သဘောပေါက်နိုင်ပါသည်။ အဖွဲ့အစည်းတစ်ခုချင်းစီသည် အပြန်အလှန် ချိတ်ဆက်ထားကြပြီး စနစ်တစ်ခုလုံး၏ လုပ်ငန်းများအား ပြည့်စုံစေရန်နှင့် အင်အားဖြည့်တင်းရန် ရည်ရွယ်ပါသည်။[၆]

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးပွဲများတွင် အရေးကြီးဆုံး ကုလသမဂ္ဂအဖွဲ့အစည်းများ ဖြစ်သည့် အထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီတို့ ပါဝင်ကြသည်။ အထွေထွေညီလာခံတွင် ကုလသမဂ္ဂအဖွဲ့ဝင် (၁၉၃) နိုင်ငံစလုံးက ကိုယ်စားပြုတက်ရောက်ကြသည်။ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင် (၅) နိုင်ငံ (တရုတ်၊ ပြင်သစ်၊ ရုရှားဖယ်ဒရေးရှင်း၊ ယူနိုက်တက်ကင်းဒမ်း(UK) နှင့် အမေရိကန်ပြည်ထောင်စု(US)) တို့ပါဝင်ပြီး အထွေထွေညီလာခံက အလှည့်ကျအဖွဲ့ဝင် (၁၀)နိုင်ငံအား (၂)နှစ်သက်တမ်းဖြင့် ရွေးချယ်ပါသည်။ လူ့အခွင့်အရေးကောင်စီသည် တခြားအရေးကြီးသော အစိုးရအချင်းချင်းကြားမှ ဆွေးနွေးပွဲဖြစ်သည်။ ၎င်းသည် အထွေထွေညီလာခံလက်အောက်မှ ဆွေးနွေးပွဲတစ်ခု ဖြစ်ပြီး ရွေးချယ်ထားသော အဖွဲ့ဝင် (၄၇) ဦးဖြင့် အလှည့်ကျကျင်းပသည်။[၇] ဤဆွေးနွေး

[၆] ကုလသမဂ္ဂ၊ အဓိကအဖွဲ့အစည်းများ https://www.un.org/en/about-us/main-bodies တွင် ကြည့်ရှုပါ။

[၇] ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့ထုတ် SAC-M ၏ "အနှစ်ချုပ်စာတမ်း - မြန်မာနိုင်ငံတွင် တရားမဝင် စစ်အာဏာသိမ်းမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂနိုင်ငံရေးအဖွဲ့အစည်းများ၏ တုံ့ပြန်ချက်" တွင် ကြည့်ရှုပါ။ https://specialadvisorycouncil.org/2021/09/briefing-paper-the-response-so-far-of-united-nations-political-bodies-to-the-unlawful-military-coup-in-myanmar/ တွင် ရယူနိုင်ပါသည်။

ပွဲများသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးပွဲများပြုလုပ်ခြင်းဖြင့် ကုလသမဂ္ဂ၏ မူဝါဒများ၊ ဦးစားပေး ကိစ္စရပ်များနှင့် လုပ်ငန်းများကို အချေအတင် ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ မဲပေးခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း လုပ်ငန်းစဉ်များမှတဆင့် ဆုံးဖြတ်ကြသည်။ လုံခြုံရေးကောင်စီတစ်ခုတည်းကသာလျှင် ဥပဒေကြောင်းအရ လိုက်နာဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များကို အတည်ပြုချမှတ်နိုင်သည်။[၆]

အတွင်းရေးမှူးချုပ်ဦးဆောင်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးသည် အထွေထွေညီလာခံ၊ လုံခြုံရေး ကောင်စီနှင့် အခြားအဓိကကျသော အစိုးရအချင်းချင်းကြား ဆွေးနွေးပွဲများမှ တာဝန်ပေးအပ်သည့် အတိုင်း ကုလသမဂ္ဂ၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ပါသည်။ အတွင်းရေးမှူးချုပ်ရုံးတွင် နယူးယောက်နှင့် ကမ္ဘာတစ်ဝှမ်းရှိ ရုံးခန်းများနှင့် ဌာနများစွာပါဝင်သည်။[၇] ၎င်းတို့တွင် လူသားချင်းစာနာမှု ဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) နှင့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) တို့ ပါဝင်သည်။

ကုလသမဂ္ဂအဖွဲ့အစည်းများသည် ကုလသမဂ္ဂစနစ်၏ အစိတ်အပိုင်းများဖြစ်ကြသော အထူးအေဂျင်စီ များ၊ ရန်ပုံငွေများနှင့် အစီအစဉ်များဖြစ်ကြသော်လည်း သီးခြားစီလုပ်ငန်းဆောင်ရွက်ကြပြီး ၎င်းတို့ တစ်ခုချင်းစီတွင် ကိုယ်ပိုင်လုပ်ငန်းနယ်ပယ်၊ ခေါင်းဆောင်များနှင့် ရန်ပုံငွေများရှိသည်။ ဥပမာအားဖြင့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့ဖြစ်ကြသည်။ အစိုးရအချင်းချင်းကြားဆောင်ရွက်သော ဆွေးနွေးပွဲများမှ ချမှတ်ထားသည့်အတိုင်း ကုလသမဂ္ဂ၏ ရည်မှန်းချက်များကို အောင်မြင်တိုးတက်လာစေရန် ရည်ရွယ်၍ အဆိုပါအဖွဲ့များအား အခြားကုလသမဂ္ဂစနစ်နှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ရန် မျှော်မှန်းထားသည်။[၈]

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများသည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများတွင် လုပ်ငန်းဆောင်တာအမျိုးမျိုး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။[၉] နိုင်ငံတစ်နိုင်ငံချင်းစီရှိ ကုလသမဂ္ဂဌာနေရုံးများအဖွဲ့ (UNCT) သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးနှင့် အဆိုပါနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်နေသော ကုလသမဂ္ဂအဖွဲ့အစည်းအားလုံးကို ကိုယ်စားပြုသည်။ UNCT များသည် လက်ရှိအချိန်တွင် နိုင်ငံပေါင်း (၁၃၂) နိုင်ငံ၌ တည်ရှိနေသည်။ အဖွဲ့အစည်းများကြား အပြန်အလှန် ညှိနှိုင်းဆောင်ရွက်နေပြီး နိုင်ငံအဆင့်ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဦးဆောင်ဦးရွက်ပြုရန် တာဝန် ရှိသည့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးက UNCT တစ်ဖွဲ့ချင်းစီအား ဦးဆောင်သည်။ ဌာနေညှိနှိုင်းရေးမှူးသည် နိုင်ငံအဆင့်တွင် အဆင့်အမြင့်ဆုံး ကုလသမဂ္ဂကိုယ်စားလှယ်ဖြစ်သည်။[၁၀]

---

[၆] ကုလသမဂ္ဂ၊ ကုလသမဂ္ဂပုံစံ - ကုလသမဂ္ဂမှာ ဆုံးဖြတ်ချက်များအား မည်ကဲ့သို့ ချမှတ်သနည်း။ https://www.un.org/en/model-united-nations/how-decisions-are-made-un#:~:text=Because%20the%20General%20Assembly’s%20resolutions,possible%20implementation%20of%20GA%20decisions တွင် ရယူနိုင်ပါသည်။

[၇] ကမ္ဘာ့ကုလသမဂ္ဂ၊ အထွေထွေအတွင်းရေးမှူးချုပ်။ https://www.un.org/en/about-us/secretariat တွင် ရယူနိုင်ပါသည်။

[၈] ကမ္ဘာ့ကုလသမဂ္ဂ၊ ကုလသမဂ္ဂစနစ်။ https://www.un.org/en/about-us/un-system တွင် ရယူနိုင်ပါသည်။

[၉] ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့၊ ကျွန်ုပ်တို့၏ လုပ်ဆောင်ပုံ။ https://unsdg.un.org/about/how-we-work#:~:text=The%20United%20Nations%20Country%20Team%20(UNCT)%20exists%20in%20132%20countries,and%20transition%20in%20programme%20countries တွင် ရယူနိုင်ပါသည်။

[၁၀] ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့၊ ကျွန်ုပ်တို့၏ လုပ်ဆောင်ပုံ။ https://unsdg.un.org/about/how-we-work#:~:text=The%20United%20Nations%20Country%20Team%20(UNCT)%20exists%20in%20132%20countries,and%20transition%20in%20programme%20countries တွင် ရယူနိုင်ပါသည်။

[၁၁] ယခင်စစ်အစိုးရများသည်မြန်မာနိုင်ငံကို ၁၉၆၂ ခုနှစ်ကနေ အုပ်ချုပ်ခဲ့သည်။

## ၂.၂။ အာဏာသိမ်းမှု မတိုင်မီ ကမ္ဘာ့ကုလသမဂ္ဂစနစ်နှင့် မြန်မာနိုင်ငံ

အာဏာသိမ်းမှုမစတင်မီ ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏ ပါဝင်ပတ်သက်မှုကို အဓိကဖြစ်ရပ် (၂)ခုဖြင့် ပုံဖော်နိုင်ပါသည်။ ပထမဖြစ်ရပ်မှာ ၁၉၈၉ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သော စစ်အုပ်စုက ၎င်းတို့ကိုယ်တိုင်ရေးဆွဲခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မူတည်ကာ စစ်ဘက်နှင့် အရပ်ဘက်အာဏာပိုင်များဖြင့် ညွှန့်ပေါင်းအစိုးရ ထူထောင်ခဲ့သည့် တစိတ်တပိုင်း ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်သည်။[၁၁] ဒုတိယဖြစ်ရပ်မှာ မြန်မာစစ်တပ်နှင့် ၎င်း၏လုံခြုံရေးတပ်ဖွဲ့များက အဓိကကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်မှုများနှင့် အခြားအကြမ်းဖက်မှုများ အပါအဝင် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူမျိုးများအပေါ် ပိုမိုပြင်းထန်စွာ နှိပ်စက်ညှဉ်းပန်းမှုဖြစ်သည်။ ယင်းတို့အနက် အထူးခြားဆုံးမှာ ၂၀၁၂ ခုနှစ်၌ ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့၌ ရခိုင်ပြည်နယ် မြောက်ပိုင်းတို့တွင် ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များဖြစ်သည်။ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနှင့် ရိုဟင်ဂျာလူမျိုး များကို ပြင်းထန်ရက်စက်စွာ ဖိနှိပ်မှုကြောင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လုပ်ငန်းများ၏ အဆင့်နှင့် ဦးစားပေးမှု ပြောင်းလဲခဲ့သော်လည်း ရံဖန်ရံခါတွင် ပြဒါးတစ်လမ်း သံတစ်လမ်း ကွဲလွဲနေသည်။

ဗမာနိုင်ငံကို (မြန်မာနိုင်ငံကို ထိုအချိန်က ဗမာနိုင်ငံဟု ခေါ်ဝေါ်ခဲ့သည်။) ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုရန် ၁၉၄၈ ခုနှစ်တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်တစ်ခုမှလွဲ၍ မြန်မာနိုင်ငံနှင့်ပတ်သက်၍ လုံခြုံရေး ကောင်စီအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာအထိ ဆုံးဖြတ်ချက်တစ်ခုမှ မချမှတ်ခဲ့သော်လည်း မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ်မှစ၍ လုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ပါဝင်ခဲ့ပါသည်။[၁၂] မြန်မာနိုင်ငံအပေါ် လုံခြုံရေးကောင်စီ၏ ထိတွေ့ဆက်ဆံမှုအဆင့်မှာ ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် ဖြစ်ပွားခဲ့သော ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများအပြီး တိုးမြင့်လာပြီး ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များ၌ ရက်စက်ကြမ်းကြုတ်မှုများ ဖြစ်ပွားပြီးနောက်ပိုင်းတွင် ပိုမိုမြင့်တက်လာခဲ့သည်။ သို့သော်ငြားလည်း အဆိုပါဖြစ်ရပ်များ၏ ဖိအားရှိလင့်ကစား လုံခြုံရေးကောင်စီသည် တရားဝင်ဆုံးဖြတ်ချက် ချမှတ်ရန် ပျက်ကွက်နေခဲ့ပြီး မြန်မာနိုင်ငံအား စစ်အင်အား အလွန်အကျွံအသုံးပြုမှုနှင့် လူမျိုးရေးအကြမ်းဖက်မှု များကို အဆုံးသတ်ရန် တောင်းဆိုသည့် “ကုလအကြီးအကဲ၏ ထုတ်ပြန်ချက်” တစ်ခုကို ထုတ်ပြန်ရန်သာ သဘောတူနိုင်ခဲ့သည်။[၁၃]

အထွေထွေညီလာခံသည် မြန်မာနိုင်ငံအား ၎င်း၏ပုံမှန်အစီအစဉ်တွင် နှစ်ပေါင်းများစွာ ထည့်သွင်းထားခဲ့သော်လည်း စစ်တပ်၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် ဆောင်ရွက်သည့် အပြင်ပန်း အပြုသဘောဆောင်သော တိုးတက်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၅ ခုနှစ်တွင် မထည့်သွင်းပဲ ချန်ထားခဲ့သည်။ ရိုဟင်ဂျာလူမှုအသိုင်းအဝိုင်းအပေါ် စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပေါ်စေသည့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသော စစ်ဆင်ရေးများကို ရပ်တန့်ပြီး ကျူးလွန်သူများအား တာဝန်ခံမှုရှိစေရန် တောင်းဆိုထားသည့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခြင်းဖြင့် အထွေထွေညီလာခံသည် ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံအား ၎င်း၏အစီအစဉ်ထဲသို့ ပြန်လည်ထည့်သွင်းခဲ့သည်။[၁၄] မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်တစ်ဦး ခန့်အပ်ရန်လည်း အထွေထွေ အတွင်းရေးမှူးချုပ်အား တောင်းဆိုခဲ့ပြီး ယနေ့အချိန်ထိလည်း အဆိုပါရာထူးနေရာထားရှိရန် ဆက်လက် လိုအပ်နေပါသေးသည်။[၁၅] အထွေထွေညီလာခံသည် ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်

[၁၂] လုံခြုံရေးကောင်စီ၏ အစီရင်ခံစာ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂစာရွက်စာတမ်းများ။ https://www.securitycouncilreport.org/un-documents/myanmar/

[၁၃] ကုလသမဂ္ဂ၏ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ထုတ် “ရခိုင်ပြည်နယ်တွင် စစ်အင်အားအလွန်အကျွံသုံးစွဲမှုများ၊ လူမျိုးရေး ပဋိပက္ခများ အဆုံးသတ်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ထုတ်ပြန်ချက်”၊ အစည်းအဝေးတွင် ပါဝင်ဆွေးနွေးမှု SC/၁၃၀၅၅ တွင် ကြည့်ရှုပါ။ https://press.un.org/en/2017/sc13055.doc.htm

[၁၄] ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ထုတ် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ၊ အထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် ၇၂/၂၄၈၊ UN Doc. A/RES/72/248 တွင် ကြည့်ရှုပါ။ https://undocs.org/Home/Mobile?FinalSymbol=A%2FRES%2F72%2F248&Language=E&DeviceType=Desktop&LangRequested=False

[၁၅] မြန်မာ့သမိုင်း၏ အစောပိုင်းကာလများတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်များ ရှိခဲ့သည်။

သည့် ဒုတိယအကြိမ် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပြီး ထိုအချိန်မှ စ၍ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူမျိုး များနှင့် အခြားလူနည်းစု များ၏ အခြေအနေများနှင့်စပ်လျဉ်းသည့် နှစ်ပတ်လည် ဆုံးဖြတ်ချက်တစ်ခုအား ချမှတ်ခဲ့ပါသည်။[၁၆]

လက်ရှိတွင်လူ့အခွင့်အရေးကောင်စီသည်မြန်မာနိုင်ငံလူ့အခွင့် အရေးအခြေအနေ နှင့်ပတ်သက်သည့် နှစ်စဉ်ဆုံးဖြတ်ချက် တစ်ခု[၁၇] နှင့် ရိုဟင်ဂျာနှင့် မြန်မာနိုင်ငံရှိ အခြားလူနည်းစု များ၏ လူ့အခွင့်အရေး အခြေအနေ နှင့်ပတ်သက်သည့် နှစ်စဉ် ဆုံးဖြတ်ချက်တစ်ခု[၁၈] တို့ကိုချမှတ်လျက် ရှိသည်။၎င်းတို့သည် ၁၉၉၂ ခုနှစ်ကတည်းက ရှိလာခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်[၁၉] နှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) အတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းပေးသည့် ဆုံးဖြတ်ချက်များ ဖြစ်သည်။[၂၀] ရခိုင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ် အကြမ်းဖက်မှု များအပြီး လူ့အခွင့်အရေး ကောင်စီက မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင် (FFM) ကို တည်ထောင်ခဲ့ပြီး[၂၁] ၎င်းသည် ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ် အထိ လုပ်ငန်းဆောင်ရွက်ခဲ့သည်။ SAC-M အဖွဲ့ဝင် များသည် မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် FFM အဖွဲ့ဝင်များအဖြစ် ၎င်းတို့၏ သက်ဆိုင်ရာတာဝန်များ ပေးအပ် ခံရသည့် ကာလအတွင်း ရိုဟင်ဂျာလူမျိုးများအပေါ် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များ၌ ကျူးလွန်ခဲ့သည့် ရက်စက် ကြမ်းကြုတ်မှုများအကြောင်း အများအပြား အစီရင်ခံ တင်ပြ ခဲ့သည်။[၂၂] အဆိုပါအစီရင်ခံစာများအကို အခြေခံ၍ ယင်းဖြစ်စဉ်များကို အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)[၂၃] နှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) တို့တွင် လုပ်ထုံး လုပ်နည်းများ နှင့်အညီ စစ်ဆေးရန် အချက်အလက်များ ဖြစ်လာပါသည်။[၂၄] အဆိုပါဖြစ်ရပ်များသည် လူမျိုးတုံး သတ်ဖြတ်မှုဖြစ်သည်ဟု အမေရိကန်အစိုးရက ၂၀၂၂ ခုနှစ် မတ်လတွင် ဆုံးဖြတ်ခဲ့သည်။[၂၅]

အထူးကိုယ်စားလှယ်နှင့် FFM တို့သည် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် စစ်တပ်က မြန်မာနိုင်ငံရှိ အခြားသော

---

[၁၆] ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ထုတ် မကြာသေးမီက- မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ၊ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၇၇/၂၂၇၊ တွင် ကြည့်ရှုပါ။ https://undocs.org/Home/Mobile?FinalSymbol=A%2FRES%2F77%2F227&Language=E&DeviceType=Desktop&LangRequested=False.

[၁၇] M၂၀၂၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ထုတ် မကြာသေးမီက- မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ၊ လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် A/HRC/RES/၅၂/၃၁ တွင် ကြည့်ရှုပါ။ https://www.ohchr.org/en/hr-bodies/hrc/regular-sessions/session52/res-dec-stat.

[၁၈] ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့ထုတ် မကြာသေးမီက- မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ၊ လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် A/HRC/RES/၅၃/၂၆ တွင် ကြည့်ရှုပါ။ https://undocs.org/Home/Mobile?FinalSymbol=A%2FHRC%2FRES%2F53%2F26&Language=E&DeviceType=Desktop&LangRequested=False.

[၁၉] ကုလသမဂ္ဂမှ ထုတ်ဝေသော ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် - ခြုံငုံသုံးသပ်ချက်ကို ကြည့်ပါ။ https://www.ohchr.org/en/special-procedures/sr-myanmar.

[၂၀] ကုလသမဂ္ဂမှ ထုတ်ဝေသော မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရားကို ကြည့်ပါ။ https://iimm.un.org/.

[၂၁] ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (HRC) မှ တရားဝင် ဆောင်ရွက်ထားသော စုံစမ်းစစ်ဆေးမှုများ၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်တွင် ကြည့်ရှုပါ။ https://www.ohchr.org/en/hr-bodies/hrc/myanmar-ffm/index.

[၂၂] FFM ၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့ထုတ် "မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ အစီရင်ခံစာ"၊ UN Doc. A/HRC/၃၉/၆၄ တွင် ကြည့်ရှုပါ။ https://ap.ohchr.org/documents/dpage_e.aspx?si=A/HRC/39/64; FFM ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ထုတ် "မြန်မာနိုင်ငံတွင် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မခွဲခြားမှုဆိုင်ရာ အကြမ်းဖက်မှုများနှင့် လူမျိုးရေးပဋိပက္ခများ၏ လိင်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှု"၊ UN Doc. A/HRC/42/CRP.4 တွင် ကြည့်ရှုပါ။ https://reliefweb.int/report/myanmar/sexual-and-gender-based-violence-myanmar-and-gendered-impact-its-ethnic-conflicts; ထို့ပြင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်သော မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ "မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ် အစီရင်ခံစာ"၊ UN Doc. A/၇၂/၃၈၂ ကို ကြည့်ရှုပါ။ https://documents-dds-ny.un.org/doc/UNDOC/GEN/N17/279/73/PDF/N1727973.pdf?OpenElement.

[၂၃] လူမျိုးသုဉ်းသတ်ဖြတ်မှုဆိုင်ရာ ရာဇဝတ်မှု တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ ညီလာခံသို့ တင်သွင်းချက် (ဂမ်ဘီယာ v. မြန်မာ) [၂၀၁၉] ICJ သို့ တင်သွင်းချက်ကို ကြည့်ရှုပါ။ https://www.icj-cij.org/case/178.

[၂၄] ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ/ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့၏ အနေအထား၊ ICC-၀၁/၁၉ တွင် ကြည့်ရှုပါ။ https://www.icc-cpi.int/bangladesh-myanmar.

[၂၅] ၂၀၂၁ ခုနှစ်၊ မတ်လတွင် အမေရိကန် နိုင်ငံခြားရေးဌာနမှ ထုတ်ဝေသော Blinken, A., J. ၏ "မြန်မာနိုင်ငံတွင် လူမျိုးသုဉ်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုများနှင့် ရိုဟင်ဂျာလူမျိုးများအား သုတ်သင်ရှင်းလင်းမှု" တွင်ကြည့်ရှုပါ။ https://www.state.gov/burma-genocide/#:~:text=On%20March%2021%2C%202022%2C%20following,crimes%20against%20humanity%20against%20Rohingya.

တိုင်းရင်းသားများနှင့် ဘာသာဝင်လူနည်းစုများအပေါ် ကျူးလွန်နိုင်ခြေရှိသည့် စစ်ရာဇဝတ်မှု များနှင့် လူသား မျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကိုလည်း အစီရင်ခံတင်ပြထားသည်။[၂၆] ၎င်းတို့၏ အကြံပြုချက်များ ကို တာဝန်ယူတာဝန်ခံမှု ရှိစေရန်အတွက် လူ့အခွင့်အရေး ကောင်စီသည် IIMM ကို ၂၀၁၈ ခုနှစ်တွင် တည်ထောင်ခဲ့ သည်။[၂၇] IIMM ၏ လုပ်ငန်းတာဝန်မှာ ၂၀၁၁ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော အဆိုးရွားဆုံးသော နိုင်ငံတကာရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေ ချိုးဖောက် မှုများ၏ အထောက်အထားများကို စုဆောင်းခြင်း၊ စုစည်း ခြင်း၊ သိမ်းဆည်းခြင်းနှင့် လေ့လာ သုံးသပ်ခြင်း ပြုလုပ်၍ နိုင်ငံတကာဥပဒေနှင့်အညီ တာဝန်ခံမှုပေါ်ပေါက်ရေး စီစဉ် ပံ့ပိုးပေးရန် ဖြစ်သည်။ သို့ရာတွင် IIMM သည် တရားလိုပြ အဖွဲ့ မဟုတ်သည့်အပြင် တာဝန်ခံမှုနှင့်ပတ်သက်၍ တရား စွဲဆိုရာတွင် စီရင်ဆုံးဖြတ်ပိုင်ခွင့်အာဏာလည်း မရှိပေ။ မြန်မာနိုင်ငံတွင် ကျူးလွန်သော နိုင်ငံတကာ ရာဇဝတ်မှုများ ကို တရားစွဲဆိုရန် စီရင်ပိုင်ခွင့်အာဏာ အပြည့်အဝရှိသော နိုင်ငံတကာတရားရုံးလည်း မရှိသေးပေ။

ကုလသမဂ္ဂအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် ၁၉၅၀ ခုနှစ်များကတည်းက ရောက်ရှိခဲ့ကြပြီး ၁၉၉၃ ခုနှစ်မှစ၍ ကန့်သတ်ထားသော လုပ်ပိုင်ခွင့်အရ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခဲ့ပြီး ရပ်ရွာများ၊ လူပုဂ္ဂိုလ်များနှင့် တိုက်ရိုက်ထိတွေ့လုပ်ဆောင်ခဲ့သည်။[၂၈] ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် စစ်တပ်တို့အကြား ဆက်ဆံရေး တည်ဆောက်ခဲ့ကြသောကြောင့် ၂၀၀၈ ခုနှစ် နာဂစ် ဆိုင်ကလုန်းမုန်တိုင်းအပြီးတွင် မြန်မာနိုင်ငံ၌ ကုလသမဂ္ဂရပ်တည်မှုအနေအထား တိုးတက်လာခဲ့သည်။ စစ်တပ်က ၎င်း၏ တစိတ်တပိုင်း ဒီမိုကရေစီအသွင် ကူးပြောင်းမှုကို စတင်သောအခါ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ တည်ရှိမှု ပိုမိုကြီးထွားလာကာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် များကိုလည်း အရှိန်အဟုန် တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် UNCT ၏ အဖွဲ့အစည်း (၁၈) ခု ပါဝင်သော နိုင်ငံလုံးဆိုင်ရာ အစီအစဉ်တစ်ခုကို တည်ထောင်ခဲ့သည်။ လက်ရှိ UNCT တွင် ပါဝင်သည့် ကုလသမဂ္ဂ အဖွဲ့အစည်း များ၏ စာရင်းအပြည့်အစုံကို နောက်ဆက်တွဲ (က) တွင် ကြည့်ရှုနိုင်ပါသည်။[၂၉] လူ့အခွင့် အရေးကောင်စီက ရခိုင် ပြည်နယ်၌ လူမျိုးတုံးသတ်ဖြတ်မှု သတိပေးချက်များနှင့် မြန်မာနိုင်ငံ မြောက်ပိုင်းတွင် စစ်ရာဇဝတ်မှုများရှိနေသည်ဟု ဖော်ပြထားသည့် အစီရင်ခံစာများကို ကြားနာနေသည့် တစ်ချိန်တည်းမှာပင်ကုလသမဂ္ဂအေဂျင်စီများသည်ညွန့်ပေါင်း အစိုးရ၊ စစ်တပ်နှင့် အရပ်သားအာဏာပိုင် များ စသည့် နှစ်ဦးနှစ်ဖက်စလုံးဖြင့် နီးကပ်စွာ ပူးပေါင်းလှုပ်ရှားဆောင်ရွက် နေခဲ့ကြပြီး ၎င်းတို့နှင့်ညှိနှိုင်း၍ ဖွံ့ဖြိုးရေးအကူအညီများ ပေးအပ်ခဲ့ကြသည်။

## ၂.၃။ Rosenthal အစီရင်ခံစာ

SAC-M အဖွဲ့ဝင်များသည် ၎င်းတို့ ကုလသမဂ္ဂတွင်တာဝန် ထမ်းဆောင်သည့် ကာလအတွင်းတွင် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ရက်စက်ကြမ်းကြုတ်မှုများ မဖြစ်မီ ရှေ့နှစ်များအတွင်း မြန်မာ နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လုပ်ငန်းများ၏ သဘောသဘာဝနှင့် ပတ်သက်၍လည်းကောင်း ထိုရက်စက်မှုများ မဖြစ်အောင် ကြိုတင်ကာကွယ်ရန် ကုလသမဂ္ဂက ပျက်ကွက်ခဲ့ခြင်းနှင့်

[၂၆] အထူးကိုယ်စားလှယ်၏ အစီရင်ခံစာအားလုံးကို ဤနေရာ https://ap.ohchr.org/documents/dpage_e.aspx?m=89 တွင် ရယူနိုင်ပါသည်။ FFM ၏ အစီရင်ခံစာအားလုံးကို ဤနေရာ https://www.ohchr.org/en/hr-bodies/hrc/myanmar-ffm/index တွင် ရရှိနိုင်ပါသည်။

[၂၇] ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ထုတ် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမူဆလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေး အခြေအနေ၊ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၃၉/၂၊ UN Doc. A/HRC/RES/၃၉/၂ ကို ကြည့်ရှုပါ။ https://undocs.org/Home/Mobile?FinalSymbol=A%2FHRC%2Fres%2F39%2F2&Language=E&DeviceType=Desktop&LangRequested=False.

[၂၈] ၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ကုလသမဂ္ဂမှထုတ်ဝေသော Rosenthal, G. ၏ "၂၀၁၀ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏ ပါဝင်ပတ်သက်မှုနှင့် ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုအနှစ်ချုပ်" ကို ကြည့်ရှုပါ။ https://www.un.org/sg/sites/www.un.org.sg/files/atoms/files/Myanmar%20Report%20-%20May%202019.pdf.

[၂၉] UN နိုင်ငံများအဖွဲ့က လက်ရှိပါဝင်နေသော ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ စာရင်းအပြည့်အစုံကို နောက်ဆက်တွဲ (က) တွင် ရရှိနိုင်ပါသည်။ ကုလသမဂ္ဂ၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ https://myanmar.un.org/en/about/un-entities-in-country.

ပတ်သက်၍ လည်းကောင်း စိုးရိမ်မကင်း ဖြစ်ခဲ့ရသည်။ လူ့အခွင့်အရေးကောင်စီသို့ ၎င်းတို့တင်ပြခဲ့ကြသည့် အစီရင်ခံစာများတွင် ဖြစ်လာမည့်ကပ်ဆိုးများကို ကြိုတင်ကာကွယ်ရန် သို့မဟုတ် တားဆီးရန် တတ်နိုင်သည့် အရာများအားလုံး ဆောင်ရွက်ထားခဲ့ခြင်း ရှိ/မရှိ စစ်ဆေးရန်၊ တွေ့ကြုံခဲ့ရသော သင်ခန်းစာများနှင့် အလေ့အထကောင်း များကို စိစစ်ဖော်ထုတ်ရန်၊ တာဝန်ယူတာဝန်ခံမှုကိစ္စ အပါအဝင် သင့်လျော်သော အကြံပြုချက်များ ပေးနိုင်ရန် နှင့် နောင်အနာဂတ်တွင် ပိုမိုထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၁ ခုနှစ်မှ စ၍ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏ ပါဝင်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည့်စုံလွှမ်းခြုံမှုရှိသည့် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု တစ်ခုကို အရေးပေါ်ကိစ္စရပ်အနေဖြင့် ဆောင်ရွက်သွားရန် အကြံပြုခဲ့သည်။[၂၀]

အဆိုပါ အကြံပြုချက်များကို တုန့်ပြန်သောအားဖြင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ဂွာတီမာလာ သံအမတ်ကြီး Gert Rosenthal အား ၂၀၁၀ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂပါဝင်ပတ်သက်မှုနှင့် ပတ်သက်၍ "အတိုချုံး လွတ်လပ်သော စုံစမ်းစစ်ဆေးမှု" တစ်ခု ပြုလုပ်ရန် ခန့်အပ်တာဝန်ပေးခဲ့သည်။ တွေ့ရှိချက်များကို ၂၀၁၉ ခုနှစ်ထုတ် အစီရင်ခံစာတစ်ခုထဲတွင် ထည့်သွင်းဖော်ခဲ့ပြီး ထိုအစီရင်ခံစာကို "Rosenthal အစီရင်ခံစာ" ဟု ရည်ညွှန်းခေါ်ဆိုလေ့ရှိသည်။[၂၁] အကြံပြုထားသည့်အတိုင်း ပြန်လည်စိစစ်သုံးသပ်မှုအား ကျယ်ကျယ်ပြန့်ပြန့် မပြုလုပ်နိုင်ဘဲ စုံစမ်းမေးမြန်းမှုသည်လည်း အကန့်အသတ်များ ရှိခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ စုံစမ်းစစ်ဆေးနေသည့် ကာလအတောအတွင်း ကုလသမဂ္ဂစနစ်သည် "လူ့အခွင့်အရေးနယ်ပယ်တွင် အနုတ်သဘောဆောင်သော ဦးတည်ရာလမ်းကြောင်းများကို နောက်ကြောင်းပြန်လှည့်ရန်နှင့် အခြားနယ်ပယ်များတွင် အပြုသဘော ဆောင်သော ဦးတည်ရာလမ်းကြောင်းများကို စုစည်းခိုင်မာစေရန် မြန်မာအာဏာပိုင်များနှင့် ထိထိရောက်ရောက် လက်တွဲလုပ်ဆောင်ရာတွင် သိသာထင်ရှားစွာ အားနည်းနေသည်။" ဟု အစီရင်ခံစာ က ကောက်ချက်ချထားသည်။[၂၂] အစီရင်ခံစာတွင် ဤကဲ့သို့ "စိတ်ပျက်ဖွယ်ကောင်းသော အခြေအနေများသည်" သည် ကုလသမဂ္ဂစနစ်၏ အတွင်းထဲတွင်လည်းကောင်း နေရာတိုင်းတွင် လည်းကောင်း "တရားဝင်လုပ်ထုံး လုပ်နည်းနှင့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ ချို့ယွင်းမှုများ" ရှိနေကြောင်း ဖော်ပြသည့် သာဓကဖြစ်ကြောင်း တွေ့ရှိခဲ့သည်။[၂၃]

Rosenthal အစီရင်ခံစာသည် လုပ်ထုံးလုပ်နည်းနှင့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ ချို့ယွင်းချက်နယ်ပယ် များစွာကို ဖော်ထုတ်ခဲ့သည်။ ပထမနှင့် အရေးအကြီးဆုံးမှာ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် အဖြစ်အပျက်များကို ဖြေရှင်းရာတွင် ပိုမိုအားကောင်းစွာ လုပ်ကိုင်ဆောင်ရွက် နိုင်ရန်အတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကြား ဆွေးနွေးပွဲများမှ လုံလောက်သော ပံ့ပိုးကူညီမှု မရရှိခြင်းဖြစ်သည်။ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ တစုတစည်းတည်းသော နိုင်ငံရေးအရပံ့ပိုးမှု မရှိခြင်းနှင့် လုံခြုံရေး ကောင်စီအမြဲတမ်းအဖွဲ့ဝင်နိုင်ငံများကြား သဘောထားကွဲလွဲမှုတို့ကြောင့် သံအမတ်ကြီး Rosenthal ၏ အမြင်အရ ၂၀၁၂ ခုနှစ် မှ ၂၀၁၇ ခုနှစ်အထိ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်များကို ဖြေရှင်းရာတွင် ကုလသမဂ္ဂဝန်ထမ်းများနှင့် ခေါင်းဆောင်များသာ ပျက်ကွက်ခဲ့ခြင်း မဟုတ်ပေ။[၂၄] ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည်လည်း ဖြစ်ပျက်နေခဲ့သည့် အကြောင်းခြင်းရာများ၏ အတိမ်အနက်ကို အသိအမှတ်မပြုဘဲ မြန်မာစစ်တပ်နှင့် အရပ်ဘက်အာဏာပိုင်တို့နှင့် ထိတွေ့ဆက်ဆံမှု ဆက်လက် ပြုလုပ်ခဲ့သောကြောင့် ၎င်းတို့သည်လည်း တူညီရာအစုအဖွဲ့တစ်ခု

[၂၀] ၂၀၁၈ ခုနှစ်၊ မတ်လ (၉) ရက်နေ့ထုတ် မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ "မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေပေါ်တွင် အထူးကိုယ်စားလှယ် အစီရင်ခံစာ၊ UN Doc. A/HRC/၃၇/၇၀ ကို ကြည့်ရှုပါ။ https://reliefweb.int/report/myanmar/report-special-rapporteur-situation-human-rights-myanmar-ahrc3770-advance-unedited ထို့ပြင် FFM ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ အစီရင်ခံစာကိုလည်း ကြည့်ရှုနိုင်ပါသည်။

[၂၁] Rosenthal, G. ၏ "၂၀၁၀ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏ ပါဝင်ပတ်သက်မှုနှင့် ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု အနှစ်ချုပ်" ကို ကြည့်ရှုပါ။

[၂၂] အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ စာ - ၂၃။

[၂၃] အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ စာ - ၂၄။

[၂၄] အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ စာ - ၁၄။

အနေဖြင့် ကုလသမဂ္ဂ၏ ပျက်ကွက်မှု အတွက် တစိတ်တပိုင်း တာဝန်ရှိသူများ ဖြစ်သည်။

Rosenthal အစီရင်ခံစာတွင် ဖော်ပြထားသော နောက်ထပ် အဓိကပျက်ကွက်မှုမှာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံး၏ အဖွဲ့အစည်းများကြား ရှင်းလင်းပြတ်သားပြီး တစုတစည်းထဲ ပေါင်းစပ်ထားသော မဟာဗျူဟာ မရှိခြင်းဖြစ်ပြီး၊ အထူးသဖြင့် တိတ်ဆိတ်စွာ လှုပ်ရှားသော သံတမန်ရေးကြိုးပမ်းမှု (Quiet Diplomacy)နှင့် ဟုတ်တိုင်းမှန်ရာ ထုတ်ဖော်ပြောဆိုသော သံတမန်ရေးကြိုးပမ်းမှု (outspoken advocacy) နည်းလမ်း နှစ်ခုကြား မည်သည့်နည်းလမ်းက အကောင်းဆုံးဖြစ်သည် ဆိုသည့်အပေါ် သဘောထားကွဲလွဲမှုများ ရှိနေခြင်းဖြစ်သည်။[၂၅] နောက်ဆက်တွဲအနေဖြင့် မြေပြင်မှ စနစ်တကျ တစုတစည်း တည်း ပေါင်းစပ်ထားသော လေ့လာသုံးသပ်ချက်များ မရရှိ နိုင်တော့ပဲ အားပြိုင်နေသည့် ဗျူဟာနှစ်ခုအရ လိုအပ်သော အချက်အလက်နှင့် လေ့လာသုံးသပ်မှုများအတွက် မတူညီ သော မြေပြင်သတင်းအရင်းအမြစ်များကို အသုံးပြုကာ ဖြစ်စဉ် များအပေါ် ကိုယ်စီသီးခြား အဓိပ္ပါယ် ကောက်ယူမှုများ ဖြစ်ပေါ်စေခဲ့သည်။[၂၆] အချို့က ကျရောက်တော့မည့် ဘေးအန္တရာယ်ကို သတိပေး ပြောကြားနေစဉ် အချို့သော တရားဝင်အစီရင်ခံစာများက အခြေအနေတည်ငြိမ်နေကြောင်း အကြံပြုဖော်ပြထားခြင်းသည် ကုလသမဂ္ဂဌာနချုပ်ရှိ လူပေါင်း များစွာတို့ကို ၎င်းတို့သိရှိရန် လိုအပ်နေသည့် အကြောင်းရာများ မဟုတ်ဘဲ ကြားလိုသည့် အကြောင်းခြင်းရာများကိုသာ ပြောကြားနေကြသည့် လက္ခဏာ တစ်ခုဖြစ်သည်ဟု Rosenthal က ကောက်ချက်ချခဲ့သည်။ ယင်းတို့အနက်မှ အဆိုးရွားဆုံး ဥပမာများမှာ "ဌာနေ ညှိနှိုင်းရေးမှူးက ပြင်ဆင် ထားသည့် အစီရင်ခံစာများတွင် အဖြစ်အပျက်များအကြောင်း ရည်ရွယ်ချက်ရှိရှိ လျှော့ပေါ့ဖော်ပြခြင်း နှင့် OCHA အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်း အမျိုးမျိုးတို့သည် ကုလသမဂ္ဂ စနစ် အတွင်းရှိ အခြားအဖွဲ့အစည်းများအား ၎င်းတို့၏ လေ့လာ သုံးသပ်ချက်ကို ပြန်လည်မျှဝေမှု မရှိခြင်း ဖြစ်သည်"။[၂၇]

Rosenthal အစီရင်ခံစာတွင် တွေ့ရှိချက်နှင့် အကြံပြုချက် များစွာ ပါဝင်ပြီး မြန်မာနိုင်ငံ အခြေအနေအတွင်း ကုလ သမဂ္ဂ၏ ချဉ်းကပ်ဆောင်ရွက်မှု အတွက်သာမက အခြားနိုင်ငံ လူ့အခွင့်အရေး အကျပ်အတည်းများနှင့်လည်း သက်ဆိုင်သည် ဟု သတ်မှတ်ကာ အားလုံးကိုကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က သဘောတူလက်ခံခဲ့သည်။ ယင်းနောက် ၂၀၂၀ ခုနှစ်အစောပိုင်းတွင် အထွေထွေ အတွင်းရေးမှူးချုပ် သည် ကုလသမဂ္ဂအတွက် လူ့အခွင့်အရေး၏ အရေးပါမှုကို ထပ်လောင်းအတည်ပြုရန် "လူ့အခွင့်အရေးအတွက် ဆောင်ရွက်ရန် တောင်းဆိုချက်" ကိုစတင်ခဲ့သည်။[၂၈] ထို နှိုးဆော်ချက်ထဲတွင် Rosenthal အစီရင်ခံစာအား အထူးကိုး ကားထားသည့် "အကျပ်အတည်း ကာလ အခွင့်အရေးများ" နှင့် "ကုလသမဂ္ဂ အကာအကွယ် ပေးရေးဆိုင်ရာ အစီအစဉ်" ရေးဆွဲရန်လိုအပ်ခြင်း ကိစ္စများအပါအဝင် ဦးစားပေးကဏ္ဍ (၇) ခု ကို ထည့်သွင်းဖော်ပြထားသည်။ သို့သော်လည်း (၃) နှစ် ကြာသည့်အထိ အကာအကွယ်ပေးရေးဆိုင်ရာ အစီအစဉ်ကို အပြီးမသတ်နိုင်သေးပေ။[၂၉]

---

၂၅ အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ စာ - ၁၆။

၂၆ အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ စာ - ၂၃။

၂၇ အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ စာ - ၂၃။

၂၈ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ လူ့အခွင့်အရေးဆိုင်ရာ အရေးယူဆောင်ရွက် ရန် တောင်းဆိုချက်၊ https://www.un.org/en/content/action-for-human-rights/index.shtml#:~:text=The%2520Call%2520to%2520Action%2520is,%252C%2520safe%252C%2520and%2520peaceful%2520societies.

၂၉ ၀၂၂ ခုနှစ်၊ Lilly, D. "ကုလသမဂ္ဂ၏ ကာကွယ်ရေးအစီအစဉ် - မူဝါဒ၊ ဗျူဟာ နှင့် စစ်ဆင်ရေး ဦးစားပေး ဆောင်ရွက်ချက်များ"၊ အပြည်ပြည် ဆိုင်ရာ ငြိမ်းချမ်းရေး အင်စတီကျူ၊ https://www.ipinst.org/2022/03/the-un-agenda-for-protection-policy-strategic-and-operational-priorities#:~:text=Setting%20out%20a%20common%20framework,plan%20and%20accountability%20framework%3B%20and.

## ၂.၄။ စစ်အာဏာသိမ်းပြီးချိန် မြန်မာနိုင်ငံ၏ အခြေအနေ

**ဥပဒေအရ(de jure) အစိုးရဖြစ်မှု အခြေအနေ**

Rosenthal အစီရင်ခံစာကို ထုတ်ပြန်သည့် ၂၀၁၉ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံ၏ အခြေအနေသည် သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁) ရက်နေ့တွင် မြန်မာစစ်တပ်သည် နိုင်ငံတော်သမ္မတဦးဝင်းမြင့် နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့အား ရွေးကောက် တင်မြှောက်ခံ လွှတ်တော်ကိုယ်စားလှယ်များစွာနှင့်အတူ မတရားဖမ်းဆီးထိန်းသိမ်းခဲ့သည်။ လွှတ်တော်ခေါ်ယူခြင်းအား ပိတ်ပင်ခဲ့ပြီး အရေးပေါ်အခြေအနေ ကြေညာကာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး နှင့် တရားစီရင်ရေး အာဏာအားလုံးကို ၂၀၁၁ ခုနှစ် ကတည်းက စစ်တပ်ခေါင်းဆောင်ဖြစ်သည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ လွှဲပြောင်းပေးကြောင်း ကြေညာခဲ့သည်။

အရေးပေါ်အခြေအနေ ကြေညာခြင်းအတွက် စစ်တပ်က ထုတ်ပြန်သော ဖြေရှင်းချက်နှင့် အသုံးပြုသည့် နည်းလမ်းသည် ၂၀၀၈ အခြေခံဥပဒေပါ နိုင်ငံတော်အရေးပေါ်အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံဥပဒေများနှင့် ကွဲလွဲနေသည်။[၅၀] စစ်တပ်က အရေးပေါ်အခြေအနေ ကြေညာပြီး အဆိုပါအရေးပေါ်အခြေအနေပေါ်မူတည်၍ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ" ဟုခေါ်တွင်သည့် စစ်အုပ်စုကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိပေ။ စစ်တပ်၊ စစ်ခေါင်းဆောင် များနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ၏ နိုင်ငံ့ခေါင်းဆောင်များအဖြစ် ဆက်လက် တာဝန်ယူနေကြသောကြောင့် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာထောက်ထားမှုဥပဒေအရ သီးခြားတာဝန် ဝတ္တရားများရှိနေကြပါသည်။ သို့သော် စစ်အုပ်စုသည် တည်ဆဲဥပဒေနှင့် ကိုက်ညီမှု မရှိသလို တရားဝင်မှုလည်းမရှိပေ။ ၎င်းတို့သည် မြန်မာနိုင်ငံတွင် တရားဝင်အစိုးရ မဟုတ်သကဲ့သို့ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် အစိုးရအကြီးအကဲ သို့မဟုတ် နိုင်ငံ့ခေါင်းဆောင် လည်းမဟုတ်ပေ။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁) ရက်နေ့တွင် စစ်တပ်၏ ဆောင်ရွက်ချက်များသည် ဥပဒေမဲ့ရုံသာမက အောင်မြင်မှုလည်း မရှိခဲ့ပေ။ မြန်မာနိုင်ငံ၏ ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) ကိုဖွဲ့စည်း၍ အစည်းအဝေးများကျင်းပပြီး ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲများပေါ် မူတည်၍ အစိုးရသစ်တစ်ရပ်အဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ၂၀၂၁ ခုနှစ် ဧပြီလ၌ အောင်မြင်စွာ ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ကို စစ်တပ်က ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားသော်လည်း ၎င်းတို့အား သက်ဆိုင်ရာ ရာထူးနေရာများတွင် ပြန်လည် ခန့်အပ်ထားသည်။ ဒူဝါလရှီးလအား ယာယီသမ္မတအဖြစ်၊[၅၁] မန်းဝင်းခိုင်သန်းအား ဝန်ကြီးချုပ်အဖြစ်၊[၅၂] နှင့် ဒေါ်ဇင်မာအောင်အား နိုင်ငံခြားရေးဝန်ကြီးအဖြစ်[၅၃] ခန့်အပ်ခဲ့ကြသည်။ ဒီမိုကရေစီလုပ်ပိုင်ခွင့်အား အပြည့်အဝကျင့်သုံးလျှက် NUG သည် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဖြစ်ပြီး နိုင်ငံတကာဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ်လည်းဖြစ်သည်။

---

[၅၀] ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ထုတ် SAC-M ၏ "အနှစ်ချုပ်စာတမ်း - အစိုးရများအား အသိအမှတ်ပြုခြင်း"၊ https://specialadvisorycouncil.org/2021/08/briefing-paper-recognition-of-governments/.

[၅၁] အမျိုးသားညီညွတ်ရေးအစိုးရ၊ ယာယီသမ္မတ ဒူဝမ်လရှီးလ၊ https://gov.nugmyanmar.org/acting-president-duwa-lashi-la/.

[၅၂] အမျိုးသားညီညွတ်ရေးအစိုးရ၊ ဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း၊ https://gov.nugmyanmar.org/prime-minister-mahn-winn-khaing-thann/.

[၅၃] အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ https://mofa.nugmyanmar.org/h-e-daw-zin-mar-aung/.

## ခုခံတွန်းလှန်ရေးနှင့် လက်နက်ကိုင်တော်လှန်ရေး

မြန်မာပြည်သူများသည် အကြမ်းမဖက် ခုခံတွန်းလှန်ရေး နည်းများကို မဆိုင်းမတွ ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံး လာမှုကြောင့် အာဏာသိမ်းမှုစတင်ပြီးနောက်ပိုင်းတွင် မြန်မာ စစ်အုပ်စုသည် အာဏာကို မစုစည်းနိုင်ခဲ့ပေ။ ယင်းတို့တွင် အစိုးရဝန်ထမ်း ၄၀၀,၀၀၀ ထက်မနည်း တပြိုင်နက် သပိတ်မှောက်ခဲ့ကြသည့် အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) အပါအဝင် မြန်မာနိုင်ငံ၏ မြို့ကြီးများ၌ ပုဂ္ဂလိက လုပ်ငန်းကဏ္ဍ၏ ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်း၊ လူထုအုံကြွမှုများနှင့် ဆန့်ကျင်ဆန္ဒပြပွဲများ ပါဝင်ခဲ့သည်။[၆၄] စစ်အုပ်စုသည် ငြိမ်းချမ်းစွာ ခုခံတွန်းလှန်မှုများကို နောက် ရက်သတ္တပတ်များနှင့် လများအတွင်း လူမဆန်စွာ ရက်စက် ကြမ်းကြုတ်မှုကျူးလွန်ပြီး ဖြိုခွဲလာခဲ့သည်။[၆၅] ၂၀၂၁ ခုနှစ် ဧပြီလ၌ စစ်တပ်နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ် ချုပ်ဆိုထားကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ (၁၀) ဖွဲ့တွင် ပါဝင်သည့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် ချင်းအမျိုးသားတပ်ဦး (CNF) တို့သည် စစ်အာဏာသိမ်းမှု ကို ဆန့်ကျင်ဆန္ဒပြသူများကို စစ်တပ်က အကြမ်းဖက် ဖြိုခွင်းမှုအား ရှုတ်ချကြောင်း ပူးတွဲကြေညာချက်ထုတ်ပြန်၍ NUG ၏ လှုပ်ရှားဆောင်ရွက်မှုကို ကြိုဆိုပြီး CDM လှုပ်ရှားမှု ကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ကတိကဝတ် ပြုခဲ့ ကြသည်။[၆၆] နောက်ပိုင်းတွင် စစ်အုပ်စုက ၎င်းတို့၏ တိုက်ခိုက်မှုများကို အရှိန်အဟုန်မြှင့်တင်ခဲ့ပြီး မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်နယ်များတွင် လေကြောင်း တိုက်ခိုက်မှုများ စတင်ခဲ့သည်။[၆၇]

စစ်တပ်၏ ရက်စက်ကြမ်းကြုတ်သော လူ့အခွင့်အရေး ချိုးဖောက်မှုများသည် နယ်ပယ်ပေါင်းစုံတွင် အရှိန် အဟုန် ပြင်းထန်လာသည်နှင့်အမျှ လက်နက်ကိုင်ခုခံကာကွယ်ရေး သည် လိုအပ်လာကာ နောက်ဆုံး၌ မြန်မာနိုင်ငံအနှံ့ ကူးစက် လာခဲ့သည်။ ယာယီသမ္မတသည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ၊ (၇) ရက်နေ့တွင် စစ်တပ်အား ခုခံတွန်းလှန်မည့် "ပြည်သူ့ခုခံ တော်လှန်စစ်" တစ်ခုကို ဆင်နွှဲမည်ဟု ကြေညာခဲ့ပြီး ပြည်သူ လူထုအား မိမိတို့၏ အသက်နှင့် စည်းစိမ်ဥစ္စာများကို ကာကွယ်ရန် အတွက် စစ်အုပ်စု၏ ဒေါက်တိုင်များနှင့် ပိုင်ဆိုင်မှုများကို လက်နက်စွဲကိုင် တော်လှန်ကြရန် တောင်းဆို ခဲ့သည်။[၆၈] စစ်တပ်သည် တော်လှန်ရေးကိုချေမှုန်းရန် ကြိုးပမ်းရာတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို နေ့စဉ်ရက်ဆက် ကျူးလွန်ခဲ့သည်။ ယခင်ကာလများတွင် ကျူးလွန်ခဲ့သည့်အတိုင်း မြေပြင်စစ်ဆင်ရေးနှင့် လေကြောင်း တိုက်ခိုက်မှုများမှတဆင့် အစုလိုက်အပြုံလိုက်သတ်ဖြတ် မှု၊ မုဒိမ်းမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ဖမ်းဆီး ထိန်းသိမ်းမှု၊ မီးရှို့မှု တို့ပါဝင်သည့် အရပ်သားများကို အကြမ်းဖက်သတ်ဖြတ်ပြီး စစ်တပ်သည် ၎င်း၏ စစ်ရေးနှင့် နိုင်ငံရေးရည်မှန်းချက်များ ကို မြှင့်တင်ရန် ကြိုးပမ်းနေသည်။[၆၉] ကျေးရွာများကို ဗုံးခွဲမီးရှို့ ဖျက်ဆီးခဲ့ပြီး လူနေအိမ် (၇၅,၀၀၀) ခန့် ပျက်စီးခဲ့သည်။[၇၀] စစ်အုပ်စု၏ မဟာဗျူဟာတွင် ၂၀၂၃ ခုနှစ် မိုခါဆိုင်ကလုန်း မုန်တိုင်းအလွန်ကာလ အပါအဝင် ဒေသတစ်ခုလုံးအတွက်

---

[၆၄] ၂၀၂၃ ခုနှစ်၊ မတ်လထုတ် Progressive Voice နှင့် အခြားအဖွဲ့များ၏ "အကြမ်းမဖက် အာဏာဖီဆန်ရေး (CDM) လှုပ်ရှားမှု - မြန်မာ့နွေဦးတော်လှန်ရေး နှင့် စစ်တပ်၏ မအောင်မြင်သော အာဏာသိမ်းမှုနောက်ကွယ်မှ အင်အားစု" ကို ကြည့်ရှုပါ။ https://progressivevoicemyanmar.org/2023/05/25/civil-disobedience-movement-a-foundation-of-myanmars-spring-revolution-and-force-behind-militarys-failed-coup/.

[၆၅] ၂၀၂၂ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ထုတ် Fortify Rights ၏ "မည်သည့်နေရာမှ မလုံခြုံဘူး - အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာစစ်အစိုးရ၏ လူသားမျိုး နွယ်အပေါ် ရာဇဝတ်မှုများ" ကို ကြည့်ရှုပါ။ https://www.fortifyrights.org/mya-inv-rep-2022-03-24/.

[၆၆] ၂၀၂၁ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ထုတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး (၁၄/၂၀၂၁) ၏ ထုတ်ပြန်ကြေညာချက်" ကို ကြည့်ရှုပါ။ https://ncaseao.org/activity-detail/the-statement-of-peace-process-steering-team-ppst-meeting-14-2021.

[၆၇] ၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ထုတ် SAC-M ၏ "SAC-M - စစ်အာဏာသိမ်းမှု ဆန့်ကျင်တော်လှန်ရေးအတွက် တိုင်းရင်းသားများ၏ ထောက်ခံမှုကို ချေမှုန်းရန် မြန်မာစစ်တပ်၏ နိုင်ငံတဝန်းလုံးတွင် ထိုးစစ်ဆင်နေခြင်း" ကို ကြည့်ရှုပါ။ https://specialadvisorycouncil.org/2021/04/sac-m-myanmar-military-waging-nationwide-offensives-to-crush-ethnic-support-for-anti-coup-resistance/.

[၆၈] ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ထုတ် Al Jazeera ၏ နောက်ကွယ်ပ အယောင်ပြ မြန်မာအစိုးရက စစ်တပ်အား ဆန့်ကျင်မည့် ပုန်ကန်ထကြွမှုကို တောင်းဆိုနေခြင်း" ကို ကြည့်ရှုပါ။ https://www.aljazeera.com/news/2021/9/7/myanmar-shadow-government-launches-peoples-defensive-war.

[၆၉] ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့ထုတ် SAC-M ၏ "အနှစ်ချုပ်စာတမ်း - မြန်မာစစ်တပ်သည် ဥပဒေအရ အကြမ်းဖက်အဖွဲ့ဖြစ်သည်" ကို ကြည့်ရှုပါ။ https://specialadvisorycouncil.org/2021/12/briefing-paper-the-myanmar-military-is-a-terrorist-organisation-under-law/.

အစားအစာ၊ ဆေးဝါး၊ အမိုးအကာနှင့် အခြားအခြေခံ လူ့အသုံးအဆောင်ပစ္စည်း လိုအပ်ချက်များကို စနစ်တကျ ဖြတ်တောက် ခြင်းလည်း ပါဝင်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (ယခုအခါ တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ (EROs) ဟု ခေါ်တွင်သည်) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs) ပူးပေါင်းပြီး အသစ် ဖွဲ့စည်းထားသော “ကာကွယ်ရေး တပ်ဖွဲ့များ”သည် စစ်တပ်အား လက်နက်စွဲကိုင် တော်လှန် နေကြပါသည်။ ပြည်သူ့ကာကွယ်ရေးတပ်အများစုသည် NUG က ဖွဲ့စည်းပေးထားခြင်းဖြစ်သည်၊ သို့မဟုတ် ရင်းနှီးသော ဆက်ဆံရေးရှိကြပါသည်။ အခြား “ပြည်တွင်းကာကွယ်ရေး တပ်ဖွဲ့များ”သည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ သို့မဟုတ် အခြား တိုင်းရင်းသားလူမျိုးများနှင့်လည်း ဆက်နွယ်မှုရှိကြပါသည်။ NUG သည် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ CNF နှင့် မြန်မာ နိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးတို့နှင့် အတူ ဗဟိုစစ်ရေးကွပ်ကဲမှုနှင့် ညှိနှိုင်းရေးကော်မတီတစ်ခု ဖွဲ့စည်းထားပြီး KNU နှင့်လည်း ပူးတွဲစစ်ရေးညှိနှိုင်းမှု အဖွဲ့ တစ်ခုကို တည်ထောင်ဖွဲ့စည်းခဲ့သည်။[၅၁] အခြားတိုင်းရင်းသား တော်လှန်ရေး အဖွဲ့သုံးခု သို့မဟုတ် လေးခုသည်လည်း NUG နှင့် ပိုမိုလျှို့ဝှက်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ စစ်တပ်၏ အာဏာရရန် ကြိုးပမ်းအားထုတ်မှုကို ဆန့်ကျင် သည့် နောက်ထပ်အဖွဲ့အစည်းများမှာ တစ်ဒါဇင်အထိ ရှိနေ ပါသေးသည်။ အဆိုပါအဖွဲ့များအကြား ပဋိပက္ခများ ရှိနေကြ သော်လည်း အချိန်ကြာလာသည်နှင့်အမျှ ပူးပေါင်း ဆောင်ရွက် လာကြပြီး စစ်တပ်၏ တပ်ရင်းတပ်ဖွဲ့များကို အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ရာတွင် ERO အဖွဲ့အစည်းများနှင့် PDF တပ်ဖွဲ့များ သို့မဟုတ် တစ်ဖွဲ့ထက်ပိုပြီး တိုက်ရိုက်ပူးပေါင်း ဆောင်ရွက် ကြသည်။[၅၂]

တော်လှန်ရေး၏ နိုင်ငံရေးကဏ္ဍကို ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်သစ်အဖြစ် ဖွဲ့စည်းထူထောင်ရန် ရည်ရွယ်ထား သောကြောင့် လှုပ်ရှားဆောင်ရွက်ချက်များအား လမ်းညွှန်မှု ပြုနိုင်ရန်အတွက် ကြားကာလ အုပ်ချုပ်ရေး ပေါင်းစည်း တည်ဆောက်ရာ၌ ပါဝင်ကြသည့် မတူကွဲပြားသော လူတန်းစားအသီးသီးတို့မှာ ရွေးကောက်ခံ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် သပိတ်မှောက် အရပ်ဘက် ဝန်ထမ်းများတို့ ဖြစ်ကြပြီး မဟာမိတ်အဖွဲ့တစ်ခုကို ထူထောင် ထားကြပါသည်။[၅၃] ဤမဟာမိတ်အဖွဲ့တွင် NUG သည် အခရာ ကျပြီး ပိုမိုလှုပ်ရှားပါဝင် ဆောင်ရွက်သည့် ကိုယ်စားလှယ်အဖွဲ့ မှာ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ဖြစ်သည်။[၅၄] NUCC သည် ဖက်ဒရယ်ဒီမိုကရေစီအစိုးရ အတွက် ပိုမိုကြီးမားသော မျှော်မှန်းချက်တစ်ရပ်ကို ချမှတ် ထားသည်။ နောက်ဆုံးအနေဖြင့် တော်လှန်ရေးအတွက် လမ်းပြမြေပုံကို ပံ့ပိုးပေးပြီး “လွတ်လပ်မှု၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုကို အာမခံပြီး ငြိမ်းချမ်းသော ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု” တစ်ခုဖြစ်လာမည့် အနာဂတ် မြန်မာပြည်အတွက် အခြေခံအုတ်မြစ် ချမှတ်ရန်အတွက် “ဖယ်ဒရယ် ဒီမိုကရေစီပဋိညာဉ် (FDC)” ကို ချမှတ်ပြီး ဖြစ်ပါသည်။[၅၅] NUCC သည် ရှုပ်ထွေးလှစွာသော စိန်ခေါ်မှု များစွာကို ရင်ဆိုင်နေရသော်လည်း မြန်မာ့သမိုင်းတွင် အားလုံး ပါဝင်နိုင်ဆုံးသော နိုင်ငံရေးအဖွဲ့အစည်း ဖြစ်ပြီး NUG သည်

[၅၀] ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ထုတ် OCHA ၏ “မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ အမှတ် - ၃၂” ကို ကြည့်ရှုပါ။ https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-32-8-september-2023.

[၅၁] ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ငြိမ်းချမ်းရေးအင်စတီကျု (United States Institute of Peace) မှ ထုတ် ဝေသော ရဲမျိုးဟိန်း၏ “မြန်မာနိုင်ငံရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအား နားလည်သဘောပေါက်ခြင်း” ကို ကြည့်ရှုပါ။ https://www.usip.org/publications/2022/11/understanding-peoples-defense-forces-myanmar.

[၅၂] ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဧရာဝတီသတင်းဌာနမှ ထုတ်ဝေသော နေ့သစ်၏ “ဇူလိုင်လတွင် တော်လှန်ရေးတပ်ဖွဲ့က မြေပြင်စိုးမိုးလာနေတာ ကြောင့် မြန်မာစစ်အစိုးရက စစ်ရာဇဝတ်မှုများ ပိုမိုကျူးလွန်လာခြင်း” ကိုဖတ်ရှုပါ။ https://www.irrawaddy.com/opinion/analysis/myanmar-junta-escalates-war-crimes-as-resistance-gains-ground-in-july.html.

[၅၃] ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ငြိမ်းချမ်းရေးအင်စတီကျု (USIP) က ထုတ်ဝေသော ဝွမ်မော်၊ ရီမွန်နှင့် မင်းကိုနိုင်တို့၏ “ယူကရိန်းလိုပဲ မြန်မာနိုင်ငံဟာ နိုင်ငံတကာ အကူအညီတွေ လိုနေပါတယ်” ကိုဖတ်ရှုပါ။ https://www.usip.org/publications/2023/06/ukraine-myanmar-deserves-international-aid.

[၅၄] အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီကို ဖတ်ရှုပါ။ https://nucc-federal.org/.

အားလုံးပါဝင်နိုင်သည့် အစိုးရဖြစ်ပါသည်။

## **လက်တွေ့အရ(de facto) အစိုးရဖြစ်မှု အခြေအနေ**

မြန်မာနိုင်ငံနယ်မြေများအား ထိန်းချုပ်ထားသည့်အဖွဲ့များကို ယေဘုယျအားဖြင့် သုံးမျိုးသုံးစားခွဲခြား နိုင်သည်။ ယင်းတို့မှာ စစ်တပ်နှင့် ၎င်း၏လက်အောက်ခံ ပြည်သူ့စစ်နယ်မြေ၊ NUG ၏ မဟာမိတ် တော်လှန်ရေးတပ်ဖွဲ့များနယ်မြေ နှင့် ရက္ခိုင့်တပ်တော် (AA) သို့မဟုတ် ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) ကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်မှု ပိုအားကောင်းသောနယ်မြေ တို့ဖြစ်ကြသည်။ နယ်မြေထိန်းချုပ်မှုသည် နိုင်ငံတကာဥပဒေတွင်သတ်မှတ် ထားသည့်အတိုင်း “ထိရောက်စွာ အုပ်ချုပ်နိုင်မှု” ၏ တစိတ်တပိုင်း ဖြစ်သည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် ထိရောက်စွာ အုပ်ချုပ်နိုင်မှုဆိုသည်မှာ အဖွဲ့အစည်းတစ်ခု သည် ဥပဒေနှင့် လိုက်လျောညီထွေမှုမရှိပါက အမှန်တကယ်အစိုးရ ဟုတ် မဟုတ် ဆိုသည့်အပေါ် မူတည်၍ “တည်ဆဲအစိုးရ” သို့မဟုတ် “လက်ရှိအာဏာရအဖွဲ့အစည်း” အဆင့်သာ ရှိသည်ဟု ယူဆနိုင်သည့် အခြေအနေကို ဆိုလိုပါသည်။ ပြည်သူလူထု၏ လက်ခံမှု၊ အစိုးရ၏လုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲနိုင်စွမ်းနှင့် အတိုင်းအတာတစ်ခုအထိ ခိုင်မာတည်မြဲမှုတို့သည် ပိုင်နက်နယ်မြေထိန်းချုပ်ရန် အပြင်နိုင်ငံတော်ကို ထိရောက်စွာ အုပ်ချုပ်နိုင်သည့်အဖွဲ့အစည်းတစ်ခုအတွက် လိုအပ်ချက်များပင် ဖြစ်ပါသည်။[၅၆]

အာဏာသိမ်းရန်ကြိုးပမ်းခဲ့သည့် နှစ်နှစ်ခွဲကျော်ကာလ အတွင်းလက်နက်ကိုင် ခုခံတော်လှန်ရေးများသည် အကျိုးသက်ရောက်မှုရှိခဲ့ပြီး စစ်တပ်သည် မြန်မာ့နယ်မြေအများစုကို ထိန်းချုပ်နိုင်ခြင်း မရှိတော့ပေ။[၅၇] ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် နေပြည်တော်မြို့တော်နှင့် အနီးတဝိုက်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၏ အဓိက စီးပွားရေးအချက်အချာကျသော နေရာများအပါအဝင် နိုင်ငံအနှံ့အပြားရှိ စစ်အုပ်စု၏ ဒေါက်တိုင်များကို နေ့စဉ်ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြသည်။[၅၈] ၂၀၂၃ ခုနှစ် ဩဂုတ်လကုန်တွင် စစ်အုပ်စုသည် ပဋိပက္ခဖြစ်ပွားရာ အဓိကဒေသများတွင် ထိုးစစ်ဆင်မှုအနေအထားမှ ခံစစ်အနေအထားသို့ ပြောင်းလဲနေကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။[၅၉] စစ်အုပ်စု၏တပ်ဖွဲ့များသည် မြန်မာနိုင်ငံအောက်ပိုင်းဒေသနှင့် အဓိက ကျသော မြို့ရွာအချို့အပါအဝင် နိုင်ငံတဝှမ်းတွင် လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ခြင်း မရှိတော့ပေ။[၆၀] အကျိုးရလဒ်အနေဖြင့် စစ်အုပ်စုသည် ၎င်း၏

[၅၅] ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထုတ် NUCC ၏ “ဖယ်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း ၁ - ၂၀၂၁ ခုနှစ် ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ ကြေညာချက်”၊ စာ - ၉ တွင် ကြည့်ရှုပါ။ https://nucc-federal.org/wp-content/uploads/2022/06/FDC-Part-1-En-01042022.pdf.

[၅၆] ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော H. Lauterpacht ၏ အစိုးရများကို အသိအမှတ်ပြုခြင်း၊ ကိုလံဘီယာဥပဒေ ပြန်လည်သုံးသပ်ခြင်း။ (စာ - ၈၂၅ - ၈၃၀)၊ အကြိမ်ရေ - ၄၅၊ အမှတ် - ၆။ JSTOR တွင် အစိုးရများကို အသိအမှတ်ပြုခြင်း - ၁ တွင် ရယူနိုင်ပါသည်။ ထို့ပြင် Tinoco ၏ အနုညာတဆိုင်ရာ တရားစွဲဆိုခြင်း (ဗြိတိန်နှင့် ကော်စတာရီကာ)၊ UN Rep. အပြည်ပြည်ဆိုင်ရာ အနုညာတဆုများ ၃၆၉၊ ၁၉၂၃ ခုနှစ်တွင်လည်း ကြည့်ရှုပါ။ https://www.jstor.org/stable/1117910.

[၅၇] ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ထုတ် SAC-M ၏ “မြန်မာနိုင်ငံရှိ ထိရောက်စွာ ထိန်းချုပ်မှု”၊ https://specialadvisorycouncil.org/2022/09/briefing-effective-control-myanmar/ နှင့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့၊ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၏ ညီလာခံစာတမ်း “ဥပဒေချိုးဖောက်မှုနှင့် တရားမဝင်မှု - မြန်မာစစ်တပ်၏ တောင်းဆိုချက်ကို မြန်မာအစိုးရနှင့် နိုင်ငံတကာ တုံ့ပြန်မှုအဖြစ် စစ်ဆေးသုံးသပ်ခြင်း”၊ UN Doc. A/HRC/၅၂/CRP.၂. တို့တွင် ကြည့်ရှုပါ။ https://www.ohchr.org/sites/default/files/documents/countries/mm/2023-01-27/crp-sr-myanmar-2023-01-31.pdf.

[၅၈] ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဧရာဝတီသတင်းဌာနမှ ထုတ်ဝေသော နေ့သစ်၏ “ဇူလိုင်လတွင် တော်လှန်ရေးတပ်ဖွဲ့က မြေပြင်စိုးမိုးလာနေတာကြောင့် မြန်မာစစ်အစိုးရက စစ်ရာဇဝတ်မှုများ ပိုမိုကျူးလွန်လာခြင်း” ကိုဖတ်ရှုပါ။ https://www.irrawaddy.com/opinion/analysis/myanmar-junta-escalates-war-crimes-as-resistance-gains-ground-in-july.html.

[၅၉] ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဧရာဝတီသတင်းဌာနမှ ထုတ်ဝေသော နေ့သစ်၏ “ဇူလိုင်လတွင် တော်လှန်ရေးတပ်ဖွဲ့က မြေပြင်စိုးမိုးလာနေတာကြောင့် မြန်မာစစ်အစိုးရက စစ်ရာဇဝတ်မှုများ ပိုမိုကျူးလွန်လာခြင်း” ကိုဖတ်ရှုပါ။ https://www.irrawaddy.com/opinion/analysis/myanmar-junta-goes-on-the-defensive-in-august-resistance-gains-ground.html.

[၆၀] ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် Free Burma Rangers ၏ “အခြေအနေပြ မြေပုံများ- တိုင်းပြည်အတွင်း ထိန်းချုပ်ရန် ရုန်းကန်လှုပ်ရှားနေရသောကြောင့် မြန်မာစစ်တပ်၏ တာဝန်ရှိသူများ အားနည်းလာခြင်း” ကို ဖတ်ရှုပါ။ https://www.freeburmarangers.org/2023/04/24/situation-maps-the-burma-armys-authority-deteriorates-as-it-struggles-to-maintain-control-within-the-country/.

လေကြောင်းတိုက်ခိုက်မှုများကိုအကြီးအကျယ် အရှိန်မြှင့် လုပ်ဆောင်ခဲ့သည်။[၆၁]ပြည်သူလူထုကလည်း ရေရှည်ခိုင်မာ ကျယ်ပြန့်ပြီး ငြိမ်းငြိမ်းချမ်းချမ်းဖြင့်တစ်မျိုး၊ လက်နက်စွဲကိုင်၍တစ်ဖုံ ဆက်လက်တော်လှန် တိုက်ပွဲဝင်၍ စစ်အုပ်စုအား ပြတ်သားစွာ တွန်းလှန်နေကြပါသည်။ နိုင်ငံ့အာဏာကို တရားမဝင်သိမ်းယူထားသည့် မည်သည့်လုပ်ရပ်အတွက်မဆို အောင်မြင်မှုရရှိရန် အနည်းဆုံးလိုအပ်ချက်မှာ အင်အားသုံး၍ ဖြစ်စေ ပြည်သူလူထုက နောက်ဆုံးတွင် နာခံလာရေးပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် အာဏာသိမ်းပြီး နှစ်နှစ်ခွဲ ကျော်လာသည့်တိုင် ယင်းအခြေ အနေမျိုး ဖြစ်မလာခဲ့ပေ။ အကြမ်းမဖက် အာဏာဖီဆန်ရေးနှင့် သပိတ်မှောက်မှုများ၏ အကျိုးသက်ရောက်မှုများ ကြောင့် ဗဟိုအစိုးရယန္တရားအား အင်အားသုံးထိန်းချုပ်ရန် စစ်အုပ်စုက ကြိုးပမ်းလုပ်ဆောင်ရာတွင် ၎င်းတို့အနေဖြင့် အုပ်ချုပ်နိုင်စွမ်းမရှိတော့ဘဲ ဗဟိုအစိုးရ၏ အုပ်ချုပ်ရေးယန္တရားတစ်ခုလုံး ပြိုလဲလုနီးပါး ဖြစ်ခဲ့ရသည်။[၆၂] မြန်မာ့စီးပွားရေးသည်လည်း ပြိုလဲပျက်စီးနေပြီ ဖြစ်သည်။ အကျဉ်းချုပ်ဆိုရသော် စစ်အုပ်စုသည် မြန်မာနိုင်ငံကို ထိထိရောက်ရောက် အုပ်ချုပ်နိုင်ရေးအတွက် ဥပဒေသတ်မှတ်ချက်များနှင့် လည်း ဆီလျော်မှုမရှိပေ။ အကဲဖြတ်ချက်ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် SAC-M မှ အသေးစိတ် အစီရင်ခံခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က ထုတ်ဖော်ပြောကြားခဲ့ပါသည်။ စစ်အုပ်စုသည် တရားဝင်အစိုးရမဟုတ်သကဲ့သို့ အာဏာရအစိုးရလည်း မဟုတ်သောကြောင့် ၎င်းအား တည်ဆဲအစိုးရတစ်ရပ် သို့မဟုတ် ယင်းကဲ့သို့ အာဏာရအဖွဲ့အစည်းတစ်ခုဟု မယူဆနိုင်ပေ။

NUG ၏ မဟာမိတ်ဖြစ်ပြီး အာဏာသိမ်းမှုမတိုင်မီကတည်းက ဖွဲ့စည်းထား၍ သမာသမတ်ကျသော ERO အဖွဲ့များက ထိန်းချုပ်ထားသည့် တိုင်းရင်းသားပြည်နယ်များရှိ နယ်မြေများသည် ကျယ်ပြန့်လာနေသည်။ PDF တပ်ဖွဲ့များနှင့် ပြည်တွင်းကာကွယ်ရေးတပ်ဖွဲ့များသည် မြန်မာနိုင်ငံ၏ အနောက်ဘက်၊ အနောက်မြောက်ဘက်၊ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်ရှိ နယ်မြေများအပြင် ယခင်ကာလတုန်းက စစ်ရေးပဋိပက္ခများမရှိခဲ့သော ဗမာပြည်၏ အဓိကကျသော နေရာတွင် တည်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင်လည်း နယ်မြေထိန်းချုပ်လာနေကြသည်။[၆၃] ဤနယ်မြေများရှိ ဒေသန္တရအစိုးရများ၏ လုပ်ငန်းတာဝန်များကို ဆယ်စုနှစ်များစွာ ရပ်တည်လာခဲ့သည့် ERO အဖွဲ့များ၏ ပိုမိုကြီးထွားလာနေသည့် အုပ်ချုပ်ရေးဌာနများနှင့် ERO ခြေချနိုင်မှု အနည်းငယ်သာရှိခဲ့သော သို့မဟုတ် လုံးဝမရှိခဲ့ဖူးသော နယ်မြေများတွင် အသစ်ဖွဲ့စည်းထားသည့် ကိုယ်ထူကိုယ်ထ ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့များက NUG နှင့် ERO အဖွဲ့များဖြင့် တိုက်ရိုက်ပူးပေါင်း၍ဖြစ်စေ၊ သီးခြားလွတ်လပ်စွာဖြစ်စေ ဆောင်ရွက်နေကြပါသည်။ ဤကဲ့သို့ ဖွဲ့စည်းတည်ဆောက်ခြင်းများသည် မြန်မာနိုင်ငံတွင် အာဏာသိမ်းပြီးချိန်မှစတင်၍ ပြည်သူများအတွက် ပင်မအသက်သွေးကြော ဖြစ်လာသည်။ ၎င်းတို့သည် စစ်တပ်၏ထိန်းချုပ်မှုအောက်မှ လွတ်ကင်းပြီး မြန်မာပြည်သူများ၏ မတူကွဲပြားမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကို ထင်ဟပ်စေသည့် ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံတည်ဆောက်ရန် အခြေခံအကျဆုံး နိုင်ငံရေးစီမံချက်၏ သရုပ်သဏ္ဍာန်လည်းဖြစ်သည်။ ဤဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ကွန်ရက်သည် တိုင်းပြည်ကို ထိရောက်စွာ အုပ်ချုပ်နိုင်ရေးအတွက် တရားဝင်စံချိန်စံနှုန်းများဖြင့် ပြည့်မီခြင်း မရှိသေး သော်လည်း အဆိုပါအဖွဲ့အစည်းများနှင့် စနစ်များသည် ပိုမိုပုံစံတကျဖြစ်လာပြီး ယနေ့ မြန်မာနိုင်ငံ၏ ခိုင်မာသောအဖွဲ့တစ်ခု ဖြစ်လာနေပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံ၏အစိုးရတစ်ရပ် (သို့မဟုတ်) လက်တွေ့အရ အစိုးရဖြစ်သော အာဏာပိုင်တစ်ခုတည်း ဟူ၍မရှိဘဲ၊ တစ်ခုထက်မက၊ အများအပြား ရှိနေပါသည်။

[၆၁] ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် The New York Times မှထုတ်ဝေသော Willis, H. နှင့် Cai, W. တို့၏ “ကိုယ့်ပြည်သူတွေကို ဖုံးခွဲတဲ့နိုင်ငံ” ကို ဖတ်ရှုပါ။ https://www.nytimes.com/interactive/2023/07/31/world/asia/myanmar-military.html.

[၆၂] ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ထုတ် SAC-M ၏ “မြန်မာနိုင်ငံရှိ ထိရောက်စွာ ထိန်းချုပ်မှု” ကို ဖတ်ရှုပါ။

[၆၃] ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဧရာဝတီသတင်းဌာနမှ ထုတ်ဝေသော နေ့သစ်၏ “ဇူလိုင်လတွင် တော်လှန်ရေးတပ်ဖွဲ့က မြေပြင်စိုးမိုးလာနေ တာကြောင့် မြန်မာစစ်အစိုးရက စစ်ရာဇဝတ်မှုများ ပိုမိုကျူးလွန်လာခြင်း” ကို ကြည့်ပါ။

**စစ်အုပ်စုသည် တရားဝင် အဖွဲ့တစ်ရပ် (သို့မဟုတ်) တရားဥပဒေ အရ အသိအမှတ်ပြုထိုက်သည့် အာဏာရ အစိုးရတစ်ရပ်လည်း မဟုတ်သလို၊ ၎င်းတို့ကို ပြည်သူများကလက်ခံထားသည့် တည်ဆဲအစိုးရတစ်ရပ် (သို့မဟုတ်) ထိုကဲ့သို့သော အာဏာပိုင် တစ်ရပ် လည်း မဟုတ်ပေ။**



Image: Twitter



Image: APHR

# ၃။ အာဏာသိမ်းပြီးနောက်ပိုင်း ကုလသမဂ္ဂ တုံ့ပြန်ဆောင်ရွက်မှု

## ၃.၁။ ကမ္ဘာ့ကုလသမဂ္ဂစနစ်

**လုံခြုံရေးကောင်စီ**

လုံခြုံရေးကောင်စီသည် စစ်တပ်က နိုင်ငံတော် အရေးပေါ်အခြေအနေ ကြေညာခြင်းနှင့် သမ္မတဦးဝင်းမြင့်၊ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ အပါအဝင် အခြားသော အစိုးရအဖွဲ့ဝင်များကို မတရားဖမ်းဆီးခြင်းအတွက် အလွန်စိုးရိမ်ကြောင်း ဖော်ပြထားသည့် သတင်းထုတ်ပြန်ချက်အား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၄) ရက်တွင် ထုတ်ပြန်၍ အာဏာသိမ်းရန် ကြိုးပမ်းမှုကို တုံ့ပြန်ခဲ့သည့် ကုလသမဂ္ဂအဖွဲ့ဝင် အစိုးရအချင်းချင်းကြား စုဖွဲ့မှုများထဲမှ ပထမဆုံးအဖွဲ့ ဖြစ်သည်။[၆၄] “စစ်တပ်”၊ “သမ္မတ” နှင့် “နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်” စသည့် အသုံးအနှုန်းတို့ကို အသုံးပြုခြင်းသည် လုံခြုံရေးကောင်စီ အနေဖြင့် စစ်အုပ်စုအား တည်ဆဲအစိုးရ သို့မဟုတ် အာဏာရအစိုးရအဖြစ် အသိအမှတ်မပြုကြောင်း ရှင်းလင်းစွာ ဖော်ပြနေသည်။ ၂၀၂၁ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့တွင် လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်တွင် နိုင်ငံတော် သမ္မတနှင့် အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် အစိုးရအဖွဲ့ဝင်များအား မတရား ဖမ်းဆီးထိန်းသိမ်းခြင်း နှင့်ပတ်သက်၍ စိုးရိမ်ကြောင်း ထပ်လောင်းဖော်ပြခဲ့သည်။[၆၅]

---

[၆၄] ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ထုတ် ကုလသမဂ္ဂ၊ “မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီ၏ သတင်းထုတ်ပြန်ချက်”၊ UN Doc. SC/၁၄၄၃၀ ကို ဖတ်ရှုပါ။ https://press.un.org/en/2021/sc14430.doc.htm.

[၆၅] ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ထုတ် ကုလသမဂ္ဂ၊ “နိုင်ငံတော်သမ္မတရုံး ကြေညာချက်ထုတ်ပြန်ခြင်း - မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ လွန်စွာစိုးရိမ်ပူပန်မိကြောင်း လုံခြုံရေးကောင်စီက ဖော်ပြခြင်း”၊ UN Doc. SC/၁၄၄၆၂ ကို ဖတ်ရှုပါ။ https://press.un.org/en/2021/sc14462.doc.htm.

ထို့နောက် (၂) နှစ်နီးပါးအကြာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် သမိုင်းဝင်ဆုံးဖြတ်ချက်တစ်ခုဖြစ်သော လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် (၂၆၆၉) အား နောက်ဆုံးအတည်ပြုခဲ့သည်။[၆၆] ဤကဲ့သို့ဆုံးဖြတ်ချက်ချခြင်းသည် မကြုံစဖူး ထူးကဲလှပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်တစ်ရပ်အပေါ် ပထမဦးဆုံးအကြိမ် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး အထူးသဖြင့် ရုရှားနှင့် တရုတ်နိုင်ငံတို့အပါအဝင် အမြဲတမ်းအဖွဲ့ဝင် (၅)နိုင်ငံမှ ဗီတိုအာဏာကို အသုံးမပြုခဲ့ခြင်းဖြစ်သည်။ အဆိုပါဆုံးဖြတ်ချက်သည် သမ္မတဦးဝင်းမြင့်နှင့်နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ကို ဆက်လက် အသိအမှတ် ပြုနေခြင်းဖြစ်ပြီး စစ်အုပ်စု၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုရန် တောင်းဆိုမှုကို အတိအလင်း ထပ်မံပယ်ချခဲ့သည်။ ထို့အပြင် အဆိုပါဆုံးဖြတ်ချက်သည် စစ်တပ်ကို စစ်တပ်အဖြစ်သာ ရည်ညွှန်းဖော်ပြပြီး လုံခြုံရေးကောင်စီအနေဖြင့် စစ်တပ်အရာရှိများ သို့မဟုတ် အခြားမည်သည့် အသုံးအနှုန်းကိုမှ တည်ဆဲအာဏာပိုင်များ၏ ရာထူးအဆင့်အတန်းအဖြစ် အသိအမှတ်ပြု သုံးနှုန်းထားခြင်း မရှိပေ။

ဆုံးဖြတ်ချက်၏ ပထမဆုံး အရေးကြီးသော စာပိုဒ်တွင် "နိုင်ငံတဝှမ်းလုံးရှိ အကြမ်းဖက်မှုများအားလုံးကို ဆောလျင်စွာ ရပ်တန့်ပစ်ရန်တောင်းဆိုထားပြီး ကန့်သတ်ချက်များနှင့် တင်းမာမှုများလျှော့ချရန် တိုက်တွန်း(demand)ထားပါသည်"။[၆၇] လုံခြုံရေးကောင်စီမှ "တိုက်တွန်းထားခြင်း(demand)" သည် နိုင်ငံတကာဥပဒေအရ စည်းနှောင်မှုရှိသည်ဟု ယူဆနိုင်ပါသည်။[၆၈] သို့သော်လည်း အဆိုပါဆုံးဖြတ်ချက် သည် စစ်အုပ်စုအား အကြမ်းဖက်မှုများအတွက် အဓိကတာဝန်ရှိသည်ဟု သတ်မှတ်ဖော်ပြရန် ပျက်ကွက်ခဲ့ပြီး ၎င်း၏ ဥပဒေနှင့်အညီ တောင်းဆိုမှုကို အတည်ပြုဆောင်ရွက်ရန် လုံခြုံရေးကောင်စီက လိုက်နာဆောင်ရွက်ရမည့် မည်သည့်အစီအမံမှ ပါဝင်ခြင်းမရှိပေ။ ဆုံးဖြတ်ချက်၏ နဝမမြောက် အရေးကြီးသော စာပိုဒ်တွင် လုံခြုံရေးကောင်စီသည် "အပြည့်အဝ ဘေးကင်းလုံခြုံပြီး အတားအဆီးမရှိ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီဝင်ရောက်နိုင်ရေးအတွက် လိုအပ်ချက်များကို ထပ်လောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၌ အကူအညီလိုအပ်နေသော လူသားအားလုံးအတွက် လူသားချင်းစာနာမှု ဆိုင်ရာ အကူအညီများတိုးမြှင့်ပေးရန် လိုအပ်ကြောင်းနှင့်၊ လူသားချင်းစာနာမှုနှင့်ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအား အပြည့်အဝ ကာကွယ်ပေးရန်၊ လုံခြုံမှုရှိစေရန်နှင့် လုံခြုံရေးပံ့ပိုးစေရန်အတွက် လိုအပ်ချက်များကို မီးမောင်းထိုးပြထားပါသည်။"[၆၉] သို့သော် ဆုံးဖြတ်ချက်တွင် အဆိုပါကိစ္စရပ်များကို အကောင်အထည်ဖော်နိုင်မည့် တိကျသေချာသော နည်းလမ်းများလည်း ထပ်မံမပါဝင်ပါ။ ဆုံးဖြတ်ချက် အမှတ် (၂၆၆၉) ၏ ကျန်အချက်များမှာ ပဋိပက္ခများ ဖြေရှင်းရာတွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၏ အဓိကကျသော အခန်းကဏ္ဍကို အလေးပေးဆောင်ရွက်နိုင်ရေးနှင့် အဓိက သက်ဆိုင်သည်။

**<u>အထွေထွေညီလာခံ</u>**

အထွေထွေညီလာခံက ၂၀၂၁ ခုနှစ်၊ ဇွန်လ၊ (၁၈) ရက်နေ့တွင် အာဏာသိမ်းမှုကို ရှုတ်ချကြောင်း ဆုံးဖြတ်ချက်တစ်ခုကို အတည်ပြုခဲ့သည်။ ဥပဒေအရ တရားဝင်စည်းနှောင်မှုမရှိသော်လည်း အဆိုပါ ဆုံးဖြတ်ချက်သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ (၁၉၃) နိုင်ငံအနက် (၁၁၉) နိုင်ငံက ထောက်ခံထားသော နိုင်ငံရေးအရ သိသာထင်ရှားသော ဆောင်ရွက်ချက်တစ်ခုဖြစ်သည်။ ရွေးကောက်ခံ

---

[၆၆] ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ထုတ် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ (၂၀၂၂) [မြန်မာ]၊ UN Doc. S/RES/၂၆၆၉ (၂၀၂၂)။ https://undocs.org/Home/Mobile?FinalSymbol=S%2FRES%2F2669(2022)&Language=E&DeviceType=Desktop&LangRequested=False.

[၆၇] လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ (၂၀၂၂) [မြန်မာ]၊ စာပိုဒ်တို(၁)။

[၆၈] "လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၇၆ (၁၉၇၀) ထုတ်ပြန်ထားသော်လည်း နမီးဘီးယား (အနောက်တောင်အာဖရိက) တွင် တောင်အာဖရိက၏ ပြည်နယ်များ ဆက်လက်တည်ရှိနေခြင်း၏ ဥပဒေဆိုင်ရာ အကျိုးဆက်များ"၊ အပြည်ပြည်ဆိုင်ရာတရားရုံး၊ ၁၉၇၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် အကြံပြုသဘောထားကို ကြည့်ရှုပါ။ https://www.icj-cij.org/public/files/case-related/53/053-19710621-ADV-01-00-EN.pdf.

[၆၉] လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ (၂၀၂၂) [မြန်မာ]၊ စာပိုဒ်တို(၉)။

အရပ်သားအစိုးရ အပေါ် စစ်တပ်က အရေးယူဆောင်ရွက်မှုများနှင့် သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ကို မတရားဖမ်းဆီးချုပ်နှောင်မှုအပေါ် စိုးရိမ်ကြောင်း အဆိုပါဆုံးဖြတ်ချက် တွင် ဖော်ပြထားသည်။[၇၀] အဆိုပါဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံအတွင်းသို့ လက်နက်များ ဝင်ရောက်လာမှုကို တားဆီးပေးရန်လည်း နိုင်ငံများကို တောင်းဆိုထားသည်။[၇၁]

ဤဆုံးဖြတ်ချက်ကို အတည်ပြုပြီးနောက် စစ်အုပ်စုက ခန့်အပ်ထားသော ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ်တစ်ဦး၏ ကိုယ်စားလှယ်အဖြစ် ခန့်အပ်ကြောင်း အထောက်အထားများအား လက်မခံဘဲ ငြင်းဆိုထားခြင်းဖြင့် အထွေထွေညီလာခံက စစ်အုပ်စုကို ဆက်လက်ငြင်းပယ်ထားကြောင်း ထပ်ခါ တလဲလဲ ရှင်းလင်းဖော်ပြပြီး ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ကျင်းပသည့် (၇၆) ကြိမ် မြောက် အထွေထွေညီလာခံဖွင့်ပွဲအပြီး ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်စားပြုမှု စိစစ်ရေးကော်မတီ (UN Credentials Committee) က အဖွဲ့ဝင်နိုင်ငံများက ကိုယ်စားလှယ်များ၏ အသိအမှတ်ပြုခန့်အပ်လွှာ များကို လက်ခံချိန်တွင် မြန်မာနိုင်ငံ၏တရားဝင်အစိုးရအဖြစ် NUG အားလက်ခံသော မြန်မာနိုင်ငံ၏ လက်ရှိသံအမတ်ကြီးဦးကျော်မိုးထွန်းကို မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ဆန္ဒမဲ ပေးပိုင်ခွင့်၊ ပြောရေးဆိုခွင့်နှင့် စာရွက်စာတမ်းများ တင်ပြပိုင်ခွင့်တို့နှင့်အတူ ၎င်း၏လက်ရှိရာထူးတာဝန် များကို ဆက်လက်ထမ်းဆောင်ရန် ခွင့်ပြုခဲ့သည်။[၇၂] ကိုယ်စားပြုမှုစိစစ်ရေးကော်မတီသည် စစ်အုပ်စု၏ ကိုယ်စားလှယ်အဖြစ်တင်သွင်းသည့် အထောက်အထားများကို လုံးဝဥဿုံ ပယ်ချခဲ့ပြီး NUG အား ကုလသမဂ္ဂတွင် မြန်မာနိုင်ငံကိုယ်စားပြုရန် အပြည့်အဝ ခွင့်ပြုခဲ့သည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပသည့် (၇၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံအစည်းအဝေး စတင်ပြီးနောက် ကိုယ်စားပြုမှုစိစစ်ရေးကော်မတီသည်လည်း အလားတူ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပြီး သံအမတ်ကြီး ဦးကျော်မိုးထွန်းကို NUG ၏ကိုယ်စား မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် ဆက်လက် တာဝန်ယူစေခဲ့သည်။[၇၃]

မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူမျိုးနှင့် အခြားလူနည်းစုများ၏အခြေအနေပေါ်မူတည်၍ အထွေထွေညီလာခံ၏ နောက်ဆုံး နှစ်ပတ်လည်ဆုံးဖြတ်ချက်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြုခဲ့သည်။ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူမျိုးများနှင့် အခြား လူနည်းစုများအပေါ် နှိပ်စက်ညှဉ်းပန်းမှု အဆုံးသတ်ရန် တောင်းဆိုမှုများ ဆက်တိုက်ပြုလုပ်နေသော်လည်း လုံခြုံရေးကောင်စီ ကဲ့သို့ပင် စစ်အုပ်စုအား တည်ဆဲအာဏာပိုင်အဖြစ် အသိအမှတ်ပြုကြောင်း မည်သည့်ဖော်ပြချက်အသုံးအနှုန်း တစုံတရာမျှ ပါဝင်ခြင်း မရှိခဲ့ပေ။ အဆိုပါဆုံးဖြတ်ချက်တွင် စစ်တပ်အား မြန်မာနိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် စစ်တပ်ဟုသာ ရည်ညွှန်းဖော်ပြပြီး "မြန်မာနိုင်ငံ သို့မဟုတ် သက်ဆိုင်ရာမြန်မာစစ်တပ်"ဟု ရည်ညွှန်းဖော်ပြထားခြင်းသည် မြန်မာနိုင်ငံကို ကိုယ်စားပြုသည်ဟုအသိအမှတ်ပြုခြင်းနှင့် လုံးဝကွဲပြားခြားနားပါသည်။[၇၄] ယင်းဆုံးဖြတ်ချက်သည် NUG ၏ "ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာပြည်သူများဆိုင်ရာ မူဝါဒသဘောထား" တွင် ဖော်ပြထားသည့် ထုတ်ပြန်ကြေငြာချက်များကို အသိအမှတ်ပြုခြင်းဖြင့်

---

[၇၀] ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့ထုတ် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၇၅/၂၈၇ အရ မြန်မာနိုင်ငံ အခြေအနေ၊ UN Doc. A/၇၅/၂၈၇ ကို ကြည့်ရှုပါ။ https://undocs.org/Home/Mobile?FinalSymbol=A%2FRES%2F75%2F287&Language=E&DeviceType=Desktop&LangRequested=False.

[၇၁] ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၇၅/၂၈၇ (၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်)၊ စာပိုဒ်တို(၇)။

[၇၂] ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် Foreign Policy မှ ထုတ်ဝေသော Colum Lynch ၊ Robbie Gramer နှင့် Jack Detsch တို့၏ "အမေရိကန်နှင့် တရုတ်က မြန်မာစစ်အစိုးရကို ကုလသမဂ္ဂမှ ပိတ်ဆို့အရေးယူရန် သဘောတူညီချက်ကို ရယူခဲ့ခြင်း" ကိုဖတ်ရှုပါ။ https://foreignpolicy.com/2021/09/13/myanmar-united-nations-china-biden-general-assembly/.

[၇၃] ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ထုတ် တရားဝင်အထောက်အထားများဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ၊ UN Doc. A/၇၇/၆၀၀ ကိုဖတ်ရှုပါ။ https://undocs.org/Home/Mobile?FinalSymbol=A%2F77%2F600&Language=E&DeviceType=Desktop&LangRequested=False.

[၇၄] ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၇၇/၂၂၇ (၂၀၂၂ ခုနှစ်)၊ စာပိုဒ်တို(၁၄)။

NUG ကို တိုက်ရိုက်အသိအမှတ်ပြုထားသည်။[၇၅] အဆိုပါဆုံးဖြတ်ချက်တွင် အထွေထွေအတွင်းရေးမှူးချုပ်သည် ၎င်း၏ မြန်မာနိုင်ငံဆိုင်ရာ အထူး သံတမန်အား နောက်ထပ်တစ်နှစ်သက်တမ်းတိုးပေးရန်နှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုလုပ်မှုများအတွက် တာဝန်ရှိသူများက တာဝန်ခံမှုရှိ စေရေးအပါအဝင် တိကျ ခိုင်မာသော အကြံပြုချက်များဖြင့် မြန်မာနိုင်ငံအပေါ် လုံခြုံရေးကောင်စီက ဆက်လက်အာရုံစိုက်ဆောင်ရွက်ရန် ဖော်ပြ တောင်းဆိုထားပါသည်။[၇၆]

## လူ့အခွင့်အရေးကောင်စီ

လူ့အခွင့်အရေးကောင်စီသည် အာဏာသိမ်းမှုကို တုံ့ပြန်သည့်အနေဖြင့် အရေးပေါ် အထူးအစည်းအဝေး ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၂) ရက် နေ့တွင် ခေါ်ယူကျင်းပခဲ့သည်။ အစည်းအဝေးအပြီးတွင် စစ်အာဏာသိမ်းမှုကို ပယ်ဖျက်ပေးရန်နှင့် သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဝေမ္မ ဖမ်းဆီးထိန်းသိမ်းခံထားရသူများ အားလုံးကို ပြန်လွှတ်ပေးရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို လူ့အခွင့်အရေးကောင်စီက အတည်ပြုခဲ့သည်။[၇၇]

ထိုအချိန်မှစ၍ လူ့အခွင့်အရေးကောင်စီသည် မြန်မာနိုင်ငံနှင့် ယေဘုယျအားဖြင့် သက်ဆိုင်မှုရှိသော နောက်ထပ်ဆုံးဖြတ်ချက် (၂) ခုကို ချမှတ်ခဲ့ပြီး နောက်ဆုံးတစ်ခုကို ၂၀၂၃ ခုနှစ်၊ မတ်လတွင် အများ သဘောတူညီမှုဖြင့် ချမှတ်ခဲ့ပါသည်။[၇၈] ၎င်းသည် မြန်မာနိုင်ငံ၌ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သော အကြမ်းဖက်မှုများကို ပြစ်တင်ရှုတ်ချပြီး စစ်တပ်သည် ယင်းတို့အားလုံးအတွက် တာဝန်ရှိသည်ဟု ဖော်ပြထားပါသည်။ လုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံကဲ့သို့ပင် စစ်တပ်အား မြန်မာနိုင်ငံတွင် အာဏာရ သို့မဟုတ် တည်ဆဲအာဏာပိုင်များဖြင့် ဖွဲ့စည်းထားကြောင်း မည်သို့မျှညွှန်းဆိုထားခြင်းမရှိဘဲ သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့၏ တရားဝင်မှုအား ဆက်လက် အသိအမှတ်ပြုထားပါသည်။ သို့သော်လည်း မြန်မာနိုင်ငံသို့ လက်နက်တင်ပို့ရောင်းချမှု၊ အရပ်ဘက်နှင့် စစ်ဖက်သုံးပစ္စည်းများနှင့် မဟာဗျူဟာကျသော ကုန်ပစ္စည်းများ တင်ပို့ရောင်းချမှုများကို ရပ်ဆိုင်းရန် နိုင်ငံများကို တောင်းဆိုရာတွင် အားလုံးသဘောတူဆောင်ရွက်ကြရမည် ဖြစ်သော်လည်း မြန်မာနိုင်ငံသို့ လက်နက်များဝင်ရောက်လာခြင်းကို နိုင်ငံများက တားဆီးပေးရန် ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် အထွေထွေညီလာခံ၏ တောင်းဆိုမှုသည် အောင်မြင်မှုမရရှိခဲ့ပေ။ မကြာသေးမီက ချမှတ်ခဲ့သော အထွေထွေ ညီလာခံ၏ ဆုံးဖြတ်ချက်ကဲ့သို့ပင် ၂၀၂၃ ခုနှစ်၊ မတ်လ၌ ချမှတ်ခဲ့သော လူ့အခွင့်အရေး ကောင်စီ၏ ဆုံးဖြတ်ချက်သည် NUG ကို[၇၉] ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ လူမျိုးများအပေါ် မူဝါဒရေးရာ ကိစ္စရပ်တွင် ဖော်ပြထားသည့် ကြေငြာချက်များကို ကြိုဆို ထောက်ခံခြင်းဖြင့်[၈၀] တိုက်ရိုက်ရည်ညွှန်းဖော်ပြပြီး လုံခြုံရေးကောင်စီသည် အထွေထွေအတွင်းရေးမှူးချုပ်အား မြန်မာနိုင်ငံ၏ အခြေအနေအပေါ်တွင် ဆက်လက်အာရုံစိုက်ရန်နှင့် အရေးယူဆောင်ရွက်နိုင်စေရန် တိကျခိုင်မာသော အကြံပြုချက်များဖြင့်

---

[၇၅] ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်၊ UN Doc. A/RES/77/၂၂၇ (၂၀၂၂ ခုနှစ်) ကို ကြည့်ရှုပါ။ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့ထုတ် NUG ၏ “ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအပေါ် မူဝါဒ သဘောထား” ကိုလည်း ဖတ်ရှုပါ။

[၇၆] ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၇၇/၂၂၇ (၂၀၂၂ ခုနှစ်)၊ စာပိုဒ်တို(၂၈)။

[၇၇] ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ထုတ် မြန်မာနိုင်ငံရှိ ပဋိပက္ခများ၏ လူ့အခွင့်အရေးဆိုင်ရာ ဂယက်ရိုက်ခတ်မှု၊ လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် S-၂၉/၁၊ UN Doc. A/HRC/RES/S- ၂၉/၁ ကို ဖတ်ရှုပါ။ https://undocs.org/Home/Mobile?FinalSymbol=A%2FHRC%2FRES%2FS-29%2F1&Language=E&DeviceType=Desktop&LangRequested=False.

[၇၈] ၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ထုတ် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ၊ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၅၂/L.၁၉၊ UN Doc. A/HRC/၅၂/L.၁၉ တွင် ကြည့်ရှုပါ။ https://www.ohchr.org/en/hr-bodies/hrc/regular-sessions/session52/res-dec-stat.

[၇၉] အထွေထွေညီလာခံ၏ အမျိုးသားညီညွတ်ရေးအစိုးရကို ကိုးကားရည်ညွှန်းချက်အမှတ်များအဖြစ် သတ်မှတ်ထားခြင်းသည် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်နှင့် အနည်းငယ်ကွဲလွဲပါသည်။

[၈၀] ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်၊ UN Doc. A/HRC/၅၂/L.၁၉ (၂၀၂၃ ခုနှစ်၊ မတ်လ)၊ နိဒါန်းစာပိုဒ် - ၃၂)။

လိုအပ်သလို ဆက်လက်လုပ်ဆောင်ရန် တောင်းဆိုထားသည်။[၉၁] Rosenthal အစီရင်ခံစာအား ဆက်လက် လိုက်ပါဆောင်ရွက်ရာတွင် ဤဆုံးဖြတ်ချက်သည်အထွေထွေအတွင်းရေးမှူးချုပ်ကိုလည်း "အနာဂတ် တွင် ပိုမိုထိရောက်သောလုပ်ငန်းများကို လုပ်ဆောင်ရန်နှင့် ကုလသမဂ္ဂစနစ်၏ တားဆီးကာကွယ်နိုင်မည့် စွမ်းဆောင်ရည်ကို အားကောင်းစေရန်အတွက် သက်ဆိုင်သည့် အကြံပြုချက်များ" ပေးအပ်ရန် ဖိတ်ခေါ်ခဲ့ပါသည်။[၉၂]

မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူမျိုးများနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးကိစ္စရပ်များနှင့်ပတ်သက်၍ လူ့အခွင့်အရေးကောင်စီ၏ မကြာသေးမီကချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် လည်း အများသဘောတူညီမှုဖြင့်အတည်ပြုခဲ့သည်။ သို့သော် အဆိုပါဆုံးဖြတ်ချက်ပေါ် ကောင်စီအတွင်း သဘောထားကွဲလွဲမှုအချို့ ဖြစ်ပေါ်ခဲ့သည်။ လုပ်ငန်းစဉ်အပိုဒ် (၃၂) က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အဓ္ဓမ ရွှေ့ပြောင်းခံရသူ ရိုဟင်ဂျာလူမျိုးများအားလုံးကို မိမိတို့၏သဘောဆန္ဒအလျောက်ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိရှိနှင့် အမြဲတမ်းနေရပ်ပြန်နိုင်ရေး ဆောလျင်စွာ စတင်ရန် "မြန်မာနိုင်ငံ" ကို တိုက်တွန်းထားသည်။[၉၃] ဤအချက်အလက်ပါဝင်နေခြင်းသည် မြန်မာနိုင်ငံသို့ နေရပ်ပြန်ပို့ရေးအတွက် အထောက်အကူ ဖြစ်စေသောအခြေအနေများ ဖန်တီးရာတွင် တိုးတက်မှုများ မြင်သာထင်သာ မရှိကြောင်း ဖော်ပြနေသော ဆုံးဖြတ်ချက်သည် အစောပိုင်းထုတ်ပြန်ချက်များနှင့် ကွဲလွဲနေပါသည်။[၉၄] ဥရောပသမဂ္ဂ၊ UK နှင့် အမေရိကန်တို့မှ ကိုယ်စားလှယ်များက အဆိုပါဆုံးဖြတ်ချက်ကို အတည်ပြုချမှတ်စဉ်အတွင်း နေရပ် ပြန်ပို့ရေးကို ချက်ခြင်းလက်ငင်းစတင်ဆောင်ရွက်ခြင်းအား အထောက်အကူပေးနိုင်သည့် အခြေအနေများ မရှိသေးသည့်အတွက် ကန့်ကွက်ထားသော်လည်း ပြဿနာရပ်များအား ဖြေရှင်းရန် လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်အားလုံးအကြား အပြုသဘောဆောင်သော ကြိုးပမ်းမှုများတွင် ၎င်းတို့အားလုံး သဘောတူညီကြောင်းအတည်ပြုခြင်းဖြင့် ၎င်းတို့မဲဆန္ဒပေးခဲ့ရသည့် အကြောင်းခြင်းရာကို ရှင်းလင်း ပြောကြားခဲ့ပါသည်။[၉၅]

## အပြောသက်သက်၊ လက်တွေ့မပါ

၂၀၁၀ မှ ၂၀၁၈ ခုနှစ်အထိ မြန်မာနိုင်ငံအပေါ် ပိုမိုပြင်းထန်သော အရေးယူဆောင်ရွက်မှုများအတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအချင်းချင်းကြား ဆွေးနွေးပွဲများမှ ပံ့ပိုးကူညီမှုများ အပြည့်အဝမရရှိခြင်းသည် ကုလသမဂ္ဂအနေဖြင့် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို တားဆီး ကာကွယ်ရန် ပျက်ကွက်ရခြင်း၏ အဓိကအကြောင်းအရင်းများထဲမှ အခြေခံအကျဆုံးဖြစ်သည်ဟု Rosenthal အစီရင်ခံစာတွင် ဖော်ပြထားသည်။ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများကြားတွင်သဘောထားကွဲလွဲခြင်း၊ ဖြစ်ပွားနေသည့် ရက်စက်ကြမ်းကြုတ်မှုကို အသိအမှတ်မပြုခြင်း၊ မြန်မာနိုင်ငံ အစိုးရဘက်နှင့် စစ်ဘက်အာဏာပိုင်တို့၏ ညှိပြင်မှုနည်းအောင် ဆက်ဆံခြင်းနှင့် ကုလသမဂ္ဂ အဖွဲ့ဝင်များက အရေးယူဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုနည်းပါးခြင်း စသည်တို့ အားလုံးသည် အဓိကကျသော အကြောင်းရင်းများ ဖြစ်သည်ဟု အစီရင်ခံစာထဲတွင် ယူဆထားသည်။

---

[၉၁] အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ စာပိုဒ်တို(၅၂)။

[၉၂] အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ စာပိုဒ်တို(၅၁)။

[၉၃] ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့ထုတ် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မူဆလင်များနှင့် အခြားသော လူနည်းစုများ၏ လူ့အခွင့်အရေး အခြေအနေ၊ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၅၃/၂၆၊ UN Doc A/HRC/၅၃/၂၆၊ စာပိုဒ်တို(၃၂) ကို ကြည့်ရှုပါ။ https://undocs.org/Home/Mobile?FinalSymbol=A%2FHRC%2F53%2F26&Language=E&DeviceType=Desktop&LangRequested=False.

[၉၄] ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၅၃/၂၆ (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)၊ နိဒါန်းစာပိုဒ် - ၉။

[၉၅] ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့ထုတ် UN Web TV, A/HRC/53/L.30/Rev.1 Vote Item ၂ - ၃၇ ကြိမ်မြောက် အစည်းအဝေး၊ ၅၃ ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ ပုံမှန်အစည်းအဝေး [ဗီဒီယို] ကို ကြည့်ရှုပါ။ https://media.un.org/en/asset/k1v/k1v0x28suu.

အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီး၌ ထိုအခြေအနေသည် အရေးကြီးသော ပုံစံများဖြင့် တစ်နည်းတစ်ဖုံ ပြောင်းလဲသွားပြီ ဖြစ်သည်။ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် (၅) နိုင်ငံသည် လက်ရှိအချိန်တွင် မြန်မာနိုင်ငံအပေါ် အတိုင်းအတာ တစ်ခုအထိ သဘောထားကွဲလွဲမှု နည်းပါးနေပြီး ယင်းပြဿနာနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် ဆုံးဖြတ်ချက်တစ်ရပ်ကို နောက်ဆုံးတွင် အတည်ပြုနိုင်ခဲ့သည်။ လုံခြုံရေးကောင်စီအတွင်း ထိုသို့ပြောင်းလဲလာသော အခြေအနေသည် အထွေထွေ ညီလာခံနှင့် လူ့အခွင့်အရေး ကောင်စီတို့၏ တဖြေးဖြေး ပိုမိုတင်းမာလာသော သဘောထားများ နှင့်ထပ်တူ ပဋိပက္ခ၏ ဆိုးရွား ပြင်းထန်မှုအား ပိုမိုအသိအမှတ်ပြုမှု ရှိလာခြင်းကို ထင်ဟပ်ဖော်ပြနေခြင်းလည်း ဖြစ်နိုင်သည်။ မည်သည့်အစိုးရများကြား ဆွေးနွေးပွဲများတွင်မဆို စစ်အုပ်စုကို အသိအမှတ်ပြုရန်ဖြစ်စေ ကိုင်တွယ် ဖြေရှင်းရန်ဖြစ်စေ ကြိုးပမ်းအားထုတ်မှုမရှိခဲ့ပေ။ စစ်အုပ်စုသည် တရားဝင် အစိုးရမဟုတ်သကဲ့သို့ တည်ဆဲအာဏာပိုင်များလည်း မဟုတ်ကြောင်း ၎င်းတို့အနေဖြင့် ငြင်းပယ်ထားသည်ဟု ပြတ်ပြတ် သားသား ထုတ်ဖော်ပြောဆိုကြပြီး ၎င်း၏ရပ်တည်မှုနှင့်ပတ်သက်၍ သဘောတူခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မြန်မာနိုင်ငံကိုယ်စားလှယ်က NUG ဖြစ်သည်ဟု ထုတ်ဖော် ပြောကြားစရာမလိုအောင် အသိအမှတ်ပြုလက်ခံထားပြီး မကြာသေးမီက အထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကောင်စီ တို့မှလည်း မြန်မာနိုင်ငံရှိ NUG ၏ နိုင်ငံရေး အခန်းကဏ္ဍကို အပြုသဘောဆောင်၍ အသိအမှတ်ပြုထားသည်။

ယင်းအချက်တို့သည် အပြုသဘောဆောင်သော တိုးတက်မှုများဖြစ်သော်လည်း လုံလောက်မှုမရှိပေ။ အကြမ်းဖက်လုပ်ရပ် အားလုံးကို ချက်ခြင်းရပ်တန့်ပစ်ရန် လုံခြုံရေးကောင်စီက တောင်းဆိုပြီးနောက်တွင် မြန်မာပြည်သူလူထုအပေါ် စစ်အုပ်စု၏ အကြမ်းဖက်မှုသည် ပြင်းထန်မြင့်တက်လာခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလ၊ (၁၁) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဇီကြီး ကျေးရွာ ကျေးရွာအုပ်ချုပ်ရေး ရုံးခန်းဖွင့်ပွဲ အခမ်းအနားအား ဗုံးကြဲတိုက်ခိုက်ခဲ့ရာ  အရပ်သားပြည်သူ (၁၅၇) ဦးထက်မနည်း သေဆုံးခဲ့သောကြောင့် စစ်အုပ်စုသည် စစ်အာဏာသိမ်းပြီးချိန်ကတည်းက အရပ်သားများကို အသေအပျောက်အများဆုံး တိုက်ခိုက်မှုတစ်ခုကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်။[၈၆] ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် IIMM မှ "စုံစမ်းစစ်ဆေးမှု ယန္တရားမှ စုဆောင်း၍ လေ့လာသုံးသပ်ထားသော အချက်အလက်များအရ မြန်မာစစ်တပ်နှင့် ၎င်း၏ လက်အောက်ခံ ပြည်သူ့စစ်များသည် စစ်ရာဇဝတ်မှု များ အရှက်မရှိ မကြာခဏ ပိုမိုကျူးလွန်နေကြောင်း ခိုင်လုံသော အထောက်အထားများကို" ကိုးကား၍ ၎င်း၏ နှစ်ပတ်လည် အစီရင်ခံစာကို ထုတ်ပြန်ခဲ့ သည်။[၈၇] သံအမတ်ကြီး Rosenthal သတ်မှတ်ထားသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အထူးသဖြင့် လုံခြုံရေးကောင်စီ၏ အဆိုးရွားဆုံးသော ပျက်ကွက်မှုမှာ - မြန်မာပြည်သူလူထုကို ကာကွယ်ရန်အတွက် အလွန်လိုအပ်သော အရေးယူဆောင်ရွက်မှုကို စကားဖြင့်ပြောဆိုရုံထက်ပိုမလာဘဲ လုပ်ပိုင်ခွင့်အပ်နှင်းရန် ပျက်ကွက်နေခြင်းဖြစ်သည်။

---

[၈၆] ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့ထုတ် SAC-M ၏ "အာဆီယံ၏ လက်ရှိအက်ဥပဒေ - မြန်မာစစ်အစိုးရ၏ ရက်စက်ယုတ်မာမှုများမှ မြန်မာပြည်သူများကို ကာကွယ်ပါ" ကို ဖတ်ရှုပါ။ https://specialadvisorycouncil.org/2023/04/un-asean-myanmar-junta-atrocities/.

[၈၇] ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ထုတ် IIMM ၏ "သတင်းထုတ်ပြန်ချက်- မြန်မာစစ်တပ် ကျူးလွန်သော စစ်ရာဇဝတ်မှုများက အမြဲဆိုသလို ဖြစ်ပွား နေခြင်း - မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးယန္တရား နှစ်ပတ်လည် အစီရင်ခံစာ" ကို ဖတ်ရှုပါ။ https://iimm.un.org/press-release-war-crimes-by-myanmar-military-are-more-frequent-and-brazen-myanmar-mechanism-annual-report/.

## ၃.၂။ ကုလသမဂ္ဂဌာနေရုံးအဖွဲ့ (UNCT)

### အခြေခံဆက်ဆံရေးများ



Image: The Irrawaddy

အာဏာသိမ်းမှုမတိုင်မီ အစိုးရဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများကို နည်းပညာနှင့် ငွေရေးကြေးရေး အကူအညီ တိုက်ရိုက်ထောက်ပံ့ပေးနေသော အစီအစဉ်များ အပါအဝင် မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးရေး၊ လူသားချင်းစာနာမှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် အခြားလုပ်ဆောင်မှုများစွာတွင် မြန်မာနိုင်ငံရှိ UNCT ထဲတွင်ပါဝင်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းများက ပါဝင်ဆောင်ရွက်နေခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ဖြစ်စဉ်များကြောင့် UNCT ၏ ဤကဲ့သို့ ပါဝင်ဆောင်ရွက်နေမှုအား ပြန်လည်ပြင်ဆင်ရန်လိုအပ်ကြောင်း အသိအမှတ်ပြုခဲ့ပြီး မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအစီအစဉ် အားလုံးကို ပြန်လည်သုံးသပ်ရန် လိုအပ်သည့် "ထိတွေ့ဆက်ဆံမှုဆိုင်ရာ အခြေခံမူများ" ကို ချမှတ်ခဲ့သည်။[၈၈]

အစိုးရအင်စတီကျူးရှင်းများ အားကောင်းလာစေရန်နှင့် မူဝါဒအကြံဉာဏ်များ ပံ့ပိုးပေးရန် ရည်ရွယ်သည့် အစီအစဉ်များကို "ထပ်မံအသိပေးချက် မရသေးမီအချိန်အထိ ခေတ္တရပ်ထားမည်" ဟူသော အခြေခံမူများ ပါဝင်သည်။ စစ်အုပ်စုနှင့် ထိတွေ့ဆက်ဆံခြင်းနှင့်စပ်လျဉ်း၍ အခြေခံမူထဲတွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

> "တည်ဆဲအာဏာပိုင်များမှ အသစ်ခန့်အပ်ထားသော အကြီးတန်းအရာရှိများနှင့် တရားဝင်အစည်းအဝေး များနှင့် အများပြည်သူဆိုင်ရာ ပွဲလမ်းသဘင်များကို ရှောင်ရှားသင့်သည်။ အာဏာပိုင်များနှင့် ဆက်သွယ် ဆောင်ရွက်ရာတွင် ခန့်အပ်တာဝန်ပေးအပ်ခံထားရသူများထံသို့ မဟုတ်ဘဲ အဖွဲ့အစည်းများထံသို့သာ ဆက်သွယ်ဆောင်ရွက်သင့်သည်။ ကုလသမဂ္ဂအား အဆိုပါအစည်းအဝေးများကို တက်ရောက်ရန် ဖိတ်ခေါ်လာပါက သင့်လျော်သော ကိုယ်စားလှယ်များသည် ဌာနေ/ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် တိုင်ပင်ရန်လိုအပ်ပြီး ၎င်းက ထိုကိစ္စအတွက် ကုလသမဂ္ဂဌာနချုပ်နှင့် ထပ်မံဆွေးနွေး တိုင်ပင်ရန် လိုအပ်ခြင်း ရှိမရှိ ဆုံးဖြတ်ပေးလိမ့်မည်။"

ထိတွေ့ဆက်ဆံမှုဆိုင်ရာ အခြေခံမူများ၏ အခြေခံပြဿနာမှာ စစ်အုပ်စုအား "တည်ဆဲအာဏာပိုင်များ" အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ ယင်းအချက်သည် တိကျသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ရှိသော တရားဝင် အသုံးအနှုန်းတစ်ခုဖြစ်ပြီး စစ်အုပ်စုအား ဥပဒေအရ တရားဝင်အစိုးရမဟုတ်ခဲ့လျှင်တောင်မှ လက်တွေ့တွင် UNCT က ၎င်းတို့ကို မြန်မာနိုင်ငံအစိုးရအဖြစ် သတ်မှတ်နေသည်ဟု ဆိုလိုသည်။ အထက်တွင် ရှင်းပြထားသည့်အတိုင်း ဤသတ်မှတ်မှုသည် အမှန်စင်စစ်အားဖြင့် ဥပဒေကြောင်းအရ မှားယွင်းနေသည်။ ၎င်းတို့၏ စစ်အုပ်စုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များတွင် ယင်းအသုံးအနှုန်းအား အသုံးပြုရန်ရှောင်ရှားခဲ့ပြီးဖြစ်သော မြန်မာနိုင်ငံနှင့်ပက်သက်သော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအချင်းချင်းကြား ဆွေးနွေးပွဲများ၏ ဆုံးဖြတ်ချက်များ နှင့်လည်း ကိုက်ညီမှုမရှိပေ။

---

[၈၈] စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ အခြေခံမူများကို ထုတ်ပြန်ခြင်းမရှိသေးပေ။ ယင်းတို့အား ၂၀၂၂ ခုနှစ်၊ အစပိုင်းတွင် ပြင်ဆင်မွမ်းမံခဲ့သည်။

စစ်အုပ်စုသည် မြန်မာနိုင်ငံ၏ တည်ဆဲအစိုးရမဟုတ်ပါ။ နိုင်ငံ၏ တစိတ်တပိုင်းကို ထိန်းချုပ်နိုင်သော စစ်အုပ်စုတစ်ခုမျှသာ ဖြစ်သည်။ မြန်မာနိုင်ငံတွင် တကယ်တမ်း တည်ဆဲအာဏာပိုင်များမှာ အများသူငှာ တရားဝင်အသိအမှတ်ပြုမှုနှင့်အတူ အာဏာ လက်ဝယ်ရှိထားပြီး ပိုမိုကျယ်ပြန့်လာသော နယ်မြေများကို ထိန်းချုပ်လာကာ ဒေသန္တရအုပ်ချုပ်ရေးနှင့် လူမှုရေးဝန်ဆောင်မှု လုပ်ငန်းများကို ရေရှည်တည်မြဲမှု နှင့် ထိရောက်မှုရှိစွာ စီမံအုပ်ချုပ်နေကြသော NUG (ဥပဒေအရအစိုးရ လည်းဖြစ်သည်)၊ ERO များနှင့် အခြားအစုအဖွဲ့များ ဖြစ်ကြသည်။

ထိတွေ့ဆက်ဆံမှုဆိုင်ရာ အခြေခံမူများက စစ်အုပ်စုအား "တည်ဆဲအစိုးရ"အဖြစ် သတ်မှတ်ခြင်းကြောင့် လက်တွေ့အကျိုး သက်ရောက်မှု အနေဖြင့် စစ်အုပ်စု၏စွမ်းဆောင်ရည်ကို ပုံကြီးချဲ့မှုဖြစ်စေကာ စစ်အုပ်စုနှင့် ၎င်း၏အဖွဲ့အစည်းများအား တက်ကြွစွာ တော်လှန်ဖီဆန်ခြင်း၊ စစ်အုပ်စုထိန်းချုပ်ရာ ပြည်နယ်များတွင် ခုခံတော်လှန်ခြင်းနှင့် တော်လှန်ရေးနယ်မြေများတွင် ပြည်သူ့အဖွဲ့အစည်းများနှင့် အစိုးရ အုပ်ချုပ်ရေးအား အစားထိုးခြင်း ဆောင်ရွက်နေကြသော ဒီမိုကရေစီလှုပ်ရှားမှု၏ ရည်မှန်းချက်များနှင့် ကြိုးပမ်းအားထုတ်မှုများကို UNCT က မျက်ကွယ်ပြုထားခြင်း ဖြစ်စေသည်။ ထိုလုပ်ရပ်များသည် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏ စွမ်းဆောင်ရည်နှင့် အများယုံကြည်လက်ခံနိုင်မှုအပေါ် သက်ရောက်မှု ကြီးမားသည်။

သက်ဆိုင်ရာ နိုင်ငံများရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်သည် စာနာမှု၊ ကြားနေမှု၊ သမာသမတ်ကျမှု နှင့် သီးခြား လွတ်လပ်မှုစသည့် နိုင်ငံတကာက အသိအမှတ်ပြု အခြေခံမူတို့၏ လမ်းညွှန်မှုအောက်တွင် ရှိရန်လိုအပ်သည်။ မြန်မာနိုင်ငံ အတွက် ထိတွေ့ဆက်ဆံမှုဆိုင်ရာ အခြေခံမူ များသည် စစ်အုပ်စုနှင့် UNCT ကြား ထိတွေ့ဆက်ဆံမှု၏ နိုင်ငံရေးဆန်မှုကို ဖျောက်ဖျက်ထားရန် ကြိုးပမ်းနေသည်။ သို့သော် အုပ်ချုပ်ရေး၊ လုံခြုံရေး နှင့် လူမှုရေးလုပ်ငန်းများနှင့် ပတ်သက်သည့် လက်တွေ့ အခြေအနေများကို ပကတိအတိုင်း ထင်ဟပ်ဖော်ပြရန် ပျက်ကွက်နေကြသောကြောင့် ထိတွေ့ဆက်ဆံမှုဆိုင်ရာ အခြေခံမူ များသည် ကုလသမဂ္ဂ အဖွဲ့အစည်းများအား မြန်မာစစ်အုပ်စု၏ ချုပ်ကိုင်မှုအောက် ကျရောက်စေပြီး စာနာမှု၊ ကြားနေမှု၊ သမာသမတ်ကျမှုနှင့် လွတ်လပ်အမှီအခိုကင်းမှု ပြည့်ဝသော ပုံစံဖြင့် နည်းလမ်းရှာဖွေ ထိတွေ့ဆက်ဆံမှု မပြုလုပ်နိုင်အောင် တားဆီးမှုများ ဖြစ်စေကြောင်း တွေ့ရသည်။

**<u>အစည်းအဝေးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ</u>**

SAC-M ၏ မှတ်တမ်းများအရ ထိတွေ့ဆက်ဆံမှုဆိုင်ရာ အခြေခံမူများသည် လှုပ်ရှားဆောင်ရွက်မှုများ (နောက်ဆက်တွဲ - ဂ တွင် ကြည့်ရှုနိုင်ပါသည်) ကို ရပ်တန့်းကရပ်ရန် သတိပေးတားမြစ်ထားသော်လည်း စစ်အာဏာသိမ်းပြီးချိန်မှစတင်၍ ဤအစီရင်ခံစာ ထုတ်ပြန်သည့်နေ့အထိ စစ်အုပ်စုနှင့် ကုလသမဂ္ဂ ကိုယ်စားလှယ်များကြား ကျင်းပခဲ့သော "တရားဝင်" အစည်းအဝေး အနည်းဆုံး (၆၆) ခုကို အများပြည်သူ ထံသို့ အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ အဆိုပါအစည်းအဝေးအများစုအား စစ်အုပ်စု၏တရားဝင်မှုကို မြှင့်တင်ရန် ကြိုးပမ်းသည့် နည်းလမ်းတစ်ခုအဖြစ် စစ်အုပ်စုလက်အောက်ခံ မီဒီယာများတွင် ဖော်ပြကြပြီး အစည်းအဝေးများတွင် စစ်အုပ်စုမှ တက်ရောက်လာသော ကိုယ်စားလှယ်များကို "ဝန်ကြီးများ" နှင့် အခြား "အစိုးရ" အရာရှိများအဖြစ် ဖော်ပြကာ အစီရင်ခံတင်ပြကြပါသည်။ SAC-M ၏ မှတ်တမ်းများတွင် ၂၀၂၁ ခုနှစ်အထိ ကျင်းပခဲ့ပြီးသော အစည်းအဝေးများကို ဖော်ပြ ထားပြီး ၎င်းတို့တွင် အွန်လိုင်း အစည်းအဝေးများ၊ စစ်အုပ်စုကတက်ရောက်ခဲ့သော နိုင်ငံတကာညီလာခံများနှင့် နေပြည်တော် တွင် ကျင်းပခဲ့သော အဆင့်မြင့်အစည်းအဝေးများ ပါဝင်သည်။

နောက်ဆုံး အစည်းအဝေးမှာ OCHA အကြီးအကဲ လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ် ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး Martin Griffiths ၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ နေပြည်တော် ခရီးစဉ်ဖြစ်ပြီး ၎င်းသည် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံ

သို့ လာရောက်ခဲ့သည့် အဆင့်အမြင့်ဆုံး ကုလသမဂ္ဂ ကိုယ်စားလှယ်ဖြစ်သည်။[၅၉] ယင်းခရီးစဉ်အပြီးတွင် OCHA မှ ထုတ်ပြန်ထားသော ကြေညာချက်တွင် မင်းအောင်လှိုင်အား စစ်အုပ်စု၏ အကြီးအကဲအဖြစ် ၎င်း၏ရာထူးနေရာအား "နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ" အဖြစ် ရည်ညွှန်းဖော်ပြခဲ့သည်။ ဤကဲ့သို့ရေးသား ဖော်ပြခြင်းသည် အထွေထွေညီလာခံ၊ လုံခြုံရေး ကောင်စီနှင့် လူ့အခွင့်အရေးကောင်စီတို့ အသုံးပြုသည့် အသုံးအနှုန်းနှင့် သွေဖည်နေခဲ့သည်။ ယင်းအချက်သည် အရည်အချင်း မရှိသော တရားမဝင်စစ်အုပ်စုအား အသိအမှတ်ပြုထားပြီး မင်းအောင်လှိုင်အား စစ်တပ်၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်သော သူ၏ ရာထူးအဆင့် အတန်းထက် ကျော်လွန်ပြီး ရာထူးနေရာအား အသိအမှတ်ပြုခြင်းဖြစ်သည်။ ထိုခရီးစဉ်အပြီးတွင် အရပ်ဘက်အဖွဲ့အစည်း (၅၁၄) ဖွဲ့က အဆိုပါခရီးစဉ်သည် အောင်မြင်မှုကြီးကြီးမားမား မရရှိခဲ့ဘဲ စစ်အုပ်စု၏ ဝါဒဖြန့်ခြင်းခံရမည်ဟု စိုးရိမ်ကြောင်း ထုတ်ပြန်ခဲ့သည်။[၆၀] ခရီးစဉ်၏ရည်ရွယ်ချက်မှာ ကုလသမဂ္ဂအဖွဲ့အစည်းများအတွက် လူသားချင်းစာနာမှု အကူအညီ ပိုမိုရရှိစေရန်ဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်နေ့တွင် ကျင်းပခဲ့သော လူ့အခွင့်အရေးကောင်စီ၏ (၅၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဥရောပသမဂ္ဂကိုယ်စားလှယ်က ကုလသမဂ္ဂ၏ (စစ်အုပ်စုနှင့်) ထိတွေ့ဆက်ဆံမှု သည် တကယ့်လက်တွေ့တွင် ပိုမိုတိုးတက်လာသည့် အရိပ်အယောင်ရှိမရှိ မေးမြန်းသောအခါ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးက အရေးပေါ်ကယ်ဆယ်ရေးညှိနှိုင်းရေးမှူး၏ ခရီးစဉ်ကို အတိအကျရည်ညွှန်းကိုးကားပြီး ဤထိတွေ့ဆက်ဆံမှုသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ဝင်ရောက်လာရေးအပေါ် စစ်တပ်၏ ဆောင်ရွက်ချက်များကို မပြောင်းလဲစေခဲ့ကြောင်း တုံ့ပြန်ပြောဆိုခဲ့ပါသည်။[၆၁]

**<u>အသိအမှတ်ပြုခန့်အပ်လွှာပေးအပ်ခြင်း</u>**



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ၏ မြန်မာပြည်ဆိုင်ရာ ကိုယ်စားလှယ် Dr. Thushara Fernando မှ ၎င်း၏ ခန့်အပ်လွှာကို စစ်အုပ်စု၏ အမည်ခံ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ၂၀၂၂ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့ တွင် ပေးအပ်နေစဉ်။

စစ်အုပ်စုထံသို့ "အသိအမှတ်ပြုခန့်အပ်လွှာများ" ပေးအပ်ပြီးနောက် ၎င်းတို့၏ကိုယ်စားလှယ်များနှင့် အတူ ရိုက်ကူးထားသည့် ကုလသမဂ္ဂအရာရှိများ၏ ဓာတ်ပုံများကို စစ်အုပ်စုက ထိန်းချုပ်ထားသော မီဒီယာများက ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်လိုက်သော အခါ စစ်အုပ်စုနှင့် ကုလသမဂ္ဂတို့၏ ထိတွေ့ဆက်ဆံမှု ကိစ္စသည် အထူးအပြင်းပွားဖွယ်ရာ ဖြစ်လာခဲ့သည်။ အသိအမှတ်ပြု ခန့်အပ်လွှာများ ပေးအပ်ခြင်းသည် နိုင်ငံခြားတိုင်းပြည်တစ်ခု သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းတစ်ခု၏ ကိုယ်စားလှယ် တစ်ဦးက ၎င်းတို့၏ ရာထူးတာဝန်များကို အိမ်ရှင်အစိုးရ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် အတည်ပြုရသည့် တရားဝင် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ဥပမာအားဖြင့် သံတမန်ရေးရာ အခွင့်ထူးများနှင့် ကင်းလွတ်ခွင့်များကို ခံစားရရှိစေရန်အတွက် ဤအသိအမှတ်ပြု ခန့်အပ်လွှာ ပေးအပ်ခြင်းလုပ်ငန်းစဉ်သည် ယေဘုယျအားဖြင့် လိုအပ်ပါသည်။ ကုလသမဂ္ဂ အဖွဲ့အစည်းများက

[၅၉] ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် OCHA က ထုတ်ဝေသော "ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြီးအကဲ Martin Griffiths က မြန်မာနိုင်ငံကို လာရောက်လည်ပတ်ပြီးနောက် မြန်မာနိုင်ငံက လူပေါင်း ၁၈ သန်းအတွက် အကူအညီတွေ မရရှိနိုင်မှုနဲ့ ရန်ပုံငွေချို့တဲ့မှု ကြုံနေရတယ်လို့ ပြောကြားခဲ့ပါတယ်" ကို ဖတ်ရှုပါ။ https://www.unocha.org/publications/report/myanmar/lack-access-and-funding-hampering-aid-18-million-people-myanmar-un-humanitarian-chief-martin-griffiths-says-following-visit-country.

[၆၀] ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် Progressive Voice နှင့် အခြားအဖွဲ့များ၏ "OCHA အကြီးအကဲ၏ မြန်မာနိုင်ငံ ခရီးစဉ်နှင့်ပတ်သက်၍ အရပ်ဘက် အဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက်" ကို ဖတ်ရှုပါ။ https://progressivevoicemyanmar.org/2023/08/22/civil-society-statement-on-the-visit-of-head-of-ocha-to-myanmar/.

[၆၁] လူ့အခွင့်အရေးကောင်စီ၊ ၂၃ ကြိမ်မြောက် အစည်းအဝေး - ၅၄ ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ ပုံမှန်အစည်းအဝေး [ဗီဒီယို] https://media.un.org/en/asset/k18/k18jzf8a2x (၀၃:၁၁:၀၀).

ကုလသမဂ္ဂကိုယ်စားလှယ်များ၏ အသိအမှတ်ပြု ခန့်အပ်လွှာပေးအပ်ခြင်းနှင့် အကောင်အထည် ဖော်ဆောင်ရမည့် အခြေခံလုပ်ငန်းတာဝန်ပါဝင်ပြီး လက်မှတ်ရေးထိုးထားသော သဘောတူညီမှုများကို အစီအစဉ်တွင် ပါဝင်နေသည့် နိုင်ငံများတွင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံး၏ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးဌာန (DPPA) နှင့် ဥပဒေရေးရာရုံး (OLA) တို့သည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ကိုယ်စားလှယ်များအား အသိအမှတ်ပြုခန့်အပ်လွှာ နှင့်ပတ်သက်သော လမ်းညွှန်ချက်ကို ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။[၆၂] ထိုအချိန်တွင် မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသည့် UNCT အေဂျင်စီ (၁၈) ခုအနက် (၅) ခုတွင် နိုင်ငံတွင်း အသိအမှတ်ပြု လက်ခံထားသော ခေါင်းဆောင်များမရှိခဲ့ပါ။ လူသားချင်းစာနာမှု အကူအညီများ ပံ့ပိုးပေးခြင်းအပါအဝင် ထိရောက်သော အကောင်အထည်ဖော်မှုအစီအစဉ်များကို ကန့်သတ်ထားခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ DPPA နှင့် OLA တို့က လက်တွေ့အားဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများသည် အသိအမှတ်ပြုခြင်းဆိုင်ရာ လုပ်ဆောင်ချက် များတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုကြသော်လည်း လုံခြုံရေးကောင်စီနှင့် အထွေထွေ ညီလာခံတို့က ချမှတ်ထားသော ရပ်တည်ချက်နှင့်အညီ "ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် စစ်အုပ်စု အဖွဲ့ဝင်များ နှင့် ဆက်ဆံရာတွင် ၎င်းတို့သည် အစိုးရအဖွဲ့ဝင်များဖြစ်သောကြောင့် မည်သည့်အရေးယူမှုကိုမျှ ပါဝင်လုပ်ဆောင်ရန် မသင့်ကြောင်း" အကြံပြုထားသည်။

သို့ရာတွင် ထိတွေ့ဆက်ဆံမှုဆိုင်ရာ အခြေခံမူများတွင် ဖော်ပြထားသည့်အတိုင်း "၎င်းတို့ကို ပေးအပ်ထားသော တာဝန်များကို ထမ်းဆောင်ရန် လိုအပ်သမျှ ကာလပတ်လုံး" ကုလသမဂ္ဂအဖွဲ့များအနေဖြင့် စစ်အုပ်စုဝင်များနှင့် ထိတွေ့ဆက်ဆံမှု ပြုလုပ်နိုင်သည်ဟု အဆိုပါလမ်းညွှန်ချက်တွင် ထပ်လောင်းဖော်ပြထားသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများသည် စစ်အုပ်စုထံသို့ အသိအမှတ်ပြုခန့်အပ်လွှာ ပေးအပ်ရမည်ဖြစ်ပြီး ယင်းကဲ့သို့ပြုလုပ်ခြင်းမရှိဘဲ ပေးအပ်ထားသော တာဝန်များကို အကောင်အထည်ဖော်ရာတွင် "မြန်မာပြည်သူလူထုကို သိသိသာသာ၊ ဆိုးဆိုးရွားရွား ထိခိုက်ခံစားရနိုင်သည်" ဟု ထပ်မံအကြံပြုထား ပါသည်။ စစ်အုပ်စုသည် ထိတွေ့ဆက်ဆံမှုအားလုံးကို နိုင်ငံရေး အမြတ်ထုတ်နိုင်ခြေ ရှိသည်ဟု လမ်းညွှန်ချက်တွင် သတိပေးထားသောကြောင့် နိုင်ငံရေးဂယက်ရိုက်ခတ်မှုများကို ဂရုတစိုက်ချိန်ဆသင့်သည်။ အရေးကြီးသည်မှာ၊ စစ်အုပ်စုထံသို့ အသိအမှတ်ပြု ခန့်အပ်လွှာပေးအပ်ခြင်းအား လိုအပ်သည်ဟု ယူဆပါက ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် NUG အပါအဝင် အခြားသောသက်ဆိုင်သူများကို တဆက်တည်း လုပ်ငန်းစဉ်အကြောင်း အသိပေးသင့်သည်ဟု လမ်းညွှန်ချက်တွင် အကြံပြုထားသည်။

ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ၎င်းတို့၏ အသိအမှတ်ပြုခန့်အပ်လွှာများကို စစ်အုပ်စု၏ ကိုယ်စားလှယ်များထံသို့ ပေးအပ်သည့် ဖြစ်ရပ် (၆) ခုရှိကြောင်း SAC-M က တွေ့ရှိထားသည်။

- ၂၀၂၂ ခုနှစ်၊ ဇွန်လ၊ (၁၆) ရက်နေ့တွင် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Marcoluigi Corsi က စစ်အုပ်စု၏ ထိုအချိန်က နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဦးဝဏ္ဏမောင်လွင် ထံသို့ အသိအမှတ်ပြုခန့်အပ်လွှာ ပေးအပ်ခြင်း။[၆၃]

[၆၂] လမ်းညွှန်ချက်ကို လူသိရှင်ကြား ထုတ်ပြန်ခြင်း မရှိသေးပေ

[၆၃] ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့၊ MiTV တွင် ထုတ်လွှင့်သော "အသိအမှတ်ပြုခန့်အပ်လွှာများ ပေးအပ်ခြင်း - UNICEF ကိုယ်စားလှယ်သည် ၎င်း၏ သက်သေခံအထောက်အထားများကို FM သို့ တင်ပြခဲ့ခြင်း" https://www.myanmaritv.com/news/presenting-credentials-unicef-rep-presented-his-credentials-fm.

- ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ၊ (၃၀) ရက်နေ့တွင် FAO ကိုယ်စားလှယ် Ms. Yuka Makino က ဦးဝဏ္ဏမောင်လွင်ထံသို့ အသိအမှတ်ပြုခန့်အပ်လွှာ ပေးအပ်ခြင်း။[၉၄]
- ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ၊ (၉) ရက်နေ့တွင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း (IOM) ၏ကိုယ်စားလှယ်အဖွဲ့အကြီးအကဲ ဖြစ်သူ Mr. Dragan Aleksoski က ဦးဝဏ္ဏမောင်လွင် ထံသို့ အသိအမှတ်ပြုခန့်အပ်လွှာ ပေးအပ်ခြင်း။[၉၅]
- ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) ၏ ကိုယ်စားလှယ် Dr. Thushara Fernando က ဦးဝဏ္ဏမောင်လွင်ထံသို့ အသိအမှတ်ပြုခန့်အပ်လွှာ ပေးအပ်ခြင်း။[၉၆]
- ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် HIV/AIDS ဆိုင်ရာ ကုလသမဂ္ဂပူးတွဲအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Rangaiyan Gurumurthy က စစ်အုပ်စု၏ အသစ်ခန့်အပ်ထားသော နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေထံသို့ အသိအမှတ်ပြုခန့်အပ်လွှာ ပေးအပ်ခြင်း။[၉၇]
- ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် UNHCR ၏ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi က ဦးသန်းဆွေထံသို့ အသိအမှတ်ပြုခန့်အပ်လွှာပေးအပ်ခြင်း။[၉၈]

အသိအမှတ်ပြုခန့်အပ်လွှာ ပေးအပ်ခြင်းများသည် အစိုးရအဖြစ် တရားဝင်တည်ရှိမှုကို အသိအမှတ်ပြုကြောင်း သဘော မသက်ရောက်သော်လည်း အဆိုပါတွေ့ဆုံမှုများသည် စစ်အုပ်စုအပေါ် တရားဝင်မှုအား မလိုလားအပ်သည့် အတိုင်းအတာတစ်ခု အသိအမှတ်ပြုနေခြင်းဖြစ်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာတွင် ဝါဒဖြန့်မှုများ လုပ်ဆောင်နိုင်စေ ပါသည်။ တစ်ချိန်တည်းမှာပင် ကုလသမဂ္ဂအရာရှိ များသည် နယ်မြေပိုင်နက်များကို ထိန်းချုပ်ထားပြီး အုပ်ချုပ် နေကြသည့် NUG ကိုဖြစ်စေ၊ တော်လှန်ရေးအဖွဲ့အစည်းများကိုဖြစ်စေ အသိအမှတ်ပြုခန့်အပ်လွှာပေးအပ်ခြင်းမရှိပေ။

၎င်းအစည်းအဝေးများအတွင်း ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် စစ်အုပ်စုကြား ချမှတ်ခဲ့သော သဘောတူချက် အသေးစိတ် ကို ပွင့်လင်းမြင်သာမှုရှိအောင် ထုတ်ပြန်ပေးရန် တောင်းဆိုမှုများ ရှိသော်လည်း အဆိုပါ နားလည်မှုစာချွန်လွှာများ (MoUs)၊ သဘောတူချက်များနှင့် အခြားစာရွက် စာတမ်းများကို အများပြည်သူထံသို့ ထုတ်ပြန်ခဲ့ခြင်းမရှိပေ။[၉၉] CDM လှုပ်ရှားမှု ပြုလုပ်ခြင်း၊ စစ်အုပ်စုအား အခွန်ပေးဆောင်ရန် လူအများစုက ငြင်းဆန်ခြင်းနှင့် စစ်အုပ်စုလက်အောက်ခံ ပရဟိတ

---

94 ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ထုတ် Global New Light of Myanmar တွင် ရေးသားဖော်ပြထားသော "မြန်မာနိုင်ငံဆိုင်ရာ FAO ကိုယ်စားလှယ် က ၎င်း၏ အသိအမှတ်ပြုခန့်အပ်လွှာအား နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်ခြင်း" https://www.gnlm.com.mm/fao-representative-to-myanmar-presents-her-credentials-to-union-minister-for-foreign-affairs/#:~:text=The%20Representative%20of%20the%20Food,.

95 ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ထုတ် Global New Light of Myanmar တွင် ရေးသားဖော်ပြထားသော "မြန်မာနိုင်ငံဆိုင်ရာ IOM အကြီးအကဲ က ၎င်း၏ အသိအမှတ်ပြုခန့်အပ်လွှာအား နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်ခြင်း" https://www.gnlm.com.mm/iom-chief-of-mission-for-myanmar-presents-his-accreditation-letter-to-union-minister-for-foreign-affairs/.

96 ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ထုတ် Global New Light of Myanmar တွင် ရေးသားဖော်ပြထားသော "ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ WHO ဌာနေကိုယ်စားလှယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ" https://www.gnlm.com.mm/who-representative-to-myanmar-presents-his-credentials-to-union-minister-for-foreign-affairs/#:~:text=.

97 ၂၀၂၃ ခုနှစ်၊ ဖေဖော်လ ၂၄ ရက်နေ့ထုတ် Global New Light of Myanmar တွင် ရေးသားဖော်ပြထားသော "UNAIDS Myanmar ၏ မြန်မာနိုင်ငံဆိုင်ရာ ဒါရိုက်တာက ၎င်း၏ အသိအမှတ်ပြုခန့်အပ်လွှာအား MoFA ပြည်ထောင်စု ဝန်ကြီးထံ တင်ပြခြင်း" https://www.gnlm.com.mm/country-director-of-unaids-myanmar-presents-his-credentials-to-mofa-union-minister/.

98 ၂၀၂၃ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် [စစ်တပ်ပိုင်] ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော "MoIC ပြည်ထောင်စု ဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ UNHCR ကိုယ်စားလှယ် လက်ခံတွေ့ဆုံ" https://shorturl.at/nE368.

99 ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် DVB သတင်းဌာနက ထုတ်ဝေသော Blazevic, I. ၏ "စစ်အစိုးရနဲ့ လက်မှတ်ရေးထိုးထားတဲ့ အချက်အလက် တွေ ထုတ်ပြန်ဖို့ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂက တိုက်တွန်း" ဆောင်းပါး https://english.dvb.no/un-in-burma-urged-to-publish-what-you-have-signed-with-the-junta/.

လုပ်ငန်းများနှင့် စစ်အုပ်စုပိုင် သို့မဟုတ် ၎င်း၏လက်အောက်ခံ စီးပွားရေးလုပ်ငန်းများကို သပိတ်မှောက်ခြင်းတို့ ဆောင်ရွက်ပြီး စစ်အုပ်စုအား ဆက်လက်ခုခံတွန်းလှန်နေကြသည့် အခင်းအကျင်းတွင် စစ်အုပ်စုထံသို့ အခွန်ပေးဆောင်ခြင်းရှိမရှိ နှင့် မည်သည့် အခွန်များကို ပေးဆောင်နေကြောင်းနှင့် စီမံကိန်းများကို အကောင်အထည်ဖော်ရန် မည်ကဲ့သို့စီစဉ်ထားကြောင်း စသည့် စစ်အုပ်စုနှင့် ကုလသမဂ္ဂ အဖွဲ့အစည်း တို့ကြား တရားဝင်သဘောတူထားသည့် အသေးစိတ်ကိစ္စရပ်များသည် နိုင်ငံရေးအရ ဘက်လိုက်မှု ကင်းသည့် ကိစ္စများ မဖြစ်နိုင်ပါ။ ကုလသမဂ္ဂအဖွဲ့အစည်းများက စစ်အုပ်စုအား အခွန်ပေးဆောင်ခြင်းနှင့် အခြား အခွန်အခများ ပေးဆောင်နေခြင်း စသည့် ကုလသမဂ္ဂအဖွဲ့အစည်းတို့၏ လုပ်ရပ်များသည် ဒီမိုကရေစီ လှုပ်ရှားမှု၏ ကြိုးပမ်းမှုနှင့် တိုက်ရိုက်ဝိဝါဒကွဲပြားစေပါသည်။

မြန်မာအရပ်ဖက်အဖွဲ့အစည်းက ကုလသမဂ္ဂအား ၎င်း၏လှုပ်ရှားဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန်ဝေဖန် ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာ့အရပ်ဖက်အဖွဲ့အစည်း (၆၃၈) ဖွဲ့က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ထံသို့ ကုလသမဂ္ဂကိုယ်စားလှယ်များနှင့် စစ်အုပ်စုတို့အကြား တရားဝင်ထိတွေ့ဆက်ဆံမှုများနှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းတို့ကို ရှုတ်ချကြောင်း အိတ်ဖွင့်စာတစ်စောင်ကို ပေးပို့ခဲ့ပါသည်။[၁၀၀] ကုလသမဂ္ဂအနေဖြင့် အဆိုပါစာကို တိုက်ရိုက်ပြန်ကြားခြင်း မရှိသော်လည်း ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် ကုလသမဂ္ဂဝန်ထမ်းများထံသို့ ပေးပို့သော စာတစ်စောင်တွင် ဌာနေညှိနှိုင်းရေးမှူး (ယာယီ) က ၎င်းတို့အနေဖြင့် နိုင်ငံအတွင်း ဆောင်ရွက်နေဆဲ ဖြစ်သော လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ဖြစ်စဉ်တစ်ခုချင်းစီအား "အကျိုး အပြစ်များကို သေချာစွာပိုင်းခြားသုံးသပ်ပြီး ကိစ္စရပ်အလိုက် ကောင်းစွာသတိပြုကိုင်တွယ်ဆောင်ရွက်ကြောင်း" ထည့်သွင်းရေးသားခဲ့ပြီး ကုလသမဂ္ဂ၏လုပ်ရပ်များကို ကာကွယ်ပြောဆိုခဲ့ပါသည်။[၁၀၁]

စစ်အုပ်စုနှင့် ကုလသမဂ္ဂရုံးအဖွဲ့၏ ထိတွေ့ဆက်ဆံမှုနှင့် ဆက်စပ်နေသော အန္တရာယ်များမှာ အတော်အတန်များပြားပါသည်။ ဥပမာအားဖြင့် ၂၀၂၃ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့တွင် ဌာနညှိနှိုင်းရေးမှူး (ယာယီ) က UNCT ဝန်ထမ်းများထံသို့ ပေးပို့သော အီးမေးလ်တစ်စောင်သည် မြန်မာနိုင်ငံတာဝန်ခံမှု စီမံချက် (MAP) အဖွဲ့ထံသို့ ပေါက်ကြားခဲ့သည်။[၁၀၂] UNHCR နှင့် WFP တို့သည် တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရိုဟင်ဂျာဒုက္ခသည် (၁,၀၀၀) ကို မြန်မာနိုင်ငံသို့ နေရပ်ပြန်ပို့ရေးတွင် စစ်အုပ်စုနှင့် ဘင်္ဂလားဒေ့ရှ် အစိုးရတို့ ပူးပေါင်းစီစဉ်သည့် ရှေ့ပြေးစီမံချက်ကို ကူညီပေးခဲ့ကြောင်း အီးမေးလ်က အတည်ပြု ခဲ့သည်။ ကုလသမဂ္ဂအေဂျင်စီများသည် စစ်အုပ်စု၏အဖွဲ့ဝင်များ ခရီးသွားလာ ရာတွင် ကုလသမဂ္ဂ၏ မော်တော်ယာဉ်များကို ပံ့ပိုးပေးခဲ့ပြီး ၎င်းယာဉ်များမှ ကုလသမဂ္ဂ အမှတ်တံဆိပ်များကို ဖယ်ရှားထားခဲ့ကြောင်းလည်း ဌာနေညှိနှိုင်းရေးမှူး (ယာယီ) က အီးမေးလ်တွင် ရေးသားဖော်ပြခဲ့သည်။ နေရပ်ပြန်ပို့ရေးသည် စိတ်ချလုံခြုံမှုမရှိသေးကြောင်း UNHCR ကိုယ်တိုင် စိစစ်အကဲဖြတ် ခဲ့သော်လည်း အဆိုပါလုပ်ရပ်များရှိနေခဲ့ပါသည်။[၁၀၃] ၂၀၂၃ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လ တို့တွင် ကျင်းပခဲ့သော လူ့အခွင့်အရေး ကောင်စီ၏ (၅၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၊ ကုလသမဂ္ဂ

[၁၀၀] ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် Progressive Voice ၏ "စစ်အစိုးရနှင့် ဓေ့စပ်ဆွေးနွေးသည့် ကုလသမဂ္ဂအေဂျင်စီများ၊ ရန်ပုံငွေအဖွဲ့ များနှင့် အခြားအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ အိတ်ဖွင့်ပေးစာ" https://progressivevoicemyanmar.org/2022/09/23/un-agencies-funds-programmes-and-other-entities-engagement-with-the-military-junta/#:~:text=Your%20Excellency%2C%20as%20the%20people,to%20the%20crisis%20in%20Myanmar.

[၁၀၁] ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ကုလသမဂ္ဂဌာနေကိုယ်စားလှယ် (ယာယီ)ထံမှ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဝန်ထမ်းများထံသို့ ပေးပို့သော သဝဏ်လွှာ။

[၁၀၂] ၂၀၂၃ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့ထုတ် မြန်မာနိုင်ငံတာဝန်ခံမှုစီမံကိန်း၏ "ပေါက်ကြားလာသော အီးမေးလ်တွင် ဒုက္ခသည်များ ဘေးကင်းရေးအတွက် စိုးရိမ်မှုများရှိနေသော်လည်း ရိုဟင်ဂျာများ နေရပ်ပြန်ပို့ရေး ကနဦးစီမံချက်တွင် ကုလသမဂ္ဂမှ ပါဝင်ပတ်သက်နေခြင်း" https://the-world-is-watching.org/2023/03/18/leaked-email-shows-un-participating-in-rohingya-repatriation-pilot-despite-fears-for-refugee-safety/.

[၁၀၃] ၂၀၂၃ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့ထုတ် UNHCR ၏ "ရိုဟင်ဂျာများ နေရပ်ပြန်ရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ရှေ့ပြေးစီမံကိန်းနှင့် ပတ်သက်၍ UNHCR ၏ ထုတ်ပြန်ကြေညာချက်" https://www.unhcr.org/news/press-releases/unhcr-statement-bangladesh-myanmar-bilateral-pilot-project-rohingya-returns.

လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ လက်ထောက်မဟာမင်းကြီး တို့က မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေများပေါ် အလားတူစိစစ်အကဲဖြတ်မှုများကို လူသိရှင်ကြား ထုတ်ဖော်ခဲ့ပါသည်။[၁၀၄] မကြာသေးမီက ချမှတ်ခဲ့သော လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်သည် မိမိဆန္ဒအလျောက် ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိရှိ အမြဲတမ်း နေရပ်ပြန်နိုင်ရေးအတွက် အကူအညီဖြစ်စေမည့် အခြေအနေများ ဖန်တီးရာတွင် သိသာထင်ရှားသော တိုးတက်မှုမရှိကြောင်း ဖော်ပြထားပါသည်။[၁၀၅] ရခိုင်ပြည်နယ်သို့ “Go-and-See” ဟု ခေါ်သော “အစမ်းသွားရောက်လေ့လာခြင်း” ခရီးစဉ်တွင် လိုက်ပါခဲ့ကြသော ရိုဟင်ဂျာလူမျိုးများက ၎င်းတို့အနေဖြင့် သင့်လျော်သော အခြေအနေများ မရှိသေးသောကြောင့် စီစဉ်ထားရှိမှုအရ မြန်မာနိုင်ငံသို့ ပြန်မည်မဟုတ်ကြောင်း ကောက်ချက်ချခဲ့သည်။[၁၀၆]

စစ်အုပ်စုနှင့်ပူးပေါင်းဆောင်ရွက်ရန်နှင့် နေရပ်ပြန်ပို့ရေးအစီအစဉ်တွင် ကုလသမဂ္ဂအား ပါဝင်ခွင့်ပြုရန် ဆုံးဖြတ်ချက်သည် ရိုဟင်ဂျာလူမျိုးများအပေါ် ထပ်မံ၍ အကြမ်းဖက်မှုများ ကျူးလွန်ရာတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများအား ပါဝင်ပတ်သက်လာစေနိုင်ပါသည်။ တချိန်တည်းမှာပင် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက် နှင့် လုပ်ရပ်များကို လျှို့ဝှက်ဆောင်ရွက်ရန် ကြိုးပမ်းခြင်းသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်း များကို ပိုမိုအယုံအကြည်ကင်းမဲ့လာစေပြီး စစ်အုပ်စုနှင့် ကုလသမဂ္ဂအဖွဲ့ကြား ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာကို အပြည့်အဝဖြစ်စေ၊ လုံးဝဥဿုံဖြစ်စေ မသိရှိနိုင်ဘဲ စိုးရိမ်ကြောင့်ကြမှုများ တိုးလာကာ ကုလသမဂ္ဂအဖွဲ့ကြီး၏ ဂုဏ်သိက္ခာနှင့် ယုံကြည်ကိုးစားခံရမှုတို့ကို ထိခိုက်စေခဲ့သည်။

UNCT သည် စစ်အုပ်စုနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်နေသည့် အချိန်တွင် စစ်အုပ်စု ကိုယ်စားလှယ်များနှင့် ဆောင်ရွက်သော အဆင့်မြင့် အစည်းအဝေးများနှင့်မတူဘဲ UNCT အရာရှိများနှင့် NUG ကြား အစည်းအဝေးများအား နည်းစနစ်လိုအပ်ချက်အရသာ ပြုလုပ်ခြင်း၊ အလွတ်သဘောသာ ပြုလုပ်ခြင်း နှင့် တရားဝင်သတင်းမထုတ်ပြန်ခြင်း စသည့် ၎င်း၏လုပ်ရပ်များဖြင့် NUG အား အတိအလင်း ရှောင်ဖယ်နေခဲ့သည်။ ကုလသမဂ္ဂ၏ ဥပဒေရေးရာရုံးနှင့် ငြိမ်းချမ်းရေး ထိန်းသိမ်းရေးနှင့် နိုင်ငံရေးဌာနတို့၏ ဥပဒေရေးရာနှင့် နိုင်ငံရေးဆိုင်ရာ အကြံပြုချက်ကို သွေဖီ၍ စစ်အုပ်စုနှင့် ကိုယ်စားလှယ်ခန့်အပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်နေစဉ်တလျှောက်လုံး မြန်မာနိုင်ငံ၌ ကုလသမဂ္ဂအေဂျင်စီ အကြီးအကဲများခန့်အပ်ခြင်းကို NUG အား အကြောင်းမကြားခဲ့ပေ။ ထိတွေ့ဆက်ဆံရာတွင် စစ်အုပ်စုကိုငြင်းပယ်ထားပြီး မြန်မာနိုင်ငံကိုယ်စားပြု အနေဖြင့် NUG အား အပြည့်အဝလက်ခံထားသော အထွေထွေညီလာခံ၏ သဘောထားနှင့် တိုက်ရိုက်ဆန့်ကျင်နေကြောင်း နှိုင်းယှဉ်တွေ့မြင်နိုင်သည်။ ဤလုပ်ရပ်သည် ကုလသမဂ္ဂ၏ စည်းမျဉ်းများနှင့်လည်း ဆန့်ကျင်နေသည်။[၁၀၇]

NUG ၊ တော်လှန်ရေးအဖွဲ့အစည်းများ နှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းသည် စစ်အုပ်စုအတွက် အမြတ်ထွက်စေသည့် ပုံစံမျိုးဖြင့် လက်တွေ့ပဋိပက္ခအခင်းအကျင်းအပေါ် သက်ရောက်မှု ရှိစေနိုင်သည်။ စစ်အုပ်စုသည် ၎င်း၏စစ်ရေးရည်ရွယ်ချက်အတွက် ထိုသို့ ထိတွေ့ ဆက်ဆံမှုမရှိခြင်းကို အသုံးချနိုင်သည်။ ပဋိပက္ခဖြစ်ပွားရာဒေသများ နှင့် တော်လှန်ရေးနယ်မြေများ အတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန်အတွက် ကုလသမဂ္ဂအေဂျင်စီများ၏ အမှတ်တံဆိပ်များ တပ်ဆင်

---

[၁၀၄] ၅၃ ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ ပုံမှန်အစည်းအဝေးတွင် ပြောကြားခဲ့သည့် စကားလုံးအားလုံးကို ဤနေရာ https://hrcmeetings.ohchr.org/HRCSessions/RegularSessions/53/Pages/Oral%20statements.aspx တွင် ကြည့်ရှုနိုင်ပါသည်။

[၁၀၅] ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၅၃/၂၆ (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)၊ နိဒါန်းစာပိုဒ် - ၃၂။

[၁၀၆] ၂၀၂၃ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် Reuters သတင်းဌာနမှ ထုတ်ပြန်သော Paul, R. ၏ “ဒုက္ခသည်စခန်းတွေမှာ ပိတ်မိနေဖို့အတွက် မြန်မာနိုင်ငံက နေရပ်ကို မပြန်ဘူးလို့ ရိုဟင်ဂျာတွေက ပြောဆိုခြင်း” https://www.reuters.com/world/asia-pacific/rohingya-say-they-wont-return-myanmar-be-stuck-camps-2023-05-06/.

[၁၀၇] ၁၉၅၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့ထုတ် ကုလသမဂ္ဂက အဖွဲ့ဝင်နိုင်ငံတစ်ခု၏ ကိုယ်စားပြုမှုကို အသိအမှတ်ပြုခြင်း၊ အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၃၉၆၊ UN Doc A/RES/၃၉၆ https://www.refworld.org/docid/3b00f08c0.html. ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ထုတ် SAC-M ၏ “အနှစ်ချုပ်စာတမ်း - အစိုးရများအား အသိအမှတ်ပြုခြင်း” ကိုလည်း ကြည့်ရှုပါ။

ထားသည့် မော်တော်ယာဉ်များကို စစ်အုပ်စုက အသုံးပြုနေကြောင်း စွပ်စွဲချက် အများအပြား ထွက်ပေါ်လာခဲ့သည်။[၁၀၈] UNCT အနေဖြင့် NUG နှင့် ဆက်ဆံရေးပျက်ကွက်ခြင်းကြောင့် တော်လှန်ရေး တပ်ဖွဲ့များသည် စစ်အုပ်စု၏တပ်ဖွဲ့များကို တင်ဆောင်လာသော ကုလသမဂ္ဂ ယာဉ်တန်းဟု သံသယရှိမရှိ သေချာစွာ မဝေခွဲနိုင်သော ယင်းအချက်ကို စစ်အုပ်စုက မဟာဗျူဟာကျကျ အသာစီး ရယူနေနိုင်ပါသည်။ အပြန်အလှန်အားဖြင့် ယင်းအချက်သည်ပင် ကုလသမဂ္ဂ၏ အရပ်သားဝန်ထမ်းများ အား စစ်အုပ်စုတပ်များ သို့မဟုတ် အပေါင်းအပါများဟု သံသယဖြစ်စေနိုင်သောကြောင့် မလိုလား အပ်သော အန္တရာယ်များကျရောက်လာစေနိုင်သည်။

## <u>လူသားချင်းစာနာမှု ကယ်ဆယ်ရေး</u>

UNCT ၏ မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို အကဲဖြတ် ရေးနှင့် ၂၀၂၃ ခုနှစ်အတွက် စီစဉ်ထားရှိသော အကူအညီပေးရေးတို့ကို မြန်မာနိုင်ငံလူသားချင်းစာနာမှု ဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ် (HRP) ၂၀၂၃ တွင် ထည့်သွင်းထားသည်။[၁၀၉] HRP ကို လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာနိုင်ငံအဖွဲ့ (HCT) နှင့် မိတ်ဖက်အဖွဲ့များကိုယ်စား OCHA မှ တာဝန်ယူဆောင်ရွက် ပါသည်။ HCT ကို UNCT က ဦးဆောင်ပြီး လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းဆိုင်ရာ NGO များနှင့် အလှူရှင်များ ပါဝင်ဖွဲ့စည်းထားပါသည်။ HCT ၏ ကိုယ်စား OCHA မှ အကောင်အထည်ဖော်သည့် လူသားချင်း စာနာမှုဆိုင်ရာအကူအညီ လိုအပ်ချက်များ သုံးသပ်ချက် (HNO)[၁၁၀] က သတ်မှတ် ထားသည့် အတိုင်း မြန်မာနိုင်ငံတွင် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများကို လွန်စွာလိုအပ်နေသော ပြည်သူများကို ပံ့ပိုးပေးရန်အတွက် HRP သည် မဟာဗျူဟာမြောက် တုံ့ပြန်ဆောင်ရွက်ချက်ကို ချမှတ်ထားပါသည်။

HRP မှဖော်ပြသော မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုဆိုင်ရာလိုအပ်ချက်များမှာ မြင့်မားပြီး လျှင်မြန်စွာ တိုးလာခဲ့သည်။ ၂၀၂၃ ခုနှစ်အစပိုင်းအထိ လူဦးရေ (၅၆) သန်းရှိသည့်အနက် အနည်းဆုံး လူဦးရေ (၂၅) သန်းသည် ဆင်းရဲနွမ်းပါးသူများအဖြစ် သတ်မှတ်ခံရပြီး လူဦးရေ (၁၇.၆) သန်းသည် လူသားချင်းစာနာ မှုအကူအညီများ လိုအပ်နေ၍ (၁.၅) သန်းမှာ ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးသူများ ဖြစ်ကြသည်။ ၎င်းကို စစ်အာဏာသိမ်းခါစ ၂၀၂၁ ခုနှစ်အစပိုင်းတွင် ရှိခဲ့သော လူသားချင်းစာနာမှု အကူအညီ လိုအပ်သည့် လူဦးရေ (၁) သန်းနှင့် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးသူ လူဦးရေ (၃၅၀,၀၀၀) နှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။[၁၁၁] ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးသူဦးရေ (၁.၉) သန်းရှိကြောင်း OCHA က အတည်ပြုချက်နှင့်အတူ[၁၁၂] နိုင်ငံ၏ အချို့နေရာဒေသများရှိ နေရပ်စွန့်ခွာထွက်ပြေးသူ အရေအတွက်သည် ကုလသမဂ္ဂက ထုတ်ပြန်သော ကိန်းဂဏန်းထက် (၂) ဆကျော် ပိုများနိုင်သည်ဟု ပြည်တွင်းအဖွဲ့များက ပေးအပ်သော အချက်အလက်များတွင် ဖော်ပြထား သော်လည်း[၁၁၃] ၂၀၂၃ ခုနှစ် တစ်နှစ်လုံးတွင် အဆိုပါအရေအတွက်သည် ဆက်လက်တိုးများနေဆဲ ဖြစ်ပါသည်။

---

[၁၀၈] ၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ထုတ် Greening, P. ၏ "မြန်မာ၏ NUG နှင့် တွေ့ဆုံဆွေးနွေးရန် ကုလသမဂ္ဂ၏ ငြင်းဆိုမှုက ယာဉ်တန်းအား တိုက်ခိုက်ခံရစေခြင်း" https://www.irrawaddy.com/opinion/guest-column/uns-refusal-to-talk-to-myanmars-nug-will-lead-to-convoy-attacks.html.

[၁၀၉] ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ထုတ် OCHA ၏ "မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ် ၂၀၂၃" https://myanmar.un.org/en/216732-myanmar-humanitarian-response-plan-2023-january-2023.

[၁၁၀] ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလထုတ် UNHCR ၏ "မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များအပေါ် ခြုံငုံသုံးသပ်ချက် ၂၀၂၃" https://data.unhcr.org/en/documents/details/90298.

[၁၁၁] ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ထုတ် OCHA ၏ "မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ် ၂၀၂၁" https://reliefweb.int/report/myanmar/myanmar-humanitarian-response-plan-2021-january-2021#:~:text=The%20present%20Humanitarian%20Response%20Plan,different%20parts%20of%20the%20country.

[၁၁၂] ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ထုတ် OCHA ၏ "မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ နံပါတ် - ၃၂" https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-32-8-september-2023.

HRP ၂၀၂၃ သည် အရေးပေါ် လူသားချင်းစာနာမှုအကူအညီအတွက် ဦးစားပေး လုပ်ဆောင်နေပြီး လူပေါင်း (၄.၅) သန်းအား အကူအညီပေးနိုင်ရန် ရန်ပုံငွေ တောင်းခံထားသည်။[၁၁၄]

အဆိုပါ ကိန်းဂဏန်းများတွင် ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အိန္ဒိယ၊ မလေးရှားနှင့် အခြားနိုင်ငံများတွင် နေထိုင်သည့် မြန်မာနိုင်ငံမှ ဒုက္ခသည်များ မပါဝင်ဘဲ အာဏာသိမ်းမှုစတင်ချိန်မှစ၍ အဆိုပါလူဦးရေ သည်လည်း တဖြည်းဖြည်းတိုးလာနေပါသည်။ စုပေါင်းလိုက်လျှင် ယခုလက်ရှိတွင် လူဦးရေ (၂) သန်း နီးပါးအထိ ရှိလာနိုင်ပါသည်။[၁၁၅] ဤအခြေအနေကို ပိုဆိုးစေသည့် ဆိုင်ကလုန်း မုန်တိုင်းမိုခါသည် မေလ (၁၄) ရက်က မြန်မာနိုင်ငံ အနောက်ဘက်ခြမ်းသို့ ဝင်ရောက်ခဲ့ပြီး ကြီးမားသော ပျက်စီး ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းသည် လူပေါင်း (၅) သန်းခန့်ကို ထိခိုက်စေခဲ့သည်။[၁၁၆] OCHA သည် မုန်တိုင်းဒဏ်အခံရဆုံး ပြည်နယ် (၅) ခုရှိ လူဦးရေ (၁.၆) သန်းကို ကူညီရန် ထပ်တိုးရန်ပုံငွေ အတွက် အရေးပေါ်အကူအညီ တောင်းခံခဲ့သည်။[၁၁၇] သို့ရာတွင် စစ်အုပ်စုသည် ကုလသမဂ္ဂ အေဂျင်စီများ နှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများကို လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ များပေးအပ်ရန် ပျက်စီးနစ်နာခဲ့ရသော နေရာဒေသများသို့ ဝင်ရောက်ခွင့်မပြုခဲ့ပေ။

လူသားချင်းစာနာမှုဆိုင်ရာ ကျပ်တည်းမှု၏ သက်ရောက်မှုအတိုင်းအတာသည် လူထုအပေါ် စစ်အုပ်စု၏ တိုက်ခိုက်မှု များမှ တိုက်ရိုက်ဖြစ်ပေါ်လာသည့် အကျိုးဆက်ပင်ဖြစ်သည်။ စစ်အုပ်စုသည် ၎င်းတို့အား ခုခံတွန်းလှန်ရန် စည်းရုံးထောက်ပံ့ နေသည့် ပြည်သူများ၏လိုလားတောင့်တမှုနှင့် ရပ်ရွာအဖွဲ့များ၏ စွမ်းဆောင်ရည်အားနည်းကျဆင်းလာစေရန် လူသားချင်း စာနာမှုဆိုင်ရာ ထိခိုက်နစ်နာစေမှုများကို တမင်တကာ ဖန်တီးနေပါသည်။ ဥပမာအားဖြင့် ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်စေပြီး ရပ်ရွာလူထုကို အတင်းအကြပ်ရွှေ့ပြောင်းစေခြင်း၊ နေအိမ်များ၊ လယ်ယာများ၊ မွေးမြူရေးလုပ်ငန်းများ၊ ကောက်ပဲသီးနှံများ၊ စားသောက်ကုန်ထုတ်လုပ်ခြင်းများနှင့် ဆေးဝါးပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်း၊ ကုန်းလမ်းရေလမ်းများကို ပိတ်ဆို့ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းနှင့် လမ်းပန်းဆက်သွယ်ရေးတို့ကို ဖြတ်တောက်ခြင်း၊ အင်တာနက်ဖြတ်တောက်ခြင်း ကဲ့သို့သော လူမှုအသိုင်းအဝိုင်းများအား ဝန်ထုပ်ဝန်ပိုး ဖြစ်စေခြင်းစသည်တို့ကို ကျူးလွန်နေပါသည်။ ထို့နောက် ပစ်မှတ်ထားသော ရပ်ရွာများသို့ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးသူများ ဝင်ရောက်ခွင့်ကို ငြင်းဆိုထားသည်။

---

[၁၁၃] ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် Myanmar Now မှ ထုတ်ဝေသော Kantar, S. ၏ "မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ နေရပ်စွန့်ခွာ ထွက်ပြေးရသည့် ပဋိပက္ခသည် ဒေသတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများ လိုအပ်နေသည်ဟု ကရင်အဖွဲ့များက ပြော" https://myanmar-now.org/en/news/displacement-crisis-in-southeastern-myanmar-requires-local-humanitarian-response-karen-groups-say/.

[၁၁၄] ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ထုတ် OCHA ၏ "မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ် ၂၀၂၃"၊ စာ - ၅ ကို ဖတ်ရှုပါ။

[၁၁၅] UNHCR ၊ ရိုဟင်ဂျာဒုက္ခသည်များ အရေးအခင်းအား ရှင်းလင်းထားချက်အား https://www.unrefugees.org/news/rohingya-refugee-crisis-explained/ တွင်၊ ထိုင်းနိုင်ငံရှိ UNHCR အကြောင်းအား https://www.unhcr.org/countries/thailand#:~:text=Thailand%20hosts%2091%2C401%20refugees%20from,and%20some%20480%2C000%20stateless%20persons တွင်၊ OCHA Services ၏ "ACAPS အကျဉ်းချုပ် မှတ်စု- အိန္ဒိယ-မြန်မာ ဒုက္ခသည်များ (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)အား https://reliefweb.int/report/india/acaps-briefing-note-india-myanmar-refugees-28-july-2023#:~:text=As%20at%202023%2C%20India%20was,15%2F07%2F2023 တွင်၊ UNHCR ၊ ကျွန်တော်တို့ လုပ်နေတဲ့ အရာများ - Figures at a glance in Malaysia အား https://www.unhcr.org/my/what-we-do/figures-glance-malaysia#:~:text=UNHCR%20in%20Malaysia.-,As%20of%20end%20June%202023%2C%20there%20are%20some%20181%2C560%20refugees,or%20fleeing%20persecution%20in%20Myanmar. တွင် ဖတ်ရှုနိုင်သည်။ အိမ်နီးချင်းနိုင်ငံများတွင် မြန်မာနိုင်ငံမှ ဒုက္ခသည်များနှင့် ခိုလှုံခွင့်ရှာဖွေသူ ၁,၁၁၈,၀၀၀ ဦးတို့ကို UNHCR တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ အထိ မှတ်ပုံတင်ထားခဲ့ကြောင်း UNHCR ၏ ""မြန်မာနိုင်ငံ အရေးပေါ်အခြေအနေဆိုင်ရာ ဒေသတွင်း ထုတ်ပြန်ချက်" အား https://reporting.unhcr.org/myanmar-emergency-regional-update တွင် ဖတ်ရှုနိုင်သည်။

[၁၁၆] ၂၀၂၃ ခုနှစ်၊ မေလ ၂၇ ရက်နေ့ထုတ် OCHA Services ၏ "မြန်မာနိုင်ငံ - ဆိုင်ကလုန်းမိုခါ၏ အခြေအနေဆိုင်ရာ အစီရင်ခံစာ အမှတ် ၁" https://reliefweb.int/report/myanmar/myanmar-cyclone-mocha-situation-report-no1-1400-25-may-2023.

[၁၁၇] ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ကုလသမဂ္ဂမှ ထုတ်ပြန်သော ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ သတင်းထုတ်ပြန်ချက်ဖြစ်သည့် "မြန်မာနိုင်ငံတွင် ဆိုင်ကလုန်းမိုခါမုန်တိုင်းဒဏ်ခံရသော လူ့အဖွဲ့အစည်းများအား ကူညီထောက်ပံ့ရာတွင် ဒေါ်လာ ၃၃၃ သန်း အကူအညီပေးရန်" https://myanmar.un.org/en/232831-333m-humanitarian-appeal-support-communities-hit-cyclone-mocha-myanmar.

အရပ်ဘက် လူ့မှုအဖွဲ့အစည်းများ၊ အဆက်ဆက် ကုလသမဂ္ဂတာဝန်ရှိသူများ ၊ စုံစမ်းစစ်ဆေးသူများ၊ ပညာရပ် ပိုင်းဆိုင်ရာနှင့် အခြားကျွမ်းကျင်သူများက မှတ်တမ်းတင်ထားသည့်အတိုင်း ဤမဟာဗျူဟာကို စစ်တပ်က ဆယ်စုနှစ်များစွာ အသုံးပြုခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် "ဖြတ်လေးဖြတ်ဗျူဟာ" ဟု ခေါ်သည့် မဟာဗျူဟာနှင့် ၎င်း၏အကျိုးဆက်များကို ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး က လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းသော အစီရင်ခံစာတွင် တိတိကျကျ အသေးစိတ် ဖော်ပြထားသည်။[၁၁၈]

စစ်အုပ်စုသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးသူများ၏ လှုပ်ရှားမှုများကို ကန့်သတ်ရန် ခရီးသွားခွင့်ပြုခြင်းများ၊ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့် ဗီဇာထုတ်ပေးခြင်းများ အတွက် ရှုပ်ထွေးလှသော ဗျူရိုကရေစီစနစ်ကဲ့သို့သော စီစဉ်တကျ မရှိသော အုပ်ချုပ်ရေးနည်းလမ်းများကို အသုံးပြုနေပါသည်။[၁၁၉] စစ်အစိုးရသည် အကောက်ခွန်ရှင်းလင်းရေးကိုလည်း နှောင့်နှေး စေခြင်း သို့မဟုတ် လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများကို သိမ်းယူခြင်းတို့ကိုလည်း လုပ်ဆောင်နေပြီး ဘဏ်လုပ်ငန်းစနစ်ကို တင်းကျပ်စွာ ထိန်းချုပ်ထားသည်။[၁၂၀] ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက စစ်အုပ်စုကို တရားဝင်အစိုးရ သို့မဟုတ် တည်ဆဲအာဏာပိုင်များအဖြစ် အသိအမှတ်ပြုခြင်း မရှိသော် လည်း ကုလသမဂ္ဂအဖွဲ့အစည်းများသည် စစ်အုပ်စု၏ အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို လိုက်နာ ဆောင်ရွက်နေကြပါသည်။ ယင်းကြောင့် ကုလသမဂ္ဂအဖွဲ့အစည်းများသည် စစ်အုပ်စု၏ စစ်ရေး နှင့် နိုင်ငံရေးရည်မှန်းချက်များနှင့် တိုက်ရိုက်ဆက်စပ်နေပြီး ၎င်း၏ထိန်းချုပ်မှုအာဏာမှ လွတ်ကင်းနေသော ဒေသများသို့ ဝင်ထွက်သွားလာခွင့် ကန့်သတ်ချက်များကိုလည်း လိုက်နာကြရသည်။

HRP ၂၀၂၃ တွင် လူသားချင်းစာနာမှုအကူအညီ အလိုအပ်ဆုံးနေရာများအဖြစ် သတ်မှတ်ထားသော နယ်မြေများသည် စစ်အုပ်စုအား အပြင်းထန်ဆုံး ခုခံတိုက်ခိုက်နေသော နေရာဒေသများ ဖြစ်ကြပြီး အကျိုးဆက်အနေဖြင့် စစ်အုပ်စု၏ တိုက်ခိုက်မှု ကိုလည်း အပြင်းထန်ဆုံး ခံစားကြရသည်။ အဆိုပါနေရာ ဒေသများသည် ကုလသမဂ္ဂ အဖွဲ့အစည်းများအတွက် ဝင်ရောက်ရန် အခက်ခဲဆုံးဟု သတ်မှတ်ခံ ထားရသည့် နယ်မြေများဖြစ်သည်။[၁၂၁] စစ်အုပ်စုက ဖွင့်ထားသော စစ်ဆေးရေးဂိတ်များအပြင် ERO နှင့် PDF များ၏ ဂိတ်များလည်း အနည်းအကျဉ်းရှိသောကြောင့် ဝင်ထွက်ခွင့်မှာ အကန့်အသတ် ရှိနေသည်။[၁၂၂] ၂၀၂၃ ခုနှစ် တွင် UNCT အတွက် အခက်အခဲမရှိဘဲ "ဝင်ထွက်သွားလာနိုင်သည်" ဟု သတ်မှတ်ထားသော မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အစိတ်အပိုင်းများမှာ ရန်ကုန်၊ နေပြည်တော်၊ ပဲခူးတိုင်း၏ တစိတ်တပိုင်းနှင့် မန္တလေးနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းတို့ ဖြစ်သည်။ မြန်မာနိုင်ငံ၏ ကျန်ရှိသော ဒေသများသို့ ကုလသမဂ္ဂ၏ ဝင်ထွက်သွားလာမှုကို ကန့်သတ်ထားသည်။ ဆိုလိုသည်မှာ HRP တွင် သတ်မှတ်ဖော်ပြထားသော နေရပ်စွန့်ခွာထွက်ပြေးသည့် လူဦးရေ၏ (၇၆%) နှင့် အသက်ကယ် လူသားချင်းစာနာမှု အကူအညီများ အရေးပေါ်လိုအပ်နေသည့် လူဦးရေ (၄.၅) သန်းအနက် (၂.၃) သန်းသည် ကုလသမဂ္ဂအဖွဲ့မှ ဝင်ထွက်သွားလာရန် အလွန်တရာ ခက်ခဲသော သို့မဟုတ် အခက်အခဲ ရှိသော နေရာဒေသများတွင် နေထိုင်ကြပါသည်။[၁၂၃] အောက်ဖော်ပြပါ ဘောင်အတွင်းမှ စာများတွင် မြန်မာနိုင်ငံ၏ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်၊ အရှေ့မြောက်ဘက်၊ အနောက်မြောက်ဘက်နှင့် အနောက်ဘက် စသည့် နေရာဒေသအသီးသီးရှိ အခြေအနေများကို အသေးစိတ်ဖော်ပြထားပြီး အဆိုပါဒေသများအကြောင်း ပါဝင်သည်။

---

[၁၁၈] ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ထုတ် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ "၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများ အစီရင်ခံစာ"၊ UN Doc. A/HRC/၅၃/၅၂။ https://undocs.org/Home/Mobile?FinalSymbol=A%2FHRC%2F53%2F52&Language=E&DeviceType=Desktop&LangRequested=False.

[၁၁၉] အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

[၁၂၀] အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

[၁၂၁] ၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ထုတ် OCHA ၏ "မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ် ၂၀၂၃" စာ-၄၉ ကို ဖတ်ရှုပါ။

[၁၂၂] အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ စာ - ၄၇။

[၁၂၃] အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ စာ - ၅၀။.

## မြန်မာနိုင်ငံ၏ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်



ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော မြန်မာနိုင်ငံ၏ အရှေ့ဘက်နှင့် အရှေ့တောင်ပိုင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးကို HRP ၂၀၂၃ တွင် UNCT အတွက် ဝင်ထွက် သွားလာရန် "အလွန်ခက်ခဲသည်" သို့မဟုတ် "အခက်အခဲရှိသည်" ဟု သတ်မှတ်ထားသည်။ ယင်းတို့တွင် ကရင်နီပြည်နယ် (ကယားပြည်နယ်)၊ ကရင်ပြည်နယ် ၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ ပါဝင်သည်။ ဤဒေသများရှိ တော်လှန်ရေးအဖွဲ့များသည် အင်အားကောင်းပြီး ကောင်းစွာဖွဲ့စည်းထားသည်။ ယခုအခါ ကရင်နီပြည်နယ်သည် KNPP နှင့် ကရင်နီအမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ (KNDF) တို့၏ ပူးပေါင်းအုပ်ချုပ်ရေးအောက် အပြည့်အဝ ရောက်လုနီး ဖြစ်နေသည်။ KNU သည် ကရင်ပြည်နယ်နှင့် အခြား အရှေ့တောင်ဘက်ရှိ ပြည်နယ် များတစ်လျှောက် နယ်မြေများ ချဲ့ထွင် ထိန်းချုပ်ထားပြီး အရှေ့တောင်ဘက်ရှိ PDF နှင့် ဒေသတွင်း ကာကွယ်ရေး တပ်ဖွဲ့အသစ်များစွာကို လေ့ကျင့်သင်ကြားပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်းနှင့် ပူးတွဲစစ်ဆင်ရေးများ လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ မွန်ပြည်သစ်ပါတီ (NMSP) ကဲ့သို့သော အခြားသော ERO များလည်း တက်ကြွစွာ လှုပ်ရှားလျက်ရှိသည်။

စစ်အုပ်စုသည် အရှေ့ဘက်နှင့် အရှေ့တောင်ဘက်တို့တွင် လေကြောင်းတိုက်ခိုက်မှုများနှင့် အခြား ရက်စက်ကြမ်းကြုတ်မှုများဖြင့် လက်တုံ့ပြန်တိုက်ခိုက်ခဲ့သည်။ ဆေးရုံများနှင့် စာသင်ကျောင်းများ ကဲ့သို့ အရပ်ဘက်အခြေခံ အဆောက်အအုံများကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှု များကို ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းမှစပြီး အရှေ့တောင်ဘက်တွင် စစ်အုပ်စုက ဆက်တိုက် လုပ်ဆောင်ခဲ့သည်။[၁၂၄] စစ်အာဏာသိမ်းပြီးနောက်ပိုင်း ထိတ်လန့်စရာ အကောင်းဆုံးအဖြစ်အပျက် များထဲမှ တစ်ခုမှာ ကရင်နီပြည်နယ်၊ ဖရူဆိုမြို့နယ်တွင် ၂၀၂၁ ခုနှစ် ခရစ္စမတ် အကြိုနေ့တွင် လူသားချင်းစာနာမှုဆိုင်ရာ ဝန်ထမ်း (၂) ဦးအပါအဝင် အရပ်သား (၃၀) ဦးကို စစ်အုပ်စု၏ တပ်ဖွဲ့က မီးရှို့သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ် ဖြစ်သည်။[၁၂၅]

---

[၁၂၄] ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ထုတ် ကရင်လူ့အခွင့်အရေးအဖွဲ့၏ "စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် ပြည်သူများ ကြံ့ကြံ့ခံတောင့်ခံနိုင်မှု - ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းသည့် ကာလအတောအတွင်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ မတရားမှု၊ မလုံခြုံမှုနှင့် အကြမ်းဖက်မှုများ၏ သက်သေသာဓကများ" https://www.khrg.org/2021/11/military-atrocities-and-civilian-resilience-testimonies-injustice-insecurity-and-violence.

[၁၂၅] ၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် Myanmar Now မှ ထုတ်ဝေသော J, E. ၏ "ခရစ္စမတ်အကြိုနေ့ည အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု အသေးစိတ် အချက်အလက်များ ထွက်ပေါ်လာတာနှင့်အမျှ တရားမျှတမှုအတွက် တောင်းဆိုမှုများ တိုးလာခြင်း" https://myanmar-now.org/en/news/as-details-of-christmas-eve-massacre-emerge-calls-for-justice-grow/.

ကရင်နီပြည်နယ်တွင် ယာယီစခန်းများနှင့် အမိုးအကာများအောက်တွင် နေထိုင်နေကြသည့် စစ်အုပ်စု၏ လက်ချက်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးသူ အနည်းဆုံး (၂၅၀,၀၀၀) ခန့်ရှိပြီး[၁၂၆] အခြား အရှေ့တောင်ဘက်ခြမ်း ဒေသ တစ်ဝှမ်းတွင် နောက်ထပ် (၅၀၀,၀၀၀) ခန့်ရှိသည်ဟု[၁၂၇] အရပ်ဘက်လူမှုအဖွဲ့အစည်းများက ခန့်မှန်းထားသည်။ အဆိုပါ ဒေသများတွင် စစ်အုပ်စု၏ ဝင်ထွက်သွားလာခွင့် ကန့်သတ်ချက်များသည် ကုလသမဂ္ဂနှင့် အခြားသော နိုင်ငံတကာ အကူအညီ ပေးရေး အေဂျင်စီများအား စစ်အုပ်စု၏ ထိန်းချုပ်မှုအောက်ရှိ မြို့ကြီးပြကြီး အပြင်ဖက်မှ IDP များထံသို့ စားနပ်ရိက္ခာနှင့် ဆေးဝါးများပေးပို့ခြင်းမပြုရန် တားမြစ်ထားသည်။ ပြည်တွင်းလူပ်ရှား ဆောင်ရွက်သူများသည်လည်း အလားတူ ကန့်သတ်ချက်များကို လိုက်နာနေရသော်လည်း ဖြစ်နိုင်ပါက ရွှေ့ပြောင်းဒုက္ခသည်များကို လျှို့ဝှက်ထောက်ပံ့ ပေးနိုင်ရန် ထိုင်းနိုင်ငံမှ ဝင်ရောက်နိုင် သော ကာလရှည်ကြာ အသုံးပြုခဲ့ကြသည့် နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများ အပါအဝင် ရှိပြီးသား လူထုအခြေပြုကွန်ရက်များကို အသုံးပြုနိုင်သည်။ သို့သော် ကုလသမဂ္ဂအေဂျင်စီများ၏ ပံ့ပိုး ကူညီမှုအား လုံးဝကန့်သတ်ထားသောကြောင့် ဒေသအခြေပြု လှုပ်ရှားသူများသည် တိုးလာနေသော အကူအညီလိုအပ် နေသူများကို ကယ်ဆယ်ရေးအကူအညီ လုံလုံလောက်လောက် မပေးနိုင်တော့ပေ။ စားနပ်ရိက္ခာ မလုံလောက်ခြင်း နှင့် အခြေခံဆေးဝါးများ လက်လှမ်းမမီခြင်း တို့ကြောင့် အာဟာရချို့တဲ့မှုနှင့် ရေကြောင့်ဖြစ်သော ရောဂါများ၊ မိခင် ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် နေရပ်စွန့်ခွာထွက်ပြေးသူများအကြား ကြိုတင်ကာကွယ်နိုင်သော ရောဂါကြောင့် သေဆုံးမှုများ သိသိသာသာမြင့်တက်လာခဲ့သည်။[၁၂၈] ဝေးလံခေါင်သီသော နေရပ်များရှိ IDP များထံသို့ အကူအညီများ ရောက်ရှိရန် ကုလသမဂ္ဂအေဂျင်စီများနှင့် ဒေသခံကူညီဆောင်ရွက် သူများအကြား ပူးပေါင်းဆောင်ရွက်မှုအချို့ ရှိနေ သော်ငြားလည်း[၁၂၉] အသက်ကယ် လူသားချင်း စာနာမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခု အထိ ပေးအပ်နိုင်ရေးအတွက် ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ရန်အတွက် ပိုမိုထိရောက်သော နည်းလမ်းများ ရှာဖွေရန် အရပ်ဘက်အဖွဲ့အစည်းများက ကုလသမဂ္ဂကို တိုက်တွန်းထားသည်။ ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်း မှစတင်၍ NUG ၊ KNPP နှင့် KNU တို့သည် အရှေ့နှင့် အရှေ့တောင် ဘက်ရှိ ပြည်သူများအား အကူအညီများပေးပို့ရန် အတွက် ၎င်းတို့နှင့် တိုက်ရိုက် ညှိနှိုင်းဆောင်ရွက်ရန် ကုလသမဂ္ဂအား ပူးတွဲတောင်းဆိုခဲ့သည်။[၁၃၀]

[၁၂၆] ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ဧရာဝတီသတင်းဌာနမှထုတ်ပြန်သော “ကယားပြည်နယ်မှာ မြန်မာစစ်အစိုးရ တပ်ဖွဲ့တွေ အသေအပျောက် ပိုများလာ” https://www.irrawaddy.com/news/burma/myanmar-regime-forces-suffering-heavy-casualties-in-kayah-state.html.

[၁၂၇] ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ထုတ် ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်၏ “ကော်သူလေး IDP နောက်ဆုံးရအခြေအနေ” https://www.karenpeace.org/wp-content/uploads/2023/02/Briefing_Kawthoolei-IPD-update_Eng.pdf.

[၁၂၈] ၂၀၂၂ ခုနှစ်၊ ဇွန်လထုတ် KHRG ၏ “ငြင်းပယ်ခံရခြင်းနှင့် ဆုံးရှုံးရခြင်း- မြန်မာနိုင်ငံအရှေ့တောင်ဘက်ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့် အကာအကွယ်ပေးရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော ဒေသခံပြည်သူများ”၊ စာ - ၃၂ https://reliefweb.int/repot/myanmar/denied-and-deprived-local-communities-confronting-humanitarian-crisis-and-protection-challenges-southeast-burma-enmyth.

[၁၂၉] “၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် လွတ်လပ်သော အာရှအသံ (RFA) ၏ “မြန်မာစစ်အုပ်စုရဲ့ စားနပ်ရိက္ခာ၊ ဆေးဝါးတွေ သိမ်းဆည်းမှုကြောင့် ကယားပြည်နယ်နေ ပြည်သူတွေ ဒုက္ခနဲ့ကြုံတွေ့” https://www.rfa.org/english/news/myanmar/roadway-checkpoints-02212023165344.html.

[၁၃၀] ၂၀၂၂ ခုနှစ်၊ မေလ ၃၀ ရက်နေ့ထုတ် NUG နှင့် မဟာမိတ်များ၏ “ဗမာပြည်/မြန်မာနိုင်ငံသို့ အာဆီယံနှင့် ကုလသမဂ္ဂတို့၏ အဆိုပြုထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန်အတွက် NUG၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကရင်အမျိုးသားအစည်းအရုံးနှင့် ချင်းအမျိုးသားတပ်ဦးတို့ပါဝင်သော လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဝန်ကြီးဌာန၏ ပူးတွဲထုတ်ပြန်ချက်” https://progressivevoicemyanmar.org/2022/05/30/joint-statement-of-the-ministry-of-humanitarian-affairs-and-disaster-management-nug-karenni-national-progressive-party-karen-national-union-and-chin-national-front-on-asean-and-un-proposed-humanit/.

## မြန်မာနိုင်ငံ၏ အရှေ့မြောက်ဘက်



မြန်မာနိုင်ငံအရှေ့မြောက်ဘက်ရှိ ကချင်ပြည်နယ်မှ မြို့နယ်အများစုနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း တို့အား HRP ၂၀၂၃ တွင် ဝင်ထွက်သွားလာရန် "အလွန်ခက်ခဲသည်" သို့မဟုတ် "အခက်အခဲရှိ သည်" ဟု သတ်မှတ်ဖော်ပြထားသည်။ စစ်တပ်နှင့် KIA ကြား (၁၇) နှစ်ကြာ အပစ်အခတ်ရပ်စဲမှု ပျက်ပြယ်သွားချိန် ၂၀၁၁ ခုနှစ်မှစ၍ ဤဒေသတလျှောက် အနည်းဆုံး လူဦးရေ (၁၀၀,၀၀၀) ခန့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။[၁၃၁] KIA သည် မြန်မာနိုင်ငံအရှေ့မြောက်ဘက်တစ်ဝှမ်းတွင် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ စစ်အာဏာသိမ်းပြီးချိန်မှစ၍ KIA သည် အခြားသော ERO များထံသို့ လက်ရှိပံ့ပိုးကူညီမှုများအပြင် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းရှိ PDF များထံသို့လည်း ရိက္ခာများနှင့် စစ်ဆင်ရေး အကူအညီများပေးအပ်ခဲ့သည်။ ယင်းနောက် စစ်တပ်မှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ မြို့ရွာများကို လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးများဖြင့် ပိုမိုပစ်ခတ် တိုက်ခိုက်လာသောကြောင့် လူအစုလိုက် အပြုံလိုက် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။[၁၃၂] ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဖားကန့်မြို့တွင် KIA က ဦးစီးပြုလုပ်သည့် ဖျော်ဖြေပွဲ တစ်ခုကို စစ်အုပ်စုက လေကြောင်းဖြင့် တိုက်ခိုက်ခဲ့သောကြောင့် အနည်းဆုံး လူ (၆၀) ခန့် သေဆုံးခဲ့ရသည်။[၁၃၃]

KIA ထိန်းချုပ်နယ်မြေနှင့် စစ်တပ်ထိန်းချုပ်နယ်မြေနှစ်ခုလုံးတည်ရှိရာ မြန်မာနိုင်ငံ အရှေ့မြောက် ဘက်ရှိ IDP စခန်းများသို့ ကုလသမဂ္ဂဝင်ရောက်ခွင့်ကို စစ်တပ်က ကာလရှည်ကြာ ပိတ်ပင်ထားခဲ့သည်။ နေရပ်စွန့်ခွာထွက်ပြေးနေကြရသူများ၏ ကိုယ်ကျန်းမာရေးနှင့် စိတ်ချမ်းသာရေးကို ဆိုးရွားစွာထိခိုက်စေပြီး အချို့အခြေအနေများတွင် စားနပ်ရိက္ခာနှင့် ဆေးဝါးပြတ်လပ်မှု၊ အနွေးထည်များ မလုံလောက်မှု၊ အမိုးအကာများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ချို့တဲ့မှုများကို ဆိုးရွားစွာ ရင်ဆိုင်ကြုံတွေ့နေရပါသည်။ အရှေ့မြောက်ဘက်ရှိတိုးလာနေသော IDP စခန်းများ သည် စစ်အုပ်စု၏တိုက်ခိုက်မှုများအတွက် ပစ်မှတ်များ ဖြစ်လာပြီး စစ်အုပ်စုက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် IDP များစွာ သေဆုံးခဲ့ရသည်။[၁၃၄] စစ်အုပ်စု၏ ဝင်ထွက်သွားလာရန် ကန့်သတ်ချက်များကြောင့် စခန်းများရှိ ဘေးအန္တရာယ်များ၊ မသေချာမရေရာမှုများနှင့် အခြေခံ လိုအပ်ချက်များ ရှားပါးပြတ်လပ်မှုများဖြစ်ပေါ်လာ၍ IDP အချို့သည် ပြန်လည်

[၁၃၁] ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် UNHCR က ထုတ်ဝေသော Savary, M. ၏ "ကျနော်တို့ကို မမေ့ပါနဲ့လို့ မြန်မာနိုင်ငံ ကချင်ပြည်နယ်မှ စစ်ဘေးရှောင်လယ်သမားတဦးကပြောဆို" https://www.unhcr.org/news/stories/dont-forget-us-says-displaced-farmer-kachin-state-myanmar.

[၁၃၂] ၂၀၂၁ ခုနှစ်၊ ဇွန်လထုတ် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်း) ၏ "သေစေလောက်သည့် လက်တုန့်ပြန်မှုများ - မြန်မာနိုင်ငံ မြောက်ပိုင်း ဆုံးရှုံးမှုများ အတွက် လက်တုန့်ပြန်သည့်အနေဖြင့် အာဏာသိမ်းစစ်အုပ်စုက အရပ်သားများအပေါ် တိုက်ခိုက်မှုများ တိုးမြှင့်" https://kachinwomen.com/wp-content/uploads/2021/06/Deadly_Reprisals_ENG.pdf.

[၁၃၃] ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ထုတ် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့၏ "မြန်မာစစ်တပ်ရဲ့ လေကြောင်းတိုက်ခိုက်မှုက စစ်ဥပဒေ ချိုးဖောက်" https://www.hrw.org/breaking-news/2022/10/25/myanmar-junta-airstrike-apparent-laws-war-violation.

[၁၃၄] ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် Myanmar Now က ထုတ်ဝေသော ငြိမ်းဆွေ၏ "စစ်အစိုးရရဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် ရှမ်းမြောက်ရှိ ဒုက္ခသည် စခန်းမှ လူနှစ်ဦးသေဆုံး" https://myanmar-now.org/en/news/junta-artillery-fire-kills-two-people-in-northern-shan-state-idp-camp/.

နေရာချနေထိုင်ရန် နေရာဒေသများရှာဖွေရန်အတွက် စခန်းများအား စွန့်ခွာခဲ့ရပြီးဖြစ်သည်။[၁၃၅] မြန်မာနိုင်ငံ မြောက်ပိုင်းရှိ အရပ်ဘက်အဖွဲ့အစည်းများသည် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်း များအား နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများမှတစ်ဆင့် ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ IDP များထံသို့ လူသားချင်းစာနာမှု အကူအညီများပေးအပ်ရန်နှင့် IDP များအတွက် လူသားချင်း စာနာမှုဆိုင်ရာ ကယ်ဆယ်ရေးအကူအညီများ ဆယ်စုနှစ်တစ်စုကျော်ကြာ ပံ့ပိုးလာခဲ့သည့် တိုင်းရင်းသားလူမှုကူညီကယ်ဆယ်ရေး အဖွဲ့အစည်းများထံသို့ အကူအညီများ တိုက်ရိုက်ပံ့ပိုးရန် ထပ်ခါတလဲလဲ တောင်းဆိုထားသည်။[၁၃၆]




Free Burma Rangers ကယ်ဆယ်ရေး အဖွဲ့မှ အမျိုးသမီး ဆေးဝန်ထမ်းတစ်ဦး ကရင်နီပြည်အတွင်းရှိ စစ်ရှောင်စခန်း တစ်ခုအတွင်းတွင် အမျိုးသားတစ်ဦးအား ကျန်းမာရေးစစ်ဆေး ပေးနေစဉ်။

[၁၃၅] ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ထုတ် လွတ်လပ်သော အာရှအသံ (RFA) ၏ "အန္တရာယ်ရှိနေပေမယ့် ကချင်ပြည်နယ်မှ ရာနှင့်ချီသော စစ်ဘေးရှောင် တွေ နေရပ်သို့ ပြန်ကြ" https://www.rfa.org/english/news/myanmar/kachin-idps-02232023101739.html.

[၁၃၆] ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ပူးတွဲမဟာဗျူဟာအစုအဖွဲ့၏ "အရေးပေါ် တောင်းဆိုချက်များ - ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လူသားချင်းစာနာထောက်ထားမှု အခြေအနေနှင့် ပတ်သက်သည့် စိုးရိမ်မှုများနှင့် တောင်းဆိုချက်များ" https://progressivevoicemyanmar.org/wp-content/uploads/2016/10/JST-Humanitarian-Situation-.pdf.

## မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်း



မြန်မာနိုင်ငံအနောက်မြောက်ပိုင်းရှိ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသ ကြီးတို့တွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ လူဦးရေ (၁)သန်းကျော်ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။[၁၃၇] ချင်းပြည်နယ်မှ နောက်ထပ် လူဦးရေ (၅၄,၃၀၀) သည် စစ်အုပ်စု လက်အောက်မှ နယ်စပ်ဖြတ်ကျော်ထွက်ပြေးပြီး အိမ်နီးချင်း အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် မဏိပူရပြည်နယ်များတွင် ဒုက္ခသည်အဖြစ်ခိုလှုံရန် ကြိုးပမ်းခဲ့ကြသည်။[၁၃၈] HRP ၂၀၂၃ သည် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး မြောက်ပိုင်း မြို့ရွာအများစုသို့ ဝင်ထွက်သွားလာရန် "ခက်ခဲကြောင်း" သတ်မှတ်ဖော်ပြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်း မြို့နယ်နှင့် ထိစပ်လျက်ရှိသော မကွေးတိုင်းဒေသကြီး၏ မြောက်ဘက် ဂန့်ဂေါမြို့နယ်တို့အား ဝင်ထွက်သွားလာရန် "လွန်စွာခက်ခဲသည်" ဟု အမျိုးအစားခွဲခြားဖော်ပြထားပါသည်။

ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ လူ့အဖွဲ့အစည်းများသည် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ကြပြီး နောက်ပိုင်းတွင် အာဏာသိမ်းရန် ကြိုးပမ်းမှုကို လက်နက်စွဲကိုင် တော်လှန်ခဲ့ကြသော မြန်မာနိုင်ငံ၏ အဓိကကျသော မြို့ပြဒေသများမှ တော်လှန်ရေးအဖွဲ့များထဲ တွင် ပထမဆုံးအဖွဲ့ဖြစ်သည်။ ချင်းပြည်နယ်တွင် လူငယ်အများအပြားသည် CNF နှင့် Chinland Defense Force (CDF) ကဲ့သို့သော မဟာမိတ် PDF အဖွဲ့အသစ်များထံသို့ ဝင်ရောက်ခဲ့ကြသည်။ ယခုအခါ ချင်းပြည်နယ်ရှိ မြို့ရွာအများစုသည် ချင်းတော်လှန်ရေးသမားများ၏ အုပ်ချုပ်မှုအောက်တွင်ရှိနေသည်။[၁၃၉] စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် ထောင်နှင့်ချီသော လူငယ် အများစုသည် PDF အဖွဲ့အသစ်ဒါဇင်ပေါင်းများစွာနှင့် ချိတ်ဆက်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံရှိ ဗမာလူမျိုးအများဆုံးနေထိုင်ရာ အချက်အချာကျသော နယ်မြေများသည် စစ်အာဏာရှင် ဆန့်ကျင်ရေးအတွက် လက်နက်စွဲကိုင်တော်လှန်ရေး၏ ဗဟိုချက်ဖြစ်လာသည်။ စစ်အုပ်စုသည် အနောက်မြောက်ဘက်ပိုင်းတွင် ရက်စက်ကြမ်းကြုတ်သည့် စစ်ဆင်ရေးကြီးများစွာ ပြုလုပ်ပြီး လက်တုံ့ပြန်ခဲ့သည်။ စစ်အုပ်စု၏ မီးရှို့တိုက်ခိုက်မှုကြောင့် အိမ်ခြေပေါင်းသောင်းနှင့်ချီ ပျက်စီးခဲ့ရသည်။[၁၄၀]

[၁၃၇] ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်ထုတ် OCHA ၏ "မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာအမှတ် - ၃၂" ကို ကြည့်ရှုပါ။
[၁၃၈] ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ထုတ် UNHCR ၏ "မြန်မာနိုင်ငံတွင် UNHCR ၏ နေရပ်စွန့်ခွာမှုဆိုင်ရာ ခြုံငုံသုံးသပ်ချက်" https://reliefweb.int/map/myanmar/myanmar-unhcr-displacement-overview-12-jun-2023.
[၁၃၉] ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ဧရာဝတီသတင်းဌာနမှ ထုတ်ဝေသော "မြန်မာနိုင်ငံအနောက်ပိုင်း ချင်းပြည်နယ်ရဲ့ ၇၀ ရာခိုင်နှုန်းခန့်ကို တော်လှန်ရေးတပ်ဖွဲ့များက ထိန်းချုပ်ထား" https://www.irrawaddy.com/news/burma/around-70-of-western-myanmars-chin-state-controlled-by-resistance.html.
[၁၄၀] Myanmar Witness ၏ "မြန်မာနိုင်ငံတွင် မီးလောင်မှုပြမြေပုံ (၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ ယနေ့အထိ)" https://www.myanmarwitness.org/fire-map.

ချင်းပြည်နယ်၊ ထန်တလန်မြို့တစ်မြို့လုံးသည် မီးလောင်ကျွမ်းမှုနှင့် လေကြောင်း တိုက်ခိုက်မှုများကြောင့် တစ်မြို့လုံး နီးပါး ပြာကျပျက်စီးခဲ့ရသည်။[၁၄၁] စစ်အုပ်စု၏တပ်ဖွဲ့များနှင့် စစ်အုပ်စု၏ မဟာမိတ်ပြည်သူ့စစ်များက စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းရှိ အရပ်သားများအား မကြာခဏ ဖမ်းဆီးခြင်း၊ ညှဉ်းပန်းသတ်ဖြတ်ခြင်းနှင့် ရွာလုံးကျွတ်သတ်ဖြတ်ခြင်း တို့ကို မကြာခဏ လုပ်ဆောင်နေသည်။[၁၄၂] ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လအတွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ် (၃) ခုတွင် "ဘီလူးစစ်ကြောင်း" ဟု လူသိများသော ခလရ - ၉၉ တပ်ရင်းတခုတည်းက တော်လှန်ရေးတပ်သား (၁၈) ဦး နှင့် ကလေး (၂) ဦးကို ခေါင်းဖြတ်သတ်ဖြတ်ခဲ့ပြီး အသတ်မခံရမီ မုဒိန်းကျင့်ခံခဲ့ရသော အမျိုးသမီး (၃) ဦး အပါအဝင် အရပ်သားပြည်သူ (၁၆) ဦးကိုလည်း အစုလိုက် အပြုံလိုက်သတ်ဖြတ်ခဲ့သည်။[၁၄၃]

အဆိုပါဒေသများသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီဝင်ရောက်ခွင့်အား တင်းကြပ်စွာ ကန့်သတ်ထားခြင်းက စစ်အုပ်စု၏ အကြမ်းဖက်မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူများအား စားနပ်ရိက္ခာနှင့် ဆေးဝါးအထောက်အပံ့များ ပြတ်လပ်မှုကို ရင်ဆိုင်ကြုံတွေ့ရစေသည်။ NUG နှင့် CNF တို့က ထူထောင်ထားသော တော်လှန်ရေး အုပ်ချုပ်ရေး အဖွဲ့များ နှင့် ကွန်ရက်အပြင် လွတ်လပ်သော လူထုအခြေပြုအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် တိုင်းရင်းသားအဖွဲ့အစည်းများသည် ထိခိုက်ခံစားရသူများ၏ လူသားချင်းစာနာမှု အရေးပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိသည်။[၁၄၄] ထိုသို့ အကူအညီ ပေးနေသူများသည် စစ်အုပ်စု၏တပ်ဖွဲ့များ၏ ဖမ်းဆီးသတ်ဖြတ်ခြင်း ခံရနိုင်သည်။[၁၄၅] မြန်မာ့ဆန်စပါး အဓိကစိုက်ပျိုးရာဒေသများအနက် တစ်ခုဖြစ်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး နေရာအနှံ့တွင် လယ်ယာမြေများ ဖျက်ဆီးခံရခြင်းနှင့် ကျေးလက်ဒေသခံရွာသားများ အိုးအိမ်မဲ့ ဖြစ်ခြင်းများကြောင့် လယ်ယာလုပ်ငန်းခွင်များ ပျက်စီးသွားခဲ့ရပြီး စားနပ်ရိက္ခာ မလုံလောက်မှု ဖြစ်ပေါ်စေခဲ့သည်။ ထို့ပြင် ရွာသူရွာသားများသည် အသက်ရှင်ရပ်တည်နိုင်ရန် ဒေသခံ ဘုန်းကြီးကျောင်းများမှ လှူဒါန်းသော ဆန်များကို ပိုမိုမှီခိုလာကြရသည်။[၁၄၆] ချင်းပြည်နယ်တွင် ဆေးဝါး၊ အနွေးထည်များနှင့် စားနပ်ရိက္ခာများ ပြတ်လပ်မှုကြောင့် အာဟာရ ချို့တဲ့မှုနှင့် ဆက်နွှယ်သော ဖျားနာမှုများနှင့် နေရပ်စွန့်ခွာထွက်ပြေးသူများအကြား ကုသ၍ ရနိုင်သော ရောဂါကြောင့် သေဆုံးခြင်းကို ရှောင်လွှဲ၍မရ ဖြစ်နေသည်။[၁၄၇] ဆိုင်ကလုန်းမုန်တိုင်းမိုခါ ဝင်ရောက်တိုက်ခတ်ပြီးနောက် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီလိုအပ်ချက်များ ပိုမိုများပြား လာခဲ့သည်။[၁၄၈] ဆိုင်ကလုန်းမုန်တိုင်းအပြီးတွင် စစ်အုပ်စုက နိုင်ငံတကာအကူအညီများကို တားမြစ်ခဲ့သောကြောင့် စစ်အုပ်စု၏ ထိန်းချုပ်မှုအားနည်းသော အိမ်နီးချင်းနိုင်ငံများ

---

[၁၄၁] ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် လွတ်လပ်သော အာရှအသံ (RFA) မှ ထုတ်ဝေသော "တစ်ချိန်က စည်ကားခဲ့တဲ့ ထန်တလန်မြို့အား မြန်မာစစ်ကောင်စီက တစစီဖျက်ဆီးပစ်" https://www.rfa.org/english/news/myanmar/thantlang-03312023162932.html.

[၁၄၂] ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် လွတ်လပ်သော အာရှအသံ (RFA) မှ ထုတ်ဝေသော "ဘီလူးစစ်ကြောင်းအား မြန်မာမှာ အကြမ်းဖက်မှုကို လူမဆန်စွာ ကျူးလွန်ခဲ့ကြ" https://www.rfa.org/english/news/myanmar/ogre-04192023150057.html; လွတ်လပ်သော အာရှအသံ (RFA) မှ ထုတ်ဝေသော ခင်မောင်စိုးနှင့် နေရိမ်ကျော်၏ "ကျွန်တော် ခေါင်းဖြတ်သတ်ခဲ့တယ် အစ်ကို - မြန်မာစစ်သားတွေ ပြောကြားတဲ့ လူသတ်ပွဲ" https://www.rfa.org/english/news/special/myanmar-soldier-atrocities/index.html.

[၁၄၃] ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် Myanmar Now မှ ထုတ်ဝေသော မောင်ရွှေဝါ၏ "စစ်ကိုင်းတိုင်းတောင်ပိုင်းမှ PDF ရဲဘော်သုံးဦးအား ဘီလူးစစ်ကြောင်းက သတ်ဖြတ်ခဲ့" https://myanmar-now.org/en/news/ogre-column-kills-three-more-pdf-fighters-in-southern-sagaing/.

[၁၄၄] ၂၀၂၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် Frontier Myanmar ထုတ် "'အားလုံး ပျက်စီးသွားပြီ' - စစ်တပ်က တိုက်ခိုက်ပြီးနောက် မိသားစုတွေ နေအိမ်အသစ်ရှာကြရ" https://www.frontiermyanmar.net/en/everything-was-destroyed-families-find-new-homes-after-military-attacks/.

[၁၄၅] ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် SAC-M က စစ်ကိုင်းဖိုရမ်အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံမေးမြန်းခြင်း။

[၁၄၆] ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် Myanmar Now မှ ထုတ်ဝေသော အောင်နိုင်၏ "လယ်ကွင်းတွေက စစ်မြေပြင်ဖြစ်လာတဲ့အခါ" https://myanmar-now.org/en/news/when-paddies-become-battlefields/.

[၁၄၇] ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့ထုတ် SAC-M ၏ "မင်းတပ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့မှ အတွင်းရေးမှူး - ၁ ၏ ထုတ်ပြန်ကြေညာချက် - 'ကျွန်တော်တို့ နောက်နေ့အသက်ရှင်ဖို့ ရုန်းကန်နေကြရတယ်" https://specialadvisorycouncil.org/2021/10/we-are-struggling-to-live-another-day-statement-by-secretary-1-of-the-mindat-peoples-administration/.

[၁၄၈] ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်ထုတ် OCHA ၏ "မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာအမှတ် - ၃၂" ကို ကြည့်ရှုပါ။

ဖြစ်သည့် ဘင်္ဂလားဒေ့ရှ် နှင့် အိန္ဒိယတို့မှ နယ်စပ်ဖြတ်ကျော်ကုန်းလမ်းများကို အသုံးပြုပြီး NUG ၊ ERO များ သို့မဟုတ် ဒေသခံအဖွဲ့အစည်းများမှတဆင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဒေသခံအဖွဲ့များက နိုင်ငံတကာ အေဂျင်စီများကို တိုက်တွန်းခဲ့ကြသည်။[၁၄၉] လူသားချင်းစာနာမှု ဆိုင်ရာ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့နိုင်ရန်အတွက် ကုလသမဂ္ဂနှင့် တိုက်ရိုက်ညှိနှိုင်း ဆောင်ရွက်ပေးရန် CNF သည် NUG ၊ KNPP နှင့် KNU တို့နှင့် ၂၀၂၂ ခုနှစ် ကတည်းကပင် ပူးပေါင်းခဲ့သည်။[၁၅၀]

## မြန်မာနိုင်ငံ၏ အနောက်ဘက်



မြန်မာနိုင်ငံအနောက်ဘက်ရှိ ရခိုင်ပြည်နယ်၏ မြို့ရွာအများစုကို HRP ၂၀၂၃ တွင် "ခက်ခဲမှုအချို့ရှိ နေသော်လည်း ဝင်ထွက်သွားလာနိုင်သည်" ဟု သတ်မှတ်ထားသော်လည်း ယင်းအခြေအနေသည် တစ်နှစ်ပတ်လုံး ပြောင်းလဲနေခဲ့သည်။ OCHA မှ ထုတ်ဝေသော ကာလအလိုက် နောက်ဆုံးရ သတင်းများတွင် ၂၀၂၃ ခုနှစ်၊ ကာလတော်တော်များများ၌ ကုလသမဂ္ဂ၏ ဝင်ထွက်သွားလာခွင့်အား ပြင်းထန်စွာကန့်သတ်ထားပြီး ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်ပြီးနောက်ပိုင်းကတည်းက တစိတ်တပိုင်း ရပ်ဆိုင်းထားရကြောင်း ဖော်ပြထားသည်။[၁၅၁]

ရခိုင်ပြည်သူများ၏ ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်ကို လုပ်ဆောင်နေသည့် အင်အားကြီး ERO တစ်ခုဖြစ်သည့် ရက္ခိုင့်တပ်တော် (AA) သည် ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် အလယ်ပိုင်းရှိ နယ်မြေအများအပြားကို ထိန်းချုပ်နေပြီး စစ်အာဏာသိမ်းပြီးနောက်ပိုင်း နယ်မြေပိုမိုကျယ်ပြန့် လာခဲ့သည်။ AA သည် NUG ၏ မဟာမိတ်အဖွဲ့တွင် လူသိရှင်ကြား မပါဝင်ခဲ့သော်လည်း အာဏာသိမ်းမှုကို ဆန့်ကျင်ပြီး[၁၅၂] မြန်မာနိုင်ငံ၊ အနောက်ဘက်နှင့် အနောက်မြောက်ဘက်ရှိ PDF များကို လက်နက်တပ်ဆင်ပေးခြင်းနှင့် လေ့ကျင့်သင်ကြား ပေးခြင်း ပြုလုပ်ခဲ့သည်။[၁၅၃] AA သည် မြန်မာစစ်တပ်နှင့် ၂၀၁၉ ခုနှစ်ကတည်းက တိုက်ပွဲဖြစ်ပွားနေပြီး အပစ်အခတ်

---

[၁၄၉] ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ဧရာဝတီသတင်းဌာနက ထုတ်ပြန်သော "အကူအညီပေးရေး အေဂျင်စီများ ဝင်ထွက်ခွင့်မရတာကြောင့် ချင်းပြည်နယ် လူသားချင်းစာနာမှု အရေးအခင်းက ပိုဆိုးလာ" https://www.irrawaddy.com/news/burma/chin-state-humanitarian-crisis-deepens-as-aid-agencies-fail-to-gain-access.html.

[၁၅၀] ၂၀၂၂ ခုနှစ်၊ မေလ ၃၀ ရက်နေ့ထုတ် NUG နှင့် မဟာမိတ်များ၏ "ဗမာပြည်/မြန်မာနိုင်ငံသို့ အာဆီယံနှင့် ကုလသမဂ္ဂတို့၏ အဆိုပြုထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန်အတွက် NUG၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကရင်အမျိုးသားအစည်းအရုံးနှင့် ချင်းအမျိုးသားတပ်ဦးတို့ပါဝင်သော လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဝန်ကြီးဌာန၏ ပူးတွဲထုတ်ပြန်ချက်"

[၁၅၁] ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်ထုတ် OCHA ၏ "မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာအမှတ် - ၃၂"

[၁၅၂] ၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ထုတ် ညီနောင်မဟာမိတ်သုံးဖွဲ့၏ "မြန်မာ့တပ်မတော်မှ စစ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပျက် နေသော ပြည်တွင်းပဋိပက္ခများနှင့်ပတ်သက်၍ သဘောထား ထုတ်ပြန်ကြေညာချက်" https://www.arakanarmy.net/post/statement-on-the-ongoing-internal-conflicts-in-myanmar-after-the-military-coup.

[၁၅၃] ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၁ ရက်တွင် Stimson က ထုတ်ဝေသော ကျော်ဆန်းလှိုင်၏ "ရခိုင့်တပ်တော်အား လေ့လာခြင်း" https://www.stimson.org/2023/understanding-the-arakan-army/.

ရပ်စဲရေး သဘောတူညီချက်များစွာ ရှိခဲ့သော်လည်း ယခုအချိန်တွင် ပျက်စီးသွားခဲ့ပြီးဖြစ်သည်။ ၂၀၁၉ ခုနှစ် တွင် AA နှင့် တိုက်ပွဲများပြန်လည်ဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် မြောက်ပိုင်းမှ မြို့နယ် (၅) ခုရှိ ကျေးလက်ဒေသများတွင် နေထိုင်ကြသော အရပ်သားပြည်သူများကို ကူညီပံ့ပိုးရန် လူသားချင်းစာနာမှုဆိုင်ရာ ဝင်ထွက်သွားလာခွင့်အား စစ်တပ်က တားမြစ်ထားခဲ့သည်။[၁၅၄] ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ နောက်ပိုင်း မကြာသေးမီအချိန် တကျော့ပြန်တိုက်ပွဲများ ပြန်လည်ဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ်ရှိ (၆) မြို့နယ်တွင် အကူအညီပေးပို့ခြင်းများကို စစ်အုပ်စုက (၃) လကြာ ပိတ်ဆို့ထားခဲ့သည်။ ထိုလနှောင်းပိုင်းတွင် AA က စစ်တပ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောမတူမီ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများကို နောက်ထပ်မြို့နယ် (၂) ခုတွင် ထပ်မံပိတ်ဆို့တားမြစ်ခဲ့သည်။ သို့သော် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလလယ်တွင်ပင် စားနပ်ရိက္ခာနှင့် ဆေးဝါးများ အရေးပေါ်လိုအပ်နေသော ရခိုင်တိုင်းရင်းသား အများစုပါဝင်သည့် IDP (၁၀၀,၀၀၀) နီးပါးထံသို့ ကုလသမဂ္ဂ၏ ဝင်ထွက်သွားလာမှုကို စစ်တပ်က ခွင့်မပြုခဲ့ပေ။[၁၅၅] “ခရီးသွားလာခြင်းဆိုင်ရာ ခွင့်ပြုမိန့်ကို နှောင့်နှေးစေသည့် ပြဋ္ဌာန်းချက်များသည် ကျန်းမာရေးနှင့် အာဟာရချို့တဲ့နေသော ကလေးသူငယ်များ၏ အသက်ရှင်သန်မှုကို အန္တရာယ်ဖြစ်စေသည်” ဟု ဖော်ပြထားသော OCHA ၏ အဆိုအရ ရခိုင်ပြည်နယ်၊ မြောက်ပိုင်းတွင် ဝင်ရောက်ခွင့်ကန့်သတ်ချက် အများအပြားအား ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်တွင် ဆက်လက်ချမှတ်ထားဆဲဖြစ်သည်။[၁၅၆]

ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာလူဦးရေ (၆) သိန်းဝန်းကျင်လည်း နေထိုင်ကြသည်။ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်မှုများဖြစ်ပွားပြီးနောက်ပိုင်း ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရိုဟင်ဂျာအသိုင်းအဝိုင်းများထံသို့ ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအေဂျင်စီများ၏ ဝင်ထွက်သွားလာခွင့်ကို စစ်တပ်က လုံးဝကန့်သတ်ထားသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နေထိုင်နေကြဆဲဖြစ်သော ရိုဟင်ဂျာများသည် အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို ခံစားခွင့်လုံးဝမရရှိဘဲ လွတ်လပ်စွာသွားလာခွင့်လည်း ပိတ်ပင်ခံထားရသောကြောင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများလိုအပ်နေကြသည်။ ရိုဟင်ဂျာ လူဦးရေ (၁၂၀,၀၀၀) ခန့်သည် ၂၀၁၂ ခုနှစ်တွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများဖြစ်ပွားပြီး နောက်ပိုင်း ကတည်းက နေထိုင်နေကြရသော ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ IDP စခန်းများတွင် ယနေ့ထက်တိုင် နေထိုင်နေကြဆဲ ဖြစ်သည်။ အဆိုပါစခန်းများသို့ ကုလသမဂ္ဂ၏ ဝင်ထွက်သွားလာခွင့်ကိုလည်း စစ်တပ်က အတင်းအကြပ်တားမြစ်ထားပါသည်။

ရခိုင်ပြည်နယ်သည် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုဒဏ်ကို အဆိုးဝါးဆုံးခံခဲ့ရသည်။ ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် မြောက်ပိုင်းရှိ ရိုဟင်ဂျာအသိုင်းအဝိုင်းသည် ဆိုင်ကလုန်းမုန်တိုင်းဒဏ် ကြောင့် အသေအပျောက်အများဆုံးဖြစ်ခဲ့ရသည်။ ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ စခန်းများတွင် ဆိုင်ကလုန်းလေပြင်းနှင့် မုန်တိုင်းဒဏ်ကြောင့် အနည်းဆုံး

---

[၁၅၄] ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ရိုက်တာသတင်းဌာနမှ ထုတ်ပြန်သော “မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်သို့ အကူအညီများ ‘အလျင်အမြန်နှင့် အတားအဆီးမရှိ’ ဝင်ရောက်နိုင်ရန် ကုလသမဂ္ဂက တောင်းဆိုထား” https://www.reuters.com/article/us-myanmar-rakhine-idUSKCN1P8101.

[၁၅၅] ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် Myanmar Now မှ ထုတ်ပြန်သော သိန်းဆန်း၏ “ရခိုင်တွင် နိုင်ငံတကာအဖွဲ့အစည်းများ သွားလာခွင့် ဆက်ပိတ်ထား” https://myanmar-now.org/en/news/junta-reopens-roads-but-keeps-aid-pathways-closed-following-temporary-ceasefire-in-rakhine-state/.

[၁၅၆] ၂၀၂၃ ခုနှစ်၊ မတ်လ ၄ ရက်ထုတ် OCHA ၏ “မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာအမှတ် - ၂၇” https://myanmar.un.org/en/221975-myanmar-humanitarian-update-no-27.

ရိုဟင်ဂျာအမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ် အယောက် (၁၀၀) ထက်မနည်း သေဆုံးခဲ့သည်ဟု ခန့်မှန်းထားပါသည်။[၁၅၇] ဆိုင်ကလုန်းမုန်တိုင်းမတိုက်မီ ရိုဟင်ဂျာများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန်အတွက် စစ်တပ်အနေဖြင့် လုံလောက်စွာ သတိပေးခြင်း၊ ပြင်ဆင်ခြင်းနှင့် ကယ်ထုတ်ခြင်းများ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ဟု ဒေသခံများက ပြောကြသည်။[၁၅၈] နောက်ပိုင်းတွင် စစ်တပ်သည် မုန်တိုင်း ဒဏ်ခံခဲ့ရသူများထံသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးပို့ခွင့်ကို ငြင်းဆိုခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တစ်စောင်တွင် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး (ယာယီ) က “ဒီဘေးအန္တရာယ်ကြုံတွေ့ပြီးနောက် (၄) ပတ်အကြာမှာ မုတ်သုန်ရာသီက ကောင်းကောင်းဝင်လာနေပြီ၊ အကူအညီလိုနေတဲ့လူတွေကိုပေးမယ့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီတွေကို ငြင်းတယ်ဆိုတာ မယုံနိုင်စရာ ကောင်းတယ်” ဟုပြောကြားခဲ့သည်။ တစ်ဖက်တွင်လည်း အရပ်ဘက်အဖွဲ့အစည်းများသည် စစ်တပ်၏ သွားလာခွင့်ကန့်သတ်ချက်များကို ကြိုတင်မှန်းဆနိုင်ဖွယ်ရှိပြီး ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ဆောင်ရွက်မှုများကို ဆက်လက်ကျူးလွန်နေကြောင်း သက်သေအဖြစ် ယူဆနေကြသည်။[၁၅၉]

ဇွန်လဆန်းပိုင်းက AA ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆိုင်ကလုန်းမုန်တိုင်း ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂထံမှ AA သည် အကူအညီအနည်းငယ်သာ ရရှိခဲ့သည် ဟု ဆိုသည်။ “ရခိုင်ပြည်သူလူထုကို ကူညီပေးဖို့ ကုလသမဂ္ဂအေဂျင်စီတွေ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းတွေကို မေတ္တာရပ်ခံပါတယ်။ အခုအချိန်အထိတော့ ထောက်ပံ့မှုတွေ နည်းနေသေး တယ်” ဟု ၎င်းက ပြောခဲ့သည်။[၁၆၀]

NUG သည် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ပြည်သူလူထုထံသို့ အကူအညီများ ရောက်ရှိစေရန်အတွက် ယခင်ရှိပြီးသော ကွန်ရက်များမှတဆင့် ကုန်းကြောင်းဖြင့် နယ်စပ် ဖြတ်ကျော်အကူအညီများကို ပို့ဆောင်ခြင်းဖြင့် NUG နှင့် ၎င်း၏ မိတ်ဖက်တိုင်းရင်းသား နှင့် အရပ်ဘက်လူမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုက်ရိုက်ပူးပေါင်းလုပ်ဆောင်ကြရန် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများကို တောင်းဆိုထားသည်။[၁၆၁]

---

[၁၅၇] ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် Frontier Myanmar မှ ထုတ်ပြန်သော “ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရိုဟင်ဂျာဒုက္ခသည်များ ထိခိုက်မှုပြင်းထန် - ‘သူတို့က ကျွန်တော်တို့ကို ရည်ရွယ်ချက်ရှိရှိ လျစ်လျူရှုထားတာ’” https://www.frontiermyanmar.net/en/they-ignore-us-on-purpose-cyclone-deepens-rohingya-suffering/.

[၁၅၈] ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် Myanmar Now မှ ကိုချိုရေးသားသော “မိုချာ ဆိုင်ကလုန်းမုန်တိုင်း မြန်မာနိုင်ငံ အနောက်ဘက် ရိုဟင်ဂျာဒုက္ခသည် စခန်းတွေကို ဝင်ရောက်ခဲ့ပြီး ရာနဲ့ချီ သေဆုံးနိုင်” https://myanmar-now.org/en/news/hundreds-feared-dead-after-cyclone-mocha-hits-western-myanmars-rohingya-idp-camps/.

[၁၅၉] ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၊ မြန်မာရိုဟင်ဂျာအသင်း (UK) ၏ “ဆိုင်ကလုန်းမိုခါနှင့် ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှုတွင် ကြိုတင်ကာကွယ်နိုင်သော အသက်သေဆုံးမှုများ” https://www.brouk.org.uk/new-report-preventable-deaths-in-cyclone-mocha-and-the-rohingya-genocide/.

[၁၆၀] ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် Frontier Myanmar မှ ထုတ်ဝေသော “လူထုရဲ့ AA အပေါ် ယုံကြည်မှု - အကူအညီများကန့်သတ်ထားခြင်းက စစ်အုပ်စုအပေါ် ပံ့ပိုးပေးနေ” https://www.frontiermyanmar.net/en/people-trust-the-aa-aid-restrictions-backfire-on-the-regime/.

[၁၆၁] ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့ထုတ် NUG - နိုင်ငံခြားရေးဝန်ကြီးဌာန၏ “ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ပျက်စီးမှုများမှ ကူညီကယ်ဆယ်ရေးဆိုင်ရာ ထုတ်ပြန်ကြေညာချက်” https://mofa.nugmyanmar.org/tag/statement-on-cyclone-mocha-relief/.

HRP သည် စစ်အုပ်စု၏ ဝင်ထွက်သွားလာခွင့် ကန့်သတ်ချက်များအပေါ် UNCT က တုံ့ပြန်ဖြေရှင်းနိုင်သည့် နည်းဗျူဟာ (၂) ခုကို ထောက်ပြထားသည်။ ပထမနည်းဗျူဟာမှာ နိုင်ငံတကာ အကူအညီပေးသူများ လက်လှမ်းမမီနိုင်သည့် နေရာများရှိ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင် လာသူများအား မိမိတို့ ရပ်ရွာအတွင်း လက်ခံကူညီပေးနေသည့် သို့မဟုတ် တောတောင်များနှင့် သစ်တောများထဲတွင် ခိုလှုံနေသူများကို ကူညီပေးနေသည့် ဒေသခံအဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း အားဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုစွမ်းရည်ကို တိုးချဲ့ပေးရန် ဖြစ်သည်။[၁၆၂] ဤဒေသခံ အရေးပေါ်ကူညီပေးသူများသည် အစွမ်းကုန် ကြိုးပမ်းအားထုတ်နေကြသော်လည်း ၎င်းတို့တွင် လူအင်အားနှင့် ဘဏ္ဍာရေးအရင်းအမြစ်များက လျှင်မြန်စွာ ကုန်ခမ်းနေပြီး ထပ်တိုးရန်ပုံငွေများ ရှာဖွေစုဆောင်းရာတွင်လည်း ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း HRP က မှတ်ချက်ပြုထားသည်။ ၎င်းတို့၏ဝန်ထမ်းများသည်လည်း အကူအညီများ ပေးပို့ရာတွင် အခက်အခဲများ ရင်ဆိုင်နေကြရသည်။[၁၆၃] အထက်ဖော်ပြပါ ဘောင်အတွင်းရှိ စာသားများတွင် အသေးစိတ်ဖော်ပြ ထားသည့်အတိုင်း ပြည်တွင်းအဖွဲ့အစည်း များသည် မြန်မာနိုင်ငံဒေသအားလုံး၌ လူသားချင်းစာနာမှု ဆိုင်ရာ အကူအညီလိုအပ်ချက် ကြီးမားမှုကို ဖြည့်ဆည်းပေးရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက် နေကြပါသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုကို လိုအပ်နေသော်လည်း လက်တွေ့တွင် UNCT နှင့် စစ်အုပ်စုကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေသည် ကြီးမားသော စိန်ခေါ်မှုများ ဖြစ်လာသည်။ ပြည်တွင်းအဖွဲ့အစည်းများသည် ၎င်းတို့၏ အသေးစိတ်အချက်အလက်များ ကို စစ်အုပ်စုထံသို့မျှဝေတင်ပြပါက ၎င်းတို့နှင့် ဆက်နွယ်နေသော မည်သူ့ကိုမဆို အန္တရာယ်ကျရောက် မည်ကို စိုးရိမ်နေကြသောကြောင့် ၎င်းတို့၏ အသေးစိတ် အချက်အလက်များကို ကုလသမဂ္ဂအဖွဲ့ အစည်းများထံ မှတ်ပုံတင်ရန် လိုအပ်ချက်နှင့် ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်နေကြသည်။[၁၆၄] ငွေကြေးလွှဲပြောင်းမှုများကို စစ်အုပ်စုက စစ်ဆေးမှုများနှင့် ထိန်းချုပ်မှုများ ပြုလုပ်သောကြောင့် ဒေသခံအဖွဲ့အစည်း သို့ သမားရိုးကျနည်းလမ်းများဖြင့် ငွေသားလွှဲပြောင်းပေးခြင်းသည်လည်း အန္တရာယ်များသည်။[၁၆၅]

HRP တွင် ထောက်ပြထားသော ဒုတိယနည်းဗျူဟာမှာ ဝင်ထွက်သွားလာခွင့် ကန့်သတ်ချက်များကို ဖယ်ရှားနိုင်ရေး ပြည်တွင်း နှင့် အဆင့်မြင့် စည်းရုံးလှုံ့ဆော်မှုများ တိုးမြှင့်ဆောင်ရွက်ရန်ဖြစ်သည်။[၁၆၆] သို့သော်လည်း စစ်အစိုးရက ယင်းကဲ့သို့ စည်းရုံးလှုံ့ဆော်မှုများကို လက်ခံလိမ့်မည် ဟူသော အယူအဆကို ပံ့ပိုးပေးနေသည့် အချက်အလက်မရှိပါ။ ၂၀၂၃ ခုနှစ် တစ်လျှောက်လုံးတွင် (ဖြစ်ပွားခဲ့သည့်အတိုင်း) စစ်အုပ်စု၏ ဝင်ထွက်သွားလာခွင့် ကန့်သတ်ချက်များသည့် လျှော့ကျမသွားဘဲ တိုးလာဖွယ်ရှိကြောင်း UNCT ၏ ကိုယ်တိုင်စီစဉ်ထားရှိသော အစီအစဉ်များမှ ခန့်မှန်းထားကြောင်း HRP က ရှင်းပြထားသည်။[၁၆၇]

လက်ရှိအချိန်တွင် ကောင်းစွာအကျိုးသက်ရောက်မှုမရှိသော လုပ်ဆောင်ချက်များထဲမှ တစ်ခုတည်းသော ထိရောက်သည့် တခြားနည်းလမ်းမှာ ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် လူသားချင်းစာနာမှု အကူအညီ လိုအပ်နေသော လူအများစုနေထိုင်ရာ နယ်မြေအတွင်းရှိ တော်လှန်ရေးအဖွဲ့အစည်းများနှင့် တိုက်ရိုက် ချိတ်ဆက်လုပ်ဆောင်ပြီး နယ်စပ်ဖြတ်ကျော်လမ်းကြောင်း

---

[၁၆၂] ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ထုတ် OCHA ၏ "မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ် ၂၀၂၃"၊ စာ-၄၅ ကို ဖတ်ရှုပါ။

[၁၆၃] အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

[၁၆၄] ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်ထုတ် Greening, P. ၏ "ရန်ပုံငွေထောက်ပံ့ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အရပ်ဘက်အဖွဲ့အစည်းများက ရင်ဆိုင်ရသော ကျင့်ဝတ်ဆိုင်ရာ ပြဿနာ" https://www.irrawaddy.com/opinion/guest-column/myanmar-civil-society-organizations-face-a-moral-conundrum-on-funding.html.

[၁၆၅] ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ထုတ် International Crisis Group ၏ "စစ်ပွဲအား ငွေကြေးအလုံးအရင်းပံ့ပိုးပေးခြင်း -မြန်မာ့တော်လှန်ရေး နောက်ကွယ်မှ ငွေကြေးများ" https://www.crisisgroup.org/asia/south-east-asia/myanmar/328-crowdfunding-war-money-behind-myanmars-resistance#:~:text=Myanmar's%20junta%20and%20the%20forces,regime%20restrictions%20on%20moving%20it.

[၁၆၆] ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ထုတ် OCHA ၏ "မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ် ၂၀၂၃"၊ စာ-၄၇ ကို ဖတ်ရှုပါ။

[၁၆၇] ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ထုတ် OCHA ၏ "မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ် ၂၀၂၃"၊ စာ-၂၅ ကို ဖတ်ရှုပါ။

များကို အသုံးပြု၍ ထိရောက်မှုရှိသော လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို မြှင့်တင်ပေးရန် ထူထောင်ထားသော အရပ်ဘက် အဖွဲ့အစည်းကွန်ရက်များကို ပံ့ပိုးကူညီခြင်းဖြစ်သည်။ NUG နှင့် ERO တို့သည် မြန်မာနိုင်ငံနှင့် ကုန်းမြေနယ်နိမိတ်ချင်းထိစပ်နေသည့် ဒေသတလျှောက်ရှိ ကယ်ဆယ်ရေးစခန်းများသို့ လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများ ပေးပို့ရာတွင် လွယ်ကူချောမွေ့စေရန် ၎င်းတို့နှင့် တိုက်ရိုက်ပူးပေါင်း လုပ်ဆောင်ရန် ကုလသမဂ္ဂအား တောင်းဆိုထားသည်။[၁၆၈] အရပ်ဘက်အဖွဲ့အစည်းများသည် လက်တလော တရားဝင်လမ်းကြောင်း မဟုတ်သည့် နယ်စပ်ဖြတ်ကျော် ကူညီမှုကို ပံ့ပိုးရန်နှင့် တိုးချဲ့ လုပ်ဆောင်ရန်လည်း ကုလသမဂ္ဂအား တောင်းဆိုထားသည်။ အရေးပေါ် အခြေအနေဖြစ်နေသော်လည်း ကုလသမဂ္ဂ၏ လှုပ်ရှားဆောင်ရွက်မှုများသည် နေရာနှစ်ခုစလုံးတွင် နှောင့်နှေးနေပါသည်။ စစ်အုပ်စုသည် အာဏာရအစိုးရ သို့မဟုတ် တည်ဆဲအစိုးရ မဟုတ်သောကြောင့် ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် တော်လှန်ရေးအဖွဲ့အစည်းများ သို့မဟုတ် အရပ်ဘက်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရာတွင်ဖြစ်စေ၊ တော်လှန်ရေးနယ်မြေအတွင်းသို့ ဝင်ရောက်ရာတွင်ဖြစ်စေ စစ်အုပ်စု၏ ခွင့်ပြုချက် မလိုအပ်ပေ။ ယင်းအစား ကုလသမဂ္ဂအဖွဲ့အစည်းများသည် လက်ရှိအချိန်၌ အောင်မြင်မှုမရှိသော လူသားချင်းစာနာမှု ဆိုင်ရာ အကူအညီများအတွက် စစ်အုပ်စုမှတဆင့်ဖြင့်သာ ဝင်ထွက်သွားလာရေးလမ်းကြောင်းရှာဖွေခြင်း တစ်ခုတည်းမဟုတ်ပဲ အခြားဖြစ်နိုင်သည့် နည်းလမ်းများအားလုံးကို ရှာဖွေရာတွင် အာရုံစိုက် လုပ်ဆောင်ရန် လိုအပ်နေပြီး လူသားချင်းစာနာမှုဆိုင်ရာ ကယ်ဆယ်ရေးအကူအညီ အများဆုံး လိုအပ်နေသော နေရာဒေသများသို့ ရောက်ရှိနိုင်သည့် နယ်စပ်ဖြတ်ကျော်ခြင်း အပါအဝင် ထိရောက်မှု အရှိဆုံး နည်းလမ်းများကို ရှာဖွေရာတွင် လွယ်ကူအဆင်ပြေစွာ တုံ့ပြန်ဖြေရှင်းနိုင်သူများ အားလုံးနှင့် လက်တွဲဆောင်ရွက်ရပါမည်။

[၁၆၈] ၂၀၂၂ ခုနှစ်၊ မေလ ၃၀ ရက်နေ့ထုတ် NUG နှင့် မဟာမိတ်များ၏ “ဗမာပြည်/မြန်မာနိုင်ငံသို့ အာဆီယံနှင့် ကုလသမဂ္ဂတို့၏ အဆိုပြုထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန်အတွက် NUG၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကရင်အမျိုးသားအစည်းအရုံးနှင့် ချင်းအမျိုးသားတပ်ဦးတို့ပါဝင်သော လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဝန်ကြီးဌာန၏ ပူးတွဲထုတ်ပြန်ချက်” ကို ကြည့်ရှုပါ။

**ဖွံ့ဖြိုးရေးအကူအညီ**

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများသည် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီး ကနဦးအစတွင် ခေတ္တခဏရပ်တန့်ထားပြီးနောက် ပြန်လည်စတင်ခဲ့သည်။ ၂၀၂၁ ခုနှစ် တွင် ကုလသမဂ္ဂသည် (၁၈) လကြာမြင့်မည့် မြန်မာနိုင်ငံအတွက် ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် အကြောင်း အကျဉ်းချုပ်ဖော်ပြချက် ပါဝင်သည့် လူမှုစီးပွားရေးဆိုင်ရာ ခံနိုင်ရည်ရှိမှုနှင့် ဖြေရှင်းမှုအစီအစဉ် (SERRP) ကိုရေးဆွဲခဲ့သည်။ SERRP သည် ကုလသမဂ္ဂ၏ လူသားချင်းစာနာမှုဆိုင်ရာ ဖြေရှင်းမှုကို ပြီးပြည့်စုံစေရန် အဓိကကြိုးပမ်းအားထုတ်ခြင်းဖြစ်သည်။ SERRP အောက်ရှိ ဖွံ့ဖြိုးတိုးတက် ရေး အစီအစဉ်များကို ၂၀၂၃ ခုနှစ်တွင် တိုးမြှင့်ဆောင်ရွက်ထားကြောင်း၊ HRP ၂၀၂၃ သည် ကျေးလက်နှင့် ပဋိပက္ခဒဏ်ခံရသော ဒေသများရှိ အကူအညီလိုအပ်နေသူများထံ အဓိကထားပြီး ပြောင်းလဲကူညီမည် ဖြစ်သောကြောင့် ၂၀၂၁ နှင့် ၂၀၂၂ HRP မှ အဓိကထား၍ ကူညီဆောင်ရွက်ပေးနေသော မြို့ပြနှင့် ဆင်ခြေဖုံးဒေသများရှိ အကူအညီလိုအပ်နေသူများအား ကူညီပေးနေသော အရေးကြီး လုပ်ငန်းတာဝန် များကို ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ကိုင်နေသည့် မိတ်ဖက်အဖွဲ့အစည်းများထံသို့ လွှဲပြောင်းပေးသွားမည် ဖြစ်ကြောင်း HRP က ရှင်းလင်းဖော်ပြထားသည်။[၁၆၉]

UNCT ၏ စစ်အုပ်စုနှင့် လက်တလောဆက်ဆံရေးကြောင့် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏ ဖွံ့ဖြိုး တိုးတက်ရေးအစီအစဉ်များနှင့် ဆက်စပ်၍ အလွန်စိုးရိမ်ဖွယ်အန္တရာယ်များ ရှိနေပါသည်။ ကုလသမဂ္ဂ၏ ထိတွေ့ဆက်ဆံမှုဆိုင်ရာ အခြေခံမှုများတွင် စစ်အုပ်စုအား "တည်ဆဲအာဏာပိုင်များ" ဟု ရည်ညွှန်းထား သောကြောင့် UNCT အနေဖြင့် စစ်အုပ်စုကို တရားဝင်မှုမပေးမိစေရန် အကြီးတန်း အရာရှိအဆင့်များတွင် စစ်အုပ်စုနှင့် ထိတွေ့ဆက်ဆံမှုများကို အကန့်အသတ်ဖြင့် ဆောင်ရွက်ရန် ကြိုးပမ်းနေသည့်တိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်) နှင့် ကျောင်းများ၊ ကျန်းမာရေးဌာနများနှင့် ပို့ဆောင်ရေး စသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် စစ်အုပ်စုလက်အောက်ရှိ အုပ်ချုပ်ရေးယန္တရား၏ ကျန်ကဏ္ဍများနှင့် စေ့စပ်ညှိနှိုင်း ဆောင်ရွက်နေရသည်။ အကျိုးရလဒ်အနေဖြင့် စစ်အုပ်စုက ထိန်းချုပ်ထားသော အဖွဲ့အစည်းများနှင့် ပြည်သူ့ဝန်ဆောင်မှုများကို ပံ့ပိုးပေးရန် ရည်ရွယ်သည့် SERRP တွင် ဖော်ပြထားသော အစီအစဉ်များသည် UNCT ၏ လုပ်ဆောင်ချက်များကို CDM လှုပ်ရှားမှု၊ အထွေထွေဆန္ဒပြပွဲများ၊ သပိတ်များနှင့် လက်နက်ကိုင်ခုခံတော်လှန်ရေး စသည်တို့မှတဆင့် စစ်အုပ်စု ထိန်းချုပ်နေသော နိုင်ငံတော်ကို နှောင့်ယှက်ဖြိုချရန်နှင့် ဒီမိုကရေစီ ပြည်သူ့အဖွဲ့အစည်းဖြင့် စစ်အုပ်စုထိန်းချုပ်ထားသော နိုင်ငံတော်ကို အစားထိုးရန် ကြိုးပမ်းဆောင်ရွက်နေကြသည့် ဒီမိုကရေစီ တော်လှန်ရေးလှုပ်ရှားမှုများ နှင့် တိုက်ရိုက်သွေဖယ်ခြင်း ဖြစ်စေလျက်ရှိသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ တွင် ပေါက်ကြားခဲ့သော စာရွက်စာတမ်းသည် ထိခိုက်နစ်နာစေသည့် အခြေအနေများကို ဖော်ပြခဲ့သည်။ အဆိုပါစာရွက်စာတမ်းတွင် "အစိုးရဦးဆောင်သည့် လုပ်ငန်းစဉ်ယန္တရား" ဖြင့် အမေရိကန် ဒေါ်လာ (၃) သန်း ကျော်တန်ဖိုးရှိသော စီမံကိန်းများကို အကောင်အထည်ဖော်ရန်အတွက် UNICEF သည် စစ်အုပ်စုနှင့် သဘောတူလက်မှတ်ရေးထိုးထားပြီး UNICEF ၏ လုပ်ငန်းများကို စစ်အုပ်စု၏ ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည်။[၁၇၀]

အရင်းအမြစ်များနှင့် ပံ့ပိုးကူညီမှုများကို စစ်အုပ်စုထံသို့ တိုက်ရိုက်မပေးအပ်သော်လည်း၊ စစ်အုပ်စု လက်အောက်မှ ဌာနဆိုင်ရာများ၊ ဝန်ကြီးဌာနများနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ညှိနှိုင်း ဆောင်ရွက်ခြင်းသည် ကုလသမဂ္ဂကိုယ်တိုင်က စစ်

---

[၁၆၉] ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ထုတ် OCHA ၏ "မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ် ၂၀၂၃"၊ စာ-၃၅ ကို ဖတ်ရှုပါ။

[၁၇၀] ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် Myanmar Now မှ ထုတ်ဝေသော Butler, G. ၏ "UNICEF က စစ်အုပ်စုနဲ့ ဒေါ်လာ ၃ သန်းတန် စာချုပ်လက်မှတ်ရေးထိုးခဲ့ကြောင်း ပေါက်ကြားလာသော စာရွက်စာတမ်းများအရ သိရှိရ" https://myanmar-now.org/en/news/unicef-signs-3m-agreement-with-myanmar-junta-leaked-documents-show/.

အုပ်စုအပြင် စစ်အုပ်စု၏ခရိုနီများနှင့် မဟာမိတ်များ အား စီးပွားရေးအကျိုးအမြတ် ဖြစ်ထွန်းစေလျက်ရှိသည်။ မြန်မာစစ်တပ်သည် မြန်မာ့စီးပွားရေးကို ကိုင်လှုပ်နိုင်သော စီးပွားရေးအကျိုးအမြတ် ကြီးကြီးမားမားရှိနေသည်ဟု လူသိများထင်ရှားပါသည်။ အရပ်သားပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ရန် အစီအစဉ်များအပါအဝင် ၎င်း၏ စစ်ဆင်ရေးများကို ငွေကြေးထောက်ပံ့ပေးရန်နှင့် ၎င်း၏ခေါင်းဆောင်များ ပိုမိုချမ်းသာကြွယ်ဝလာစေရန်၊ စစ်တပ်က လုပ်ငန်းစုကြီးများနှင့် ၎င်းတို့၏ လုပ်ငန်းခွဲများပေါင်းထားသည့် ကွန်ရက်တစ်ခု၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့် "ခရိုနီကုမ္ပဏီများ" ဟု သိရှိကြသော ပြည်တွင်းပုဂ္ဂလိကစီးပွားရေးလုပ်ငန်း များ၏ လုပ်ငန်းခွဲများနှင့် နီးကပ်သောဆက်ဆံရေးအပေါ် မည်ကဲ့သို့ မှီခိုနေရပုံကို ၂၀၁၉ ခုနှစ်တွင် FFM က အပြည့်အစုံ သတင်းထုတ်ပြန်ခဲ့သည်။[၁၇၁] မြန်မာပြည်သူလူထုအပေါ် ရက်စက်ကြမ်းကြုတ်မှုများ ဆက်လက်ကျူးလွန်နိုင်ရန် လက်နက်များဝယ်ယူရာတွင် စစ်အုပ်စုသည် နိုင်ငံခြားငွေကြေးရရှိရန် ကြံရာမရဖြစ်နေပါသည်။[၁၇၂] ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် ဌာနေညှိနှိုင်းရေးမှူး (ယာယီ) သည် စစ်အုပ်စု၏ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့သည်။ အစည်းအဝေး၏ အကြောင်းခြင်းရာကို လူသိရှင်ကြား မထုတ်ပြန်ခဲ့ပေ။[၁၇၃] ဤကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများစွာက စစ်အုပ်စုအပေါ် ချမှတ်ထားသော ပိတ်ဆို့အရေးယူမှုများကို အားနည်း သွားစေပြီး စစ်အုပ်စုက ၎င်း၏ကိုယ်ပိုင်စီးပွားရေးအကျိုးအမြတ်အတွက် ပိုမိုအမြတ်ထုတ်လာနိုင်ခြေ ရှိကာ မြန်မာပြည်သူများ၊ မိမိတို့၏နေအိမ်များနှင့် အခြေခံအဆောက်အဦများကိုလည်း ပို၍ထိခိုက်နစ်နာ ပျက်စီးစေသောကြောင့် အဆိုပါပူးပေါင်းဆောင်ရွက်မှုသည် မြန်မာပြည်သူများအား အကျိုးစီးပွားရရှိစေ ခြင်းထက် ထိခိုက်နစ်နာခြင်း ဖြစ်စေပါလိမ့်မည်။

တစ်ချိန်တည်းမှာပင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိန်းချုပ်မှုအောက်ရှိ ကျယ်ပြန့်သော နယ်မြေ ပိုင်နက်အတွင်း အုပ်ချုပ်ရေးလုပ်ငန်းများကို စီမံခန့်ခွဲနေသူများ၏ ကွန်ရက်အား ကုလသမဂ္ဂက ဖွံ့ဖြိုးရေး အကူအညီများ ပေးအပ်နေခြင်းမရှိပေ။ ရပ်ရွာ၊ မြို့နယ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် အုပ်ချုပ်ရေးအဖွဲ့များ တိုးပွားလာကာ ပိုမိုစည်းလုံးညီညွတ်လာပါသည်။ ၎င်းတို့သည် စစ်အုပ်စုမှ ထိန်းချုပ်ထားနိုင်ခြင်းမရှိသော နေရာဒေသများရှိ အမြဲတစေ တိုးပွားလာနေသော မြန်မာနိုင်ငံတဝှမ်းမှ လူများစွာကို ထောက်ပံ့ပေးနေသည်။

တော်လှန်ရေးအဖွဲ့များသည် အုပ်ချုပ်ရေးစနစ်များဖွံ့ဖြိုးတိုးတက်မှုနှင့် ၎င်းတို့အကြား တိုးတက်လာသော ညှိနှိုင်းဆောင်ရွက်မှုများမှတဆင့် ဝန်ဆောင်မှုများအား အတိုင်းအတာတစ်ခုဖြင့် ပံ့ပိုးပေးနေနိုင်ခဲ့သည်။ အဆိုပါစနစ်များသည် အများအားဖြင့် အဓိကကျသော နယ်ပယ်သုံးရပ်ဖြစ်သည့် လူထုစည်းရုံးရေး၊ ဒေသတွင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုနှင့် လူမှုရေးဝန်ဆောင်မှုများ ပေးအပ်ခြင်းတို့ကို အာရုံစိုက် လုပ်ဆောင်ကြသည်။ ၎င်းတို့သည် ယေဘုယျအားဖြင့် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာကြသူများအတွက် အရေးပေါ်အကူအညီကို ဦးစားပေးလုပ်ဆောင်လေ့ရှိသော် လည်း ၎င်းတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုမှသည် တရားမျှတမှုနှင့် ထိန်းသိမ်းကြပ်မတ်မှုအထိ အခြားကျယ်ပြန့်သော လုပ်ဆောင်မှုများလည်း ပါဝင်သည်။[၁၇၄] နိုင်ငံတကာအနေဖြင့် ၎င်းတို့၏ တုန့်ပြန်ဆောင်ရွက်ချက်များကိုလည်း ဤယန္တရားများအပေါ် အခြေပြု

---

[၁၇၁] ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ထုတ် FFM ၏ "မြန်မာစစ်တပ်၏ စီးပွားရေး အကျိုးအမြတ်"၊ UN Doc. A/HRC/၄၂/CRP.၃ https://www.ohchr.org/en/hr-bodies/hrc/myanmar-ffm/economic-interests-myanmar-military.

[၁၇၂] ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် USIP မှ ထုတ်လွှင့်သော Turnell, S. ၏ ပညာပေးဗီဒီယို (၄.၄၆)၊ "နောက်ဆုံး @ USIP- မြန်မာ့စီးပွားရေး ပြန်လည်ကောင်းမွန်လာစေရန် စစ်အုပ်ချုပ်ရေး အဆုံးသတ်ရမယ်" https://www.youtube.com/watch?v=w2pO7a5PXas&t=281s.

[၁၇၃] ၂၀၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ထုတ်၊ Global New Light of Myanmar သတင်းစာတွင် ဖော်ပြထားသော "ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ မြန်မာနိုင်ငံ ကိုယ်စားလှယ် မစ္စတာ Ramanathan Balakrishnan အား လက်ခံ တွေ့ဆုံ" https://www.gnlm.com.mm/union-minister-for-investment-and-foreign-economic-relations-receives-mr-ramanathan-balakrishnan-country-representaive-of-united-nations-population-fund/.

[၁၇၄] ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ထုတ် SAC-M ၏ "မြန်မာနိုင်ငံရှိ ထိရောက်စွာ ထိန်းချုပ်မှု" ကို ဖတ်ရှုပါ။

တည်ဆောက်သင့်သည်။[၁၇၅] ကုလသမဂ္ဂအဖွဲ့အစည်းများသည် မြန်မာလူထု၏ ဒီမိုကရေစီလိုလားတောင့်တမှုကို ထင်ဟပ်ပြသနေသည့် ထိုသို့သော အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်သူ့ဝန်ဆောင်မှုပေးသူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးရန် ပျက်ကွက်လျက်ရှိသည်။ ယင်းအစား ၎င်းတို့သည် အရေးယူခံရခြင်း မရှိပဲ ပြည်သူလူထုအပေါ် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ရန် ရနိုင်သမျှအရင်းအမြစ်များ စုဆောင်းနေသော စစ်အုပ်စုကို ကျားကန်ပေးနေသည့်ပုံ ပေါ်နေသည်။

## အကျိုးသက်ရောက်မှုထက် ဆက်လက်ရပ်တည်မှုအား ဦးစားပေးနေခြင်း

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကြား ဆွေးနွေးပွဲများတွင် အသုံးပြုသည့် အသုံးအနှုန်းနှင့် ကိုက်ညီမှုမရှိဘဲ စစ်အုပ်စုအား "တည်ဆဲအာဏာပိုင်များ" အဖြစ် ပုံဖော်သုံးစွဲနေသောကြောင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ ထိတွေ့ဆက်ဆံမှုဆိုင်ရာ အခြေခံမူများက UNCT ကို ကျရှုံးမှုသို့ ဦးတည်စေလျက်ရှိသည်။ ဤအခြေခံမူများသည် နိုင်ငံတစ်ဝှမ်းရှိ ဒေသန္တရအုပ်ချုပ်ရေး၏ မရှိတရားကို ထင်ဟပ်ပေးနိုင်ခြင်း မရှိသည့်အပြင် ပြိုင်ဆိုင်မှုများသော မြန်မာနိုင်ငံအတွင်း အဖွဲ့အစည်းများနှင့် အများပြည်သူဝန်ဆောင်မှု ကိစ္စရပ်တိုင်းကို အလွန်အကျွံ နိုင်ငံရေးအမြတ်ထုတ်မှု ရှိနေခြင်းကို ကိုင်တွယ်ရန်လည်း ပျက်ကွက် နေသည်။ အဆိုပါအခြေခံမူများသည် ကုလသမဂ္ဂစနစ်တစ်ခုလုံး တညီတညွတ်တည်း ရှိစေရေး ပဲ့ကိုင်ထိန်းကျောင်းခြင်းနှင့် တတ်နိုင်သမျှလူအရေအတွက်အများဆုံးကို ပံ့ပိုးကူညီနိုင်ရေးအတွက် ပဋိပက္ခများကြား လမ်းစရှာဖွေဆောင်ရွက်ခြင်း ပြုလုပ်ပေးသည့် တစ်ချိန်တည်းတွင် UNCT အား ဘက်မလိုက်မှု၊ သမာသမတ်ကျမှုနှင့် လွတ်လပ်အမှီအခိုကင်းမှု ရှိသောပုံစံဖြင့် ပြုမူဆောင်ရွက်နိုင်စွမ်း ရှိအောင် ဆောင်ရွက်ပေးသင့်သည်။ သို့သော် လက်ရှိတွင် ထိုအခြေခံမူများသည် ဥပဒေကြောင်းအရ ဖြေရှင်းချက်သို့မဟုတ် ထိရောက်အကျိုးရှိသော လက်တွေ့ရလဒ်များမရှိဘဲ UNCT ကို စစ်အစိုးရနှင့် ဆက်လက်တုတ်နှောင်မှု ဖြစ်စေလျက်ရှိသည်။ ထို့ကြောင့် UNCT သည် ဒီမိုကရေစီ တော်လှန်ရေး အဖွဲ့အစည်းများနှင့် မကျေလည်မှုများ ဖြစ်ပွားခဲ့ပြီး ကုလသမဂ္ဂစနစ်အတွင်းတွင်လည်း ရှေ့နောက် မညီညွတ်မှုများ ဖြစ်လာခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကြား ဆွေးနွေးပွဲများ၏ ရပ်တည်ချက်သည် အချိန်ကြာလာသည်နှင့်အမျှ စစ်အုပ်စုအပေါ် သဘောထားတင်းမာလာကာ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များသည် စစ်အုပ်စုကို ပြတ်ပြတ်သားသား ငြင်းပယ်ပြီး ပြစ်တင်ရှုတ်ချမှုများ တိုးမြင့်လာနေသော်လည်း UNCT ကမူ စစ်အုပ်စုနှင့် ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်လာခဲ့သည်။ ယင်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ မကြာသေးမီက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို ပျက်စီးစေပြီး စစ်အုပ်စုအပေါ် တရားဝင်အသိအမှတ်ပြုထားခြင်းဖြင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ ဂုဏ်သိက္ခာကို ထိခိုက်စေကာ လွတ်လပ်မှု၊ သမာသမတ်ကျမှုနှင့် ဘက်မလိုက်မှု ဆိုင်ရာ နိုင်ငံတကာ အခြေခံမူများအား UNCT ၏ လေးစားလိုက်နာမှုကို ကျိုးပျက်စေသည်။ တစ်ချိန်တည်းတွင် UNCT က တော်လှန်ရေးတွင် တာဝန်ရှိသူများနှင့် တန်းတူရည်တူ ညှိနှိုင်းဆောင်ရွက်ရန် ပျက်ကွက်နေခြင်းသည် မြန်မာနိုင်ငံသား ကုလသမဂ္ဂဝန်ထမ်းများ အပါအဝင် ပြည်သူလူထုအပေါ်လည်း အန္တရာယ် ကျရောက်မှု ဖြစ်စေနိုင်သည်။

---

[၁၇၅] ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် Devex မှ ထုတ်ဝေသော Petrie, C. နှင့် Guggenheim, S. ၏ "သုံးသပ်ချက် - အကူအညီပုံစံအသစ်က အပယ်ခံပြည်နယ်များရှိ လူ့အဖွဲ့အစည်းကို ပိုကောင်းလာအောင် ကူညီပေးခြင်း" https://www.devex.com/news/opinion-a-new-aid-model-can-better-assist-communities-in-pariah-states-105617#:~:text=Opinion%3A%20A%20new%20aid%20model%20can%20better%20assist%20communities%20in%20pariah%20states,-By%20Charles%20Petrie&text=World%20leaders%20are%20struggling%20over,engagement%20is%20not%20the%20answer.

ဌာနေညှိနှိုင်းရေးမှူး (ယာယီ) က UNCT ၏ လုပ်ဆောင်ချက်များအား နိုင်ငံအတွင်း လုပ်ဆောင်ဆဲ ဖြစ်သော လုပ်ငန်းဆောင်တာများကို ကောင်းစွာဆောင်ရွက်ရန်အတွက် လိုအပ်ကြောင်းနှင့် စစ်အုပ်စုနှင့် ထိတွေ့ဆက်ဆံခြင်းကြောင့် ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များအား အကျိုးရလဒ်များနှင့် ဂရုတစိုက် ချိန်ဆထားကြောင်း အခိုင်အမာပြောကြားခဲ့သည်။ သို့သော်လည်း SAC-M ၏ အမြင်အရ UNCT သည် ပဋိပက္ခများနှင့် မြန်မာပြည်သူများ၏ ကောင်းကျိုးချမ်းသာရရှိမှုအပေါ် အမှန်တကယ် အပြုသဘော ဆောင်သော သက်ရောက်မှုရှိနေသည့် ၎င်း၏လုပ်ငန်းဆောင်ရွက်မှုများထက် မြန်မာနိုင်ငံတွင် ၎င်းတို့ ဆက်လက်ရပ်တည် လှုပ်ရှားဆောင်ရွက်နိုင်ခြင်းကိုသာ ဦးစားပေးလုပ်ဆောင်နေသည်။ UNCT ၏ စစ်အုပ်စုနှင့် ဆက်ဆံရေးမှ ရရှိလာသော အကျိုးကျေးဇူးသည် ဘေးဥပဒ်အန္တရာယ်များထက် မပိုနိုင်ပေ။ အဆိုပါဆက်ဆံရေးသည် မြန်မာပြည်သူများထက် စစ်အုပ်စုနှင့် UNCT ကိုသာ ပိုမိုအကျိုးပြုပေးသည်။

လူသားချင်းစာနာမှုဆိုင်ရာ ကယ်ဆယ်ရေးများ အလွန်အမင်းလိုအပ်နေသည့် နိုင်ငံ၏ နေရာဒေသတိုင်း တွင် ထိုသို့သော လိုအပ်ချက်များ ဖြစ်လာအောင် ဖန်တီးဖော်ဆောင်နေသော စစ်အုပ်စုတစ်ခုတည်းက ကုလသမဂ္ဂ၏ ဝင်ထွက်သွားလာခြင်းကို ကြိုတင်တွက်ဆပြီး ကန့်သတ်ထားပါသည်။ ယခုအခါ စစ်အုပ်စု အနေဖြင့် ၎င်းတို့အုပ်ချုပ်၍မရသော မြန်မာနိုင်ငံ၏ နေရာဒေသအများစုအား သီးခြားခွဲထုတ်၍ မထားနိုင် တော့ပေ။ အဆိုပါဒေသများကို မြန်မာနိုင်ငံနယ်စပ်မှ ဝင်ထွက်သွားလာနိုင်သည်။ ဖြစ်နိုင်ခြေများစွာ ရှိသည့် ထိရောက်သော အစားထိုး အကူအညီများပေးပို့သည့် နည်းလမ်းများကို တည်ဆောက်ရန် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရ၊ တော်လှန်ရေးအဖွဲ့အစည်းများ၊ ပြည်တွင်းလှုပ်ရှားဆောင်ရွက်သူများနှင့် အရပ်ဘက် အဖွဲ့အစည်းများက ကုလသမဂ္ဂအား တောင်းဆိုထားသည့်အတိုင်း ဆောင်ရွက်ခြင်းမရှိပဲ ကုလသမဂ္ဂသည် အဓိပ္ပါယ်ပြည့်ဝသော ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရန် နှောင့်နှေးနေခဲ့ပြီး အောင်မြင်မှု မရှိသည့် စစ်အုပ်စုအကြိုက်ဆောင်ရွက်သော ပုံစံကိုသာ ဆက်လက်ကျင့်သုံးရန် ဆက်လက် ဆုံးဖြတ်ထားဆဲ ဖြစ်သည်။ စစ်အုပ်စုအား တွန်းလှန်တိုက်ခိုက်လာသည့် ကာလတလျှောက် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ရပ်ရွာအခြေပြုအုပ်ချုပ်ရေးအဖွဲ့များနှင့် တော်လှန်ရေး အဖွဲ့အစည်းများ မှတဆင့် အများပြည်သူကို တိုက်ရိုက်ပံ့ပိုးပေးသည့် ဖွံ့ဖြိုးရေးအကူအညီများ ပေးအပ်နိုင်ရန် ကုလသမဂ္ဂအတွက် အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာသော်ငြားလည်း UNCT သည် ၎င်း၏ရပ်တည်ချက်အား မပြောင်းလဲခဲ့ပေ။ ကုလသမဂ္ဂ အဖွဲ့အစည်းများသည် စစ်အုပ်စုကိုယ်တိုင်က ဖျက်ဆီးခဲ့သော တိုင်းပြည်၏ အခြေခံအဆောက်အအုံနှင့် အင်စတီကျူးရှင်းများကို လည်းကောင်း၊ ဒီမိုကရေစီတော်လှန်ရေးတွင် ပါဝင်ခဲ့ကြသူများက အစွမ်းကုန်စွန့်စား ဖြိုချခဲ့သော စနစ်ဟောင်းများကို လည်းကောင်း ပြန်လည်တည်ဆောက်ရာ၌ စစ်အုပ်စုအား ကူညီရန် အသင့်ရှိနေပုံရသည်။

ကုန်လွန်ခဲ့သည့် (၂) နှစ်ခွဲကျော်ကာလအတွင်း UNCT သည် မြန်မာပြည်သူများထံသို့ ၎င်းတို့၏ လိုအပ်ချက်များနှင့် ဒီမိုကရေစီ လိုလားတောင့်တမှုများ၊ မျှော်မှန်းချက်များနှင့်အညီ တိုက်ရိုက်အကျိုး ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းအသစ်များ ရှာဖွေခြင်းထက် နေပြည်တော်နှင့် ရန်ကုန်မြို့များတွင် ၎င်းတို့ဆက်လက်ရပ်တည်နိုင်ရေးအတွက် စစ်အုပ်စုနှင့် ဆက်ဆံရေးကို ဆက်လက် ထိန်းသိမ်းထားရန် ပို၍အရေးကြီးကြောင်း မှတ်ယူထားခဲ့သည်။



Image: un.org

## ၃.၃။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရုံး

### ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်

စစ်အာဏာသိမ်းမှုကို ချက်ခြင်းတုန့်ပြန်ဖြေရှင်းသည့်အနေဖြင့် ကုလသမဂ္ဂသည် စစ်အာဏာသိမ်းမှုကို ကျရှုံးသွားစေရန် မြန်မာနိုင်ငံအပေါ် လုံလောက်သော ဖိအားပေးမှုများဆောင်ရွက်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းက အဓိကကျသော တာဝန်ရှိသူများကို ဆော်သြစည်းရုံးသွားရန် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားမည်ဟု အထွေထွေအတွင်းရေးမှူးချုပ်က ပြောကြားခဲ့ပါသည်။[၁၇၆] အထွေထွေ အတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှ ရုံးအတွက် သတ်မှတ်ထားသော ရာထူးတာဝန် များအလိုက် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် နယ်ပယ်များစွာရှိနေပါသည်။ အထွေထွေအတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂ၏ဦးဆောင်အုပ်ချုပ်ရေးအရာရှိတစ်ဦးဖြစ်ပြီး အထူးသဖြင့် အထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များတွင် တရားဝင်ထည့်သွင်းဖော်ပြခဲ့သည့်အတိုင်း ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ စိုးရိမ်ပူပန်မှုများကို ဂရုတစိုက်ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အတွင်းရေးမှူး ချုပ်သည် ကုလသမဂ္ဂ၏ စံနှုန်းများနှင့် အခြေခံမူများကို ကိုယ်စားပြုဆောင်ရွက်သူလည်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများ၏ ရပ်တည်ချက်သဘောထားများအား ရံဖန်ရံခါ စောဒကတက်ရသော်လည်း ပဋိညာဉ် စာတမ်းသည် အတွင်းရေးမှူးချုပ်အား လုံခြုံရေးကောင်စီ၏ အလေးထားဆောင်ရွက်သည့် ကိစ္စရပ်များ တွင် ပါဝင်ရန်၊ ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့သူကမ္ဘာ့သားများ၏ အကျိုးစီးပွားအတွက် ထုတ်ဖော်ပြောဆိုရန်နှင့် လုပ်ဆောင်ရန် အခွင့်အာဏာပေးအပ်ထားပါသည်။[၁၇၇]

အထွေထွေအတွင်းရေးမှူးချုပ်က ၎င်း၏ကနဦးထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအား ဦးစားပေးအဖြစ် သဘောထားခြင်းမရှိပေ။ ပဋိပက္ခအရှိန်အဟုန်ပြင်းထန်လာပြီး အထူးသဖြင့် Rosenthal အစီရင်ခံစာတွင် ဖော်ပြထားသော ပျက်ကွက်မှုများကြောင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂစနစ်အတွင်း ၎င်း၏ ခေါင်းဆောင်မှုလိုအပ်နေသော်လည်း အထွေထွေအတွင်းရေးမှူးချုပ်သည် ပဋိပက္ခဖြစ်ပြီး (၂) နှစ်ကျော် အကြာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအထိ အဆိုပါဒေသသို့ သွားရောက်ခြင်းမရှိခဲ့ဘဲ အများပြည်သူ

---

[၁၇၆] ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်နေ့ထုတ် Washington Post Live မှ Ant�nio Guterres အား အင်တာဗျူးခြင်း၊ "မြန်မာနိုင်ငံ အာဏာသိမ်းမှု မအောင်မြင်စေအောင် ကုလသမဂ္ဂက တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမယ်လို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပြောကြား"၊ News Clip (၂.၀၆) https://www.washingtonpost.com/video/washington-post-live/wplive/un-secretary-general-says-un-will-do-everything-it-can-to-make-sure-myanmar-coup-fails/2021/02/03/60195915-9e88-4e5e-996b-c1c0dbadada5_video.html.

[၁၇၇] ကုလသမဂ္ဂ၊ အထွေထွေအတွင်းရေးမှူးချုပ်၏ အခန်းကဏ္ဍ https://www.un.org/sg/en/content/the-role-of-the-secretary-general#:~:text=Equal%20parts%20diplomat%20and%20advocate,poor%20and%20vulnerable%20among%20them.

သိရှိနိုင်ရန် မြန်မာနိုင်ငံဆိုင်ရာ ထုတ်ပြန်ကြေညာချက် အနည်းငယ်ကိုသာ ထုတ်ပြန်ခဲ့သည်။ လုံခြုံရေးကောင်စီသည် စစ်အုပ်စု၏ လုပ်ရပ်များအပေါ် သည်းမခံနိုင်မှုနည်းပါးလာကြောင်း ဖော်ပြနေသည့် အပြင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကလည်း မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပိုမိုပူးပေါင်းလုပ်ဆောင်လာကြလျက် ရှိရာ သံအမတ်ကြီး Rosenthal ၏ စုံစမ်းမေးမြန်းမှုပြုလုပ်သည့် အချိန်ကာလထက်ပင် ယခုအချိန်ကာလ တွင် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ၏ အရေးယူဆောင်ရွက်မှုများအား အားကောင်းလာစေရန်အတွက် တွန်းအားပေးဆောင်ရွက်ရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံတွင် အခွင့်အလမ်းကောင်းများ ပိုရှိလာသည်ဟု ဆိုနိုင်သည်။

အထွေထွေအတွင်းရေးမှူးချုပ်၏ ယူကရိန်းပဋိပက္ခပေါ်တွင် ၎င်း၏ဖြေရှင်းဆောင်ရွက်ပုံနှင့် နှိုင်းယှဉ် ပါက မြန်မာနိုင်ငံ၏ ပဋိပက္ခပေါ်တွင် ဦးစားပေးဆောင်ရွက်မှု မရှိသလောက်နည်းပါးပါသည်။ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၏ ကျူးကျော်မှုအပြီးတွင် အထွေထွေအတွင်းရေးမှူးချုပ်သည် ယူကရိန်းနိုင်ငံသို့ (၃) ကြိမ်တိုင် သွားရောက်ခဲ့သည်။[၁၇၈] ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် ၎င်းသည် အစ္စတန်ဘူမြို့သို့ သွားရောက်ခဲ့ပြီး လူသန်းပေါင်းများစွာကို စားနပ်ရိက္ခာပြတ်လပ်မှုဒဏ်မှ ကာကွယ်ရန်အတွက် ပင်လယ်နက်မှ တဆင့် ဂျုံစပါးများ ဆက်လက်တင်ပို့နိုင်စေရန် ယူကရိန်း၊ ရုရှားနှင့် တူရကီနိုင်ငံတို့ကြား သဘောတူညီချက်ကို အကျိုးဆောင်ပေးခဲ့သည်။[၁၇၉] ၎င်းအနေဖြင့် မြန်မာနိုင်ငံအတွက် အလားတူ စေ့စပ်ညှိနှိုင်းမှုများ ပိုမို ဆောင်ရွက်ခဲ့ပါက မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှု ကယ်ဆယ်ရေးအကူအညီ လိုအပ်နေသော လူဦးရေ သန်း (၂၀) နီးပါးထံသို့ ကုလသမဂ္ဂ အဖွဲ့အစည်းများ သွားရောက်နိုင်ရန် လိုအပ်သော နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခွင့်ရရှိရေး ညှိနှိုင်းမှုတွင် အခရာကျသော အခန်းကဏ္ဍမှ ဆောင်ရွက်ပေးနိုင်သည်။

အထွေထွေအတွင်းရေးမှူးချုပ်သည် မြန်မာနိုင်ငံအခြေအနေနှင့် ခပ်ခွာခွာနေခြင်းကြောင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၊ (၃၁) ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ခဲ့သော ၎င်း၏ တရားဝင် ထုတ်ပြန်ကြေညာချက်တွင် အမှားအယွင်းများ ပါဝင်နေကြောင်း သိသာထင်ရှားနေခဲ့သည်။[၁၈၀] အတွင်းရေးမှူးချုပ်သည် စစ်အုပ်စုကို စစ်အာဏာသိမ်းပြီးချိန်မှစ၍ ၎င်းတို့ အလိုရှိတောင့်တနေသည့် ဖော်ပြချက်တစ်ခုဖြစ်သော “တည်ဆဲအာဏာပိုင်များ” ဟု ရည်ညွှန်းခေါ်ဝေါ်ခဲ့ခြင်း ဖြစ်သည်။ ဤစာတမ်းတွင် ဖော်ပြထားသည့်အတိုင်း အထွေထွေ အတွင်းရေးမှူးချုပ်၏ ရည်ညွှန်းဖော်ပြချက်မှာ ဥပဒေကြောင်းအရဖြစ်စေ အချက်အလက်အရဖြစ်စေ မှားယွင်းနေပြီး မြန်မာနိုင်ငံ အခြေအနေနှင့် ပတ်သက်၍ နားလည်မှု အားနည်းနေကြောင်း ဖော်ပြနေသည်။ ယင်းအချက်သည် အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီနှင့် လူ့အခွင့်အရေးကောင်စီတို့၏ မူဝါဒဆိုင်ရာ ရပ်တည်ချက်များနှင့် ကွဲလွဲနေပြီး အခြားကုလသမဂ္ဂ အကြီးတန်းအရာရှိများ၊ အထူးသဖြင့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ ထုတ်ပြန်ချက်များနှင့် ဆန့်ကျင်ကွဲလွဲနေခဲ့သည်။ အထွေထွေအတွင်းရေးမှူးချုပ်၏ ထုတ်ပြန်ချက်သည် မြန်မာနိုင်ငံနှင့် ပတ်သက်လျှင် ‘ကုလသမဂ္ဂတစ်ခုတည်း’ မူဝါဒ အသုံးပြုခြင်း မရှိကြောင်း နှင့် လူ့အခွင့်အရေးအတွက် အရေးယူပေးရန် ၎င်းကိုယ်တိုင်၏ တောင်းဆိုမှုများသည်လည်း စကားလုံး သက်သက်သာ ဖြစ်ကြောင်း သက်သေပြခဲ့သည်။

---

[၁၇၈] ၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ၏ သတင်းထုတ်ပြန်ချက် SG/T/၃၃၄၆ “ယူကရိန်းတွင် အထွေထွေအတွင်းရေးမှူးချုပ်၏ လှုပ်ရှားမှုများ၊ မတ် ၆-၉” https://press.un.org/en/2023/sgt3346.doc.htm.

[၁၇၉] ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့ထုတ် UN News ၏ “ယူကရိန်းစစ်ပွဲအတွင်း Black Sea မှ ဂျုံတင်ပို့မှုမှာ “မျှော်လင့်ချက်မီးရှူးတန်ဆောင်” ဖြစ်လာ” https://news.un.org/en/story/2022/07/1123062.

[၁၈၀] ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ထုတ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ “အထွေထွေ အတွင်းရေးမှူးချုပ်ရဲ့ လာမယ့် ခရီးစဉ်တွေနဲ့ ပတ်သက်တဲ့ သတင်းစာရှင်းလင်းပွဲမှာ အဖွင့်အမှာစကား ပြောကြားခဲ့” https://www.un.org/sg/en/content/sg/speeches/2023-08-31/secretary-generals-opening-remarks-press-encounter-his-forthcoming-travels.

အဆိုပါထုတ်ပြန်ချက်တွင် “တည်ဆဲအာဏာပိုင်များ” ကို “ဒီမိုကရေစီအဖွဲ့အစည်းများသို့ နောက်ကြောင်းပြန်လှည့်နိုင်ရန် အားလုံး ပါဝင်နိုင်သည့်လုပ်ငန်းစဉ်ကို စတင်ရန်” တောင်းဆိုခဲ့သည်။ ဤအချက်သည် အာဆီယံ၏ တရားဝင်ရပ်တည်ချက်နှင့် ဆန့်ကျင် နေပြီး မြန်မာနိုင်ငံ အကျပ်အတည်းကို ဖြေရှင်းရာတွင် အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီနှင့် အထွေထွေအတွင်းရေးမှူးချုပ် ကိုယ်တိုင် ပါဝင်သော ကုလသမဂ္ဂအရာရှိများက ထပ်ခါတလဲလဲ အတည်ပြုထားပြီးသည့် အာဆီယံ၏ အဓိကအရေးပါမှုကို လည်း ပျက်စီးစေရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ထိုသို့ တောင်းဆိုလိုက်ခြင်းသည် လွန်ခဲ့သော (၂) နှစ်ကျော်က အကူအညီ တောင်းခံ နေချိန်တွင် နိုင်ငံတကာအသိုင်းအဝန်း၏ အလုံးစုံလစ်လျူရှုမှု ခံရပြီးနောက် ဒီမိုကရေစီ မြန်မာနိုင်ငံတော်တစ်ခုကို မြန်မာပြည် သူများ၏လက်ဖြင့် တည်ဆောက်ယူမည် ဟူသည့် ဒီမိုကရေစီတော်လှန်ရေး၏ ရည်ရွယ်ချက်ကို ပယ်ချပြီး စစ်အုပ်စုတစ်ခုတည်း ကိုသာ အပြည့်အဝ အလေးပေး ဆောင်ရွက်လိုက်ခြင်း ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် စစ်အုပ်စုက ဦးဆောင် ကျင်းပ မည့် ရွေးကောက်ပွဲများကို အထွေထွေအတွင်းရေးမှူးချုပ်က အားပေးထောက်ခံသည့် သဘော လည်းသက်ရောက်ပြီး စစ်အုပ်စု အာဏာ တည်ဆောက်ရေးအတွက် ပြုလုပ်မည့် ထိုအတုအယောင် ရွေးကောက်ပွဲဖြစ်စဉ်ကို NUG ၊ ERO များ၊ CDM လှုပ်ရှားမှု နှင့် သပိတ်ကော်မတီများ၊ မြန်မာနှင့် နိုင်ငံတကာအရပ်ဘက်အဖွဲ့အစည်းများနှင့် အမေရိကန်နိုင်ငံကဲ့သို့ ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများက ချွင်းချက်မရှိ ကန့်ကွက်ထားထားသည်။[၁၈၁] အထွေထွေအတွင်းရေးမှူးချုပ်သည် မြန်မာနိုင်ငံ၏ ပါဝင်သင့်ပါဝင် ထိုက်သူများ အားလုံးနှင့် အဓိပ္ပါယ်ပြည့်ဝသော စေ့စပ်ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့လျှင် စစ်တပ်က ပုံဖော်ဆောင်ရွက်ခဲ့သော ညွှန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ခဲ့သည့် ၂၀၁၀ ခုနှစ်များနှင့် ဆင်တူသည့် မည်သည့်စနစ်သို့မဆို “နောက်ကြောင်းပြန်လှည့်ခြင်း” ကို မြန်မာလူထု ကြားတွင် ပြင်းပြင်းထန်ထန် ကန့်ကွက်မှုများ ရှိနေကြောင်း သိရှိထားပြီး ဖြစ်လိမ့်မည်။ ဤအဆင့်တွင် ထိုသို့သော စနစ်တစ်ခုကို အတင်းအကျပ် သွပ်သွင်းရန် နိုင်ငံပြင်ပမှကြိုးပမ်းခြင်းသည် စစ်အုပ်စု၏ အာဏာကို ပိုမိုခိုင်မာစေပြီး ဒီမိုကရေစီ တော်လှန်ရေး လှုပ်ရှားမှုက ခက်ခက်ခဲခဲ ကြိုးပမ်းရရှိထားသော အောင်မြင်မှုများကို ဖျက်ဆီးရာ ရောက်စေသည်။

ရက်အနည်းငယ် ကြာပြီးနောက် အထွေထွေအတွင်းရေးမှူးချုပ်သည် “တည်ဆဲအာဏာပိုင်များ” ဟူသော ဝေါဟာရထက် ပိုမို ကောင်းမွန်သော “စစ်တပ်၏တာဝန်ရှိသူများ” ဟူသော ဝေါဟာရကို အသုံးပြုခဲ့သော်လည်း မူလမှားယွင်းချက်သည် မှတ်တမ်းတွင် ထင်ကျန်နေဆဲဖြစ်ပြီး ပြန်လည်ပြင်ဆင်ခြင်း မရှိပေ။ မြန်မာနိုင်ငံရှိအကျပ်အတည်းအပေါ် အထွေထွေအတွင်းရေးမှူးချုပ်၏ ပြုမူဆက်ဆံမှုသည် ရက်ဖွယ် ကောင်းသည်ဟု SAC-M က ယူဆပါသည်။[၁၈၂]

## Rosenthal နောက်ဆက်တွဲအစီရင်ခံစာ

အထွေထွေအတွင်းရေးမှူးချုပ်သည် Rosenthal အစီရင်ခံစာတွင် ဖော်ပြထားသော တွေ့ရှိချက်များကို ကုလသမဂ္ဂမှ မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း အသေးစိတ်ရှင်းပြခွင့်ရရှိခဲ့ပြီး အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီး တစ်နှစ်အကြာတွင် မြန်မာနိုင်ငံ၌ ဦးဆောင်ဦးရွက်ပြုမှုကို ဖော်ထုတ်ပြသနိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ် မတ်လတွင် အထွေထွေအတွင်းရေးမှူးချုပ်သည် Rosenthal အစီရင်ခံစာပါ အကြံပြုချက် များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုးတက်မှုများနှင့်ပတ်သက်၍ လူ့အခွင့်အရေး ကောင်စီ သို့ အစီရင်ခံစာတင်ပြရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းက အစီရင်ခံစာပါ အထူးလိုက်ပါ

---

၁၈၁ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ထုတ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ “အထွေထွေ အတွင်းရေးမှူးချုပ်ရဲ့ လာမယ့် ခရီးစဉ်တွေ နဲ့ ပတ်သက်တဲ့ သတင်းစာရှင်းလင်းပွဲမှာ အဖွင့်အမှာစကား ပြောကြားခဲ့” https://www.un.org/sg/en/content/sg/speeches/2023-08-31/secretary-generals-opening-remarks-press-encounter-his-forthcoming-travels#:~:text=I%20urge%20all%20countries%20to,York%20and%20around%20the%20world.

၁၈၂ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ထုတ် SAC-M ၏ “မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ ကုလသမဂ္ဂအရှုံးသံသရာလည်ခြင်း” https://specialadvisorycouncil.org/2022/03/un-secretary-general-repeating-cycle-of-un-failure-in-myanmar/.

ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ဆောင်ရွက်ရန် ယခင်ကတည်းက ပျက်ကွက်ခဲ့သော် လည်း ကုလသမဂ္ဂစနစ်တစ်ခုလုံး၏ ကာကွယ်ဆောင်ရွက်နိုင်မည့် လုပ်နိုင်စွမ်းအား တိုးတက်လာစေရန် အတွက် မြန်မာနိုင်ငံအတွက်သာမက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးမှ အကောင်အထည်ဆောင်ရွက် သည့် စနစ်တစ်ခုလုံး၏ လုပ်ဆောင်ချက်များအပေါ် အာရုံစိုက် ဆွေးနွေးခဲ့သည်။[၁၈၃]

နောက်ဆက်တွဲအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းပြီးနောက် ပဋိပက္ခများ၏ အခြေအနေ နှင့် ဖြစ်လာနိုင်ခြေကို ဖော်ထုတ်ရန် ပျက်ကွက်ခဲ့သည်။ မြန်မာနိုင်ငံတွင်း ပဋိပက္ခများကို ကုလသမဂ္ဂက မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်နေသနည်း ဆိုသည့် အချက်အလက်ကို မဖော်ပြထားပေ။ မြန်မာနိုင်ငံ အကြောင်းအား အစီရင်ခံစာ၏တစ်ဝက်အထိ ဖော်ပြထားခြင်းမရှိပေ။ အစီရင်ခံစာတွင် တခြားနိုင်ငံ အများအပြား၌ ကုလသမဂ္ဂ၏အောင်မြင်မှုများကို ဖော်ပြထားပြီး ကုလသမဂ္ဂစနစ် ပြုပြင်ပြောင်းလဲရေး၏ဗဟိုအချက်အချာဖြစ်သည့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၏ပြန်လည်ထင်ပေါ်စေသည့် အခန်းကဏ္ဍကိုလည်း မီးမောင်းထိုးပြနေခဲ့သော်လည်း မြန်မာနိုင်ငံတွင် လွန်ခဲ့သော (၄) နှစ်ကျော်ကာလတစ်ခုလုံး နီးပါး နိုင်ငံအတွင်း ဌာနေ ညှိနှိုင်းရေးမှူး မရှိခဲ့ဘဲ အဆိုပါရာထူးနေရာသည် လစ်လပ်နေခဲ့သည်။ မြန်မာ့အရပ်ဘက်လူ့မှုအဖွဲ့အစည်းများက အဆိုပါ အစီရင်ခံစာအား "ဆင်သေကို ဆိတ်သားရေဖြင့် ဖုံးထားခြင်း"ဟူ၍ ပြစ်တင်ရှုံ့ချခဲ့သည်။[၁၈၄]

## အထူးကိုယ်စားလှယ်

လူထုစည်းရုံးလှုံ့ဆော်မှု လုပ်ငန်းများအပြင် အထွေထွေအတွင်းရေးမှူးချုပ်က ပါဝင်ဆောင်ရွက်နိုင်သည့် အခြား အခရာကျသည့် အခန်းကဏ္ဍမှာ ၎င်း၏ရာထူးကပေးသော "သံတမန်နည်းလမ်း" ကို အသုံးချခြင်း ဖြစ်သည်။ ၎င်းတို့မှာ ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သော ခြိမ်းခြောက်မှုများ ပေါ်ပေါက်လာခြင်း၊ တိုးလာခြင်း သို့မဟုတ် ပြန့်ပွားလာခြင်းကို ကာကွယ်ရန် အထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ လွတ်လပ်မှု၊ သမာသမတ်ကျမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့အပေါ် အခြေခံ၍ လူသိရှင်ကြား သော်လည်းကောင်း ကန့်လန့်ကာ နောက်ကွယ်တွင်သော်လည်းကောင်း ပြုလုပ်သည့် ဆောင်ရွက်ချက်များ ဖြစ်သည်။[၁၈၅] အထွေထွေအတွင်း ရေးမှူးချုပ်သည် အဆိုပါတာဝန်ဝတ္တရားများကို ၎င်း၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ထံ လွှဲအပ် ထားသည်။

မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ရာထူးကို ၂၀၁၇ ခုနှစ်မှစ၍ လက်ရှိပုံစံအတိုင်း ထားရှိခဲ့သည်။ အထွေထွေညီလာခံသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ရက်စက်ကြမ်းကြုတ်မှုများကို တုန့်ပြန်သည့် အနေဖြင့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ဆုံးဖြတ်ချက်တွင် ထိုလုပ်ပိုင်ခွင့်အာဏာကို သတ်မှတ်ပေးခဲ့ခြင်း ဖြစ်သည်။ ထိုဆုံးဖြတ်ချက်ပါ လုပ်ပိုင်ခွင့်အာဏာသည် ယေဘုယျဆန်လှသည်။ အထွေထွေညီလာခံက အထွေထွေ အတွင်းရေးမှူးချုပ်အား သံတမန်နည်းလမ်းအရ ကူညီပေးရန်၊ သက်ဆိုင်ရာ တာဝန်ရှိသူများ အားလုံး ပါဝင်သည့် မြန်မာနိုင်ငံဆိုင်ရာ ဆွေးနွေးပွဲများ ဆက်လက်ကျင်းပရန်၊ အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ

---

[၁၈၃] ၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်နေ့ထုတ် Rosenthal, G. ၏ "၂၀၁၀ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏ ပါဝင်ပတ်သက်မှုနှင့် ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုအနှစ်ချုပ် – အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ"

[၁၈၄] ၂၀၂၂ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် Forum Asia နှင့် Progressive Voice တို့၏ "ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာသစ်က မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏ သမိုင်းဝင် ကျရှုံးမှုများကို ပပျောက်စေ" https://progressivevoicemyanmar.org/2022/03/18/un-secretary-generals-new-report-whitewashes-the-uns-historical-failures-in-myanmar/.

[၁၈၅] ကုလသမဂ္ဂ၏ ဝက်ဘ်ဆိုဒ်၊ အထွေထွေအတွင်းရေးမှူးချုပ်၏ အခန်းကဏ္ဍ။

ဆိုင်ရာ အထူးကိုယ်စားလှယ်တစ်ဦး ခန့်အပ်ရန်နှင့် မြန်မာအစိုးရအား အကူအညီများပေးရန် တောင်းဆိုခဲ့သည်။[၁၈၆] ထို့နောက် ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် Christine Schraner Burgener ကို အထွေထွေအတွင်းရေးမှူးချုပ်က အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့သည်။[၁၈၇] ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် သူမ၏နေရာအား Noeleen Heyzer က ဆက်ခံခဲ့သည်။[၁၈၈]

အာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်ပြီးနောက်ပိုင်း မြန်မာနိုင်ငံ အခြေအနေအရပ်ရပ်သည် သိသိသာသာ ပြောင်းလဲခဲ့သော်လည်း အထွေထွေညီလာခံသည် ထိုအခြေအနေအပေါ် ထင်ဟပ်စေရန် ၎င်း၏ ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်တွင် အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်အာဏာအား ဖြည့်စွက်ရန် သို့မဟုတ် ပြင်ဆင်ရန် ပျက်ကွက်ခဲ့သည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးနှင့် အကျိုးရှိသော ဆက်သွယ်ဆောင်ရွက်မှု နှင့် ထိတွေ့ဆက်ဆံမှု ပြုလုပ်ရန် အထူးကိုယ်စားလှယ်နှင့် သူမ၏ကြိုးပမ်းအားထုတ်မှုများကို အထွေထွေညီလာခံက အားပေးထောက်ခံကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။ အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်ကို နှောင့်နှေးမှု မရှိစေရေးအတွက် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်နှင့် ခရီးစဉ်အား ဆောလျင်စွာ အဆင်ပြေချောမွေ့ စေရန် မြန်မာစစ်တပ်အား တောင်းဆိုခဲ့သည်။[၁၈၉] အထွေထွေညီလာခံသည် ၂၀၂၁ ခုနှစ်[၁၉၀] နှင့် ၂၀၂၂ ခုနှစ်[၁၉၁] ဒီဇင်ဘာလတွင် လုပ်ပိုင်ခွင့်အာဏာကို သက်တမ်းတိုးပေးခဲ့ပြီး အထူးကိုယ်စားလှယ်အနေဖြင့် အရပ်ဘက်အဖွဲ့အစည်းနှင့် ထိခိုက်နစ်နာသူများ အပါအဝင် သက်ဆိုင်ရာပါဝင်သူများအားလုံးနှင့် ထိတွေ့ဆက်ဆံရန်နှင့် အများပါဝင်မှုရှိသော ဆွေးနွေးပွဲများ ပြုလုပ်ရန် အားပေးတိုက်တွန်းခဲ့သည်။

Noeleen Heyzer က ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံသို့ အထူးကိုယ်စားလှယ်အနေဖြင့် လာရောက်ခဲ့သည်။ သူမသည် နေပြည်တော်၌ စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့သော် လည်း ဖမ်းဆီးခံနေရသော ဒီမိုကရေစီ ခေါင်းဆောင်များဖြစ်သော သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံရန် မေတ္တာရပ်ခံခြင်းကို ငြင်းပယ်ခံခဲ့ရသည်။ စစ်အုပ်စုက လွှတ်တော်ကိုယ်စားလှယ်ဟောင်းတစ်ဦးအပါအဝင် ထင်ရှား ကျော်ကြားသော နိုင်ငံရေး တက်ကြွလှုပ်ရှားသူ (၄) ဦးအား ရုတ်ချည်းဆိုသလို ကြိုးမိန့်ပေးပြီးနောက် (၄) ပတ်အကြာတွင် လာရောက်ခဲ့ခြင်း ဖြစ်သည်။[၁၉၂] တွေ့ဆုံမှုမှတ်တမ်းကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်းမရှိခဲ့ဘဲ နောင်တွင် ကွပ်မျက်မှု အားလုံးကို ဆိုင်းငံ့ထားရန် အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပန်ကြားလွှာအပြင် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော လူသားချင်း စာနာထောက်ထားရေး၊ လုံခြုံရေး၊ စီးပွားရေး၊ နိုင်ငံရေး အကျပ်အတည်းများနှင့်ပတ်သက်၍ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ မင်းအောင်လှိုင်ထံသို့ ပေးပို့သော စိုးရိမ်ကြောင့်ကြမှုများအား ဖော်ပြရေးသားထားသည့် ခရီးစဉ်ဆိုင်ရာ အစီရင်ခံစာများ တင်ပြပြီး

---

[၁၈၆] ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ထုတ် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ၊ အထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ် ၇၂/၂၄၈၊ UN Doc. A/RES/၇၂/၂၄၈၊ လုပ်ငန်းဆောင်ရွက်မှု စာပိုဒ် - ၁၀ https://undocs.org/Home/Mobile?FinalSymbol=A%2FRES%2F72%2F248&Language=E&DeviceType=Desktop&LangRequested=False.

[၁၈၇] ၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့ထုတ် ကုလသမဂ္ဂ၏ “မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ဆွစ်ဇာလန်နိုင်ငံမှ Christine Schraner Burgener ကို အထွေထွေအတွင်းရေးမှူးချုပ်က ခန့်အပ်”၊ UN Doc. SG/A/၁၈၀၂-BIO/၅၀၈၁ https://press.un.org/en/2018/sga1802.doc.htm.

[၁၈၈] ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ထုတ် ကုလသမဂ္ဂ၏ “မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် စင်ကာပူနိုင်ငံမှ Noeleen Heyzer ကို အထွေထွေအတွင်းရေးမှူးချုပ်က ခန့်အပ်”၊ UN Doc. SG/A/၂၀၇၀ https://press.un.org/en/2021/sga2070.doc.htm.

[၁၈၉] ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် - ၇၅/၂၈၇ (၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်)။

[၁၉၀] ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ထုတ် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေး အခြေအနေ၊ လူ့အခွင့်အရေး ကောင်စီ ဆုံးဖြတ်ချက်အမှတ် ၇၆/၁၈၀၊ UN Doc. A/RES/၇၆/၁၈၀ https://undocs.org/Home/Mobile?FinalSymbol=A%2FRES%2F76%2F180&Language=E&DeviceType=Desktop&LangRequested=False.

[၁၉၁] ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် - ၇၇/၂၂၇ (၂၀၂၂ ခုနှစ်)။

[၁၉၂] ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ထုတ် SAC-M ၏ “ကုလသမဂ္ဂနှင့် အာဆီယံတို့က စစ်အစိုးရရဲ့ လျှို့ဝှက်ကွပ်မျက်သတ်ဖြတ်မှုကို တုံ့ပြန်ရမယ်” https://specialadvisorycouncil.org/2022/07/un-and-asean-must-respond-to-juntas-summary-executions/.

နောက်ပိုင်းတွင် အထူးကိုယ်စားလှယ်က သတင်းထောက်များထံသို့ ထုတ်ပြန်ချက်အကျဉ်းချုပ်ကိုသာ ထုတ်ဝေခဲ့သည်။[၁၉၃] အထူးကိုယ်စားလှယ်သည် အကြမ်းဖက်မှုများ တိုးမြင့်လာခြင်းကို လျှော့ချရန်နှင့် လိုအပ်နေသူများအားလုံးထံသို့ လူသားချင်း စာနာထောက်ထားမှုအကူအညီများ အတားအဆီးမရှိ ဝင်ရောက်နိုင်ရန်လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ စစ်အာဏာသိမ်းပြီးသည်နှင့်တပြိုင်နက် အဖမ်းခံရချိန်အထိ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဩစတြေးလျနိုင်ငံသား စီးပွားရေး အကြံပေးဖြစ်သူ Sean Turnell ကို ပြန်လွှတ်ပေးရန် ဩစတြေးလျအစိုးရထံမှ အထူးတောင်းဆိုချက်တစ်ခုကိုလည်း သူမက တင်ပြခဲ့သည်။[၁၉၄]

အထူးကိုယ်စားလှယ်က မင်းအောင်လှိုင်နှင့်တွေ့ဆုံသည့် အစည်းအဝေးသည် မြန်မာပြည်သူလူထု အတွက် မြင်သာသော ရလဒ် မရှိဘဲ စစ်အုပ်စုကို တရားဝင်မှုပေးသည့်အတွက် မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ အရပ်ဘက်အဖွဲ့အစည်းများက ကျယ်ကျယ်ပြန့် ပြန့် ရှုံ့ချခဲ့သည်။ အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်အာဏာများအား ရုပ်သိမ်းရန်နှင့် အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် ၎င်း၏ရာထူး အာဏာကို အသုံးပြုပြီး တိကျပြတ်သားစွာ အရေးယူဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရှိ အကျပ်အတည်း များကို ဖြေရှင်းရာတွင် တစိုက်မတ်မတ်ပါဝင်ဆောင်ရွက်နေခြင်းကို ထုတ်ဖော်ပြသရန် အထွေထွေ ညီလာခံကို တောင်းဆိုထားသည့် ကြေညာချက်တစောင်ကို အရပ်ဘက်အဖွဲ့အစည်း (၈၆၃) ဖွဲ့က နောက်ရက်သတ္တပတ်အကြာတွင် ထုတ်ပြန်ခဲ့သည်။[၁၉၅] အထူး ကိုယ်စားလှယ်သည် ၎င်းအနေဖြင့် တရားဝင်အသိအမှတ်ပြုမှု ဖြစ်စေသော အစည်းအဝေးကို ရှောင်ရှားရန် ကြိုးပမ်းခဲ့ကြောင်း သတင်းထောက်များအား အတိအလင်း ပြောကြားခဲ့သော်လည်း မင်းအောင်လှိုင်အား “နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ” ဟု တပြိုင်နက် ရည်ညွှန်းထားခြင်းသည် ထိုပြောဆိုချက်နှင့် ဆန့်ကျင်နေသည်။ တွေ့ဆုံပွဲ၏ ဓာတ်ပုံများကို စစ်အုပ်စု ထိန်းချုပ်ထားသော မီဒီယာများနှင့် တီဗီအစီအစဉ်များတွင် ထုတ်လွှင့်ခဲ့သည်။[၁၉၆]

အထူးကိုယ်စားလှယ်၏ နေပြည်တော်ခရီးစဉ်အပြီးတွင် SAC-M သည် အထူးကိုယ်စားလှယ်အား မြန်မာနိုင်ငံတွင် စစ်အစိုးရနှင့် တွေ့ဆုံပြီး သူမ၏လုပ်ပိုင်ခွင့်အာဏာဖြင့် အနိမ့်ဆုံးလိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပြီးနောက် သူမက NUG နှင့် အပြုသဘော ဆောင်သော လူထုတွေ့ဆုံပွဲများ ကျင်းပနိုင်ရန် တောင်းဆိုခဲ့သည်။[၁၉၇] ထိုအချိန်မတိုင်ခင်က အထူးကိုယ်စားလှယ် Noeleen Heyzer သည် NUG နှင့် ကန့်လန့်ကာ နောက်ကွယ်တွင်သာ ထိတွေ့ဆက်ဆံခဲ့ပြီး သူမရာထူးမှ နုတ်ထွက်တော့မည် ဖြစ်ကြောင်း ၂၀၂၃ ခုနှစ်၊ ဇွန်လ၊ (၁) ရက်နေ့တွင် အထွေထွေအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက ကြေညာချိန်အထိ ထိုပုံစံဖြင့်သာ ဆက်လက် ထိတွေ့ဆက်ဆံနေခဲ့ခြင်း ဖြစ်သည်။ နှစ်ရက်အကြာတွင် အထူးကိုယ်စားလှယ် သည် NUG နိုင်ငံခြားရေးဝန်ကြီး ဒေါ် ဇင်မာအောင်နှင့် လူချင်းတွေ့ဆုံခဲ့သည်။[၁၉၈]

---

[၁၉၃] ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂမှ ထုတ်ပြန်သော “သတင်းထောက်များသို့ ပြောကြားချက် - အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Noeleen Heyzer ၏ ထုတ်ပြန်ကြေညာချက်” https://www.un.org/sg/en/content/sg/note-correspondents/2022-08-17/note-correspondents-statement-the-secretary-general%E2%80%99s-special-envoy-myanmar-noeleen-heyzer.

[၁၉၄] ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂမှ ထုတ်ပြန်သော “သတင်းထောက်များသို့ ပြောကြားချက် - အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Noeleen Heyzer ၏ ထုတ်ပြန်ကြေညာချက်”

[၁၉၅] ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၂ ရက်နေ့တွင် Progressive Voice နှင့် အခြားအဖွဲ့များ၏ “ကုလအထွေထွေညီလာခံ - ကုလသမဂ္ဂ အထူးသံတမန်၏ လုပ်ပိုင်ခွင့် တာဝန်ကို ရုပ်သိမ်းရန်၊” https://progressivevoicemyanmar.org/2022/08/22/un-general-assembly-withdraw-the-mandate-of-the-un-special-envoy/.

[၁၉၆] ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ABC News (Australia) မှ ထုတ်ဝေသော Yong, Y. ၏ “မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်နှင့် စစ်အစိုးရခေါင်းဆောင် တွေ့ဆုံ၊ အကျဉ်းသားများ လွှတ်ပေးရန် ကမ္ဘာကြီးအား တောင်းဆို”၊ News Report အား ကြည့်ရှုပါ။ https://www.youtube.com/watch?v=4PXqmmKfd1g&feature=youtu.be.

[၁၉၇] ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ထုတ် SAC-M ၏ “ကုလသမဂ္ဂ အထူးသံတမန်က မြန်မာနိုင်ငံ ဒီမိုကရေစီ အနာဂတ်တွင် စစ်မှန်သော ခေါင်းဆောင်များနှင့် တွေ့ဆုံနိုင်” https://specialadvisorycouncil.org/2022/08/united-nations-special-envoy-can-now-meet-with-genuine-stakeholders-in-myanmars-democratic-future/.

[၁၉၈] ၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ထုတ် ကုလသမဂ္ဂ၏ “၂၀၂၃ ခုနှစ် မတ်လ ၁၆ ရက်နေ့ အထွေထွေညီလာခံတွင် အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် Ms. Noeleen Heyzer မှ သဘောထားမှတ်ချက်” https://reliefweb.int/report/myanmar/remarks-ms-noeleen-heyzer-special-envoy-secretary-general-myanmar-general-assembly-16-march-2023#:~:text=Myanmar’s%20most%20vulnerable%2C%20including%20Rohingya,urgent%20action%20is%20not%20taken.

အထူးကိုယ်စားလှယ်သည် နှုတ်ထွက်ခြင်းမပြုမီ ပဋိပက္ခများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဒေသတွင်း စည်းလုံးညီညွတ်မှု ပိုမိုမြင့်တက်လာရန်အတွက် ဘေဂျင်း နှင့် နယူးဒေလီကို တရားဝင်သွားရောက် လည်ပတ်ခဲ့ပြီး အားလုံးပါဝင်နိုင်သော လူသားချင်းစာနာမှုဆိုင်ရာ ဆွေးနွေးပွဲ (IHF) အား ကျင်းပရန် တောင်းဆိုခဲ့သည်။[၁၉၉] ပကတိအမှန်တရားများကို ကျယ်ကျယ်ပြန့်ပြန့် စိစစ်အကဲဖြတ်ရန် ကြိုးပမ်းရာတွင် အားလုံးပါဝင်ရန်နှင့် လိုအပ်နေသူများထံသို့ ပိုမိုထိရောက်စွာ ပံ့ပိုးပေးအပ်နိုင်ရန် လူသားချင်းစာနာမှု ဆိုင်ရာ လုပ်ရှားဆောင်ရွက်သူများအတွက် အတားအဆီးများကို ကျော်လွှားနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန်အတွက် အထူးသဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် အခြားဒေသတွင်း နိုင်ငံများ ပါဝင်သည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ အဓိကအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ်၊ မတ်လ၌ ကျင်းပသော အထွေထွေညီလာခံတွင် ပူးပေါင်းပါဝင်နိုင်သည်ဟု အထူးကိုယ်စားလှယ်က မှတ်ချက်ပြုခဲ့သည်။[၂၀၀] IHF နှင့်ပတ်သက်၍ သူမ၏ဆွေးနွေးမှုသည် ပြည်တွင်း တက်ကြွလှုပ်ရှားသူများအကြား အပြုသဘောဆောင်သော ဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် ပိုမိုစည်းလုံးညီညွတ်မှုနှင့် ကျိုးကြောင်း ဆီလျော်မှု တည်ဆောက်ခြင်း ဆောင်ရွက်ရာတွင် အရေးပါသော နည်းလမ်းတစ်ခုဖြစ်ကြောင်း ယနေ့ထက်ထိ သက်သေပြနေသည်ဟု သူမက ထပ်လောင်းပြောကြားခဲ့သည်။[၂၀၁] သို့သော် ထိုကမကထပြု ဆောင်ရွက်ချက်သည် ကန့်ကွက်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ အထူးကိုယ်စားလှယ်၏ နောက်ဆက်တွဲ ရာထူးမှနှုတ်ထွက်မှုသည် မြန်မာနိုင်ငံနှင့် ပတ်သက်လျှင် ကုလသမဂ္ဂတွင် ပြည့်စုံ လွှမ်းခြုံမှုရှိပြီး တစ်သမတ်ထဲဖြစ်သော မဟာဗျူဟာမရှိကြောင်း မီးမောင်းထိုးပြနေသည်။




ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ ယခင် အထူးသံတမန် Noeleen Heyzer အား စစ်အုပ်စု၏ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် အတူ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် တွေ့ရစဉ်။




ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ ယခင် အထူးသံတမန် Noeleen Heyzer အား အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင် နှင့် အတူ ၂၀၂၃ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် တွေ့ရစဉ်။

---

[၁၉၉] ၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ထုတ် ကုလသမဂ္ဂ၏ "၂၀၂၃ ခုနှစ် မတ်လ ၁၆ ရက်နေ့ အထွေထွေညီလာခံတွင် အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် Ms. Noeleen Heyzer မှ သဘောထားမှတ်ချက်" ကို ကြည့်ရှုပါ။ https://reliefweb.int/report/myanmar/remarks-ms-noeleen-heyzer-special-envoy-secretary-general-myanmar-general-assembly-16-march-2023#:~:text=Myanmar's%20most%20vulnerable%2C%20including%20Rohingya,urgent%20action%20is%20not%20taken.

[၂၀၀] အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

[၂၀၁] အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

## လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး

လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံး၏ တစိတ်တပိုင်းဖြစ်ပြီး ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အဓိကတာဝန်ရှိသူလည်းဖြစ်သည်။ မဟာမင်းကြီးသည် အတွင်းရေးမှူးချုပ်အား တာဝန်ခံပြီး လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏ လုပ်ရှား ဆောင်ရွက်ချက်များအားလုံးကို တာဝန်ယူပါသည်။[၂၀၂] အာဏာသိမ်းချိန်မှစ၍ မဟာမင်းကြီးရုံးသည် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာ (၅) ခုကို OHCHR မှတဆင့် ထုတ်ပြန်ခဲ့သည်။ ဤအစီရင်ခံစာများတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁) ရက်မှစ၍ OHCHR က စုစည်းထားသည့် လူ့အခွင့်အရေးဆိုင်ရာ ယေဘုယျအခြေအနေများနှင့် စွပ်စွဲထားသော ချိုးဖောက်မှုများ၊[၂၀၃] စစ်တပ်၏စီးပွားရေးအကျိုးအမြတ်များနှင့် ပတ်သက်၍ FFM ၏ အစီရင်ခံစာ ထုတ်ပြန်ပြီးနောက် ပါဝင်သူအသီးသီးက ဆောင်ရွက်ထားသည့် သက်ဆိုင်ရာ အရေးယူမှုများကို အကဲဖြတ်ချက်[၂၀၄] နှင့် လူသားချင်းစာနာမှုအကူအညီများ ငြင်းပယ်ခံရခြင်း၏ လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှု[၂၀၅] စသည့် အကြောင်းအရာများ ပါဝင်သည်။ OHCHR က ဆက်လက်စောင့်ကြည့်ခြင်း၊ မှတ်တမ်းပြုစုခြင်းနှင့် အများပြည်သူထံသို့ အစီရင်ခံတင်ပြခြင်းတို့သည် ကုလသမဂ္ဂစံနှုန်းများအတိုင်း စိစစ်အတည်ပြုထားပြီး ဖြစ်သော မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ အသေးစိတ်အချက်အလက်များကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အာရုံစိုက်လာအောင် အထူးသဖြင့် လူ့အခွင့်အရေးကောင်စီ အစည်းအဝေးများတွင် အာရုံစိုက်မှု ရှိစေခဲ့သည်။

OHCHR သည် UNCT Myanmar ၏ အစိတ်အပိုင်းဖြစ်သော်လည်း ၎င်း၏ မြန်မာနိုင်ငံရုံးသည် ဘန်ကောက်တွင် တည်ရှိသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းအပါအဝင် မြန်မာနိုင်ငံတွင် OHCHR ရုံး တစ်ခု တည်ထောင်ရန်အတွက် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်အသီးသီးတွင် နှစ်ပေါင်းများစွာ မေတ္တာရပ်ခံတောင်းဆိုခဲ့ကြသည်။[၂၀၆] အာဏာသိမ်းမှုမတိုင်မီတွင် OHCHR အနေဖြင့် မြန်မာနိုင်ငံတွင် ရုံးဖွင့်လှစ်တည်ထောင်နိုင်ရန် အခွင့်အလမ်းရှိခဲ့သော်လည်း မြန်မာအစိုးရသည် "နည်းပညာဆိုင်ရာ

---

[၂၀၂] ကုလသမဂ္ဂ၊ လူ့အခွင့်အရေး မဟာမင်းကြီး၏ အခန်းကဏ္ဍ https://www.ohchr.org/en/about-us/high-commissioner.

[၂၀၃] နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများ စွပ်စွဲခံရမှုများနှင့် ပတ်သက်၍ တာဝန်ယူမှု၊ တာဝန်ခံမှုအပြင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ကာ တရားဥပဒေ စိုးမိုးရေးနှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို အလေးထား ဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေ အလုံးစုံအတွက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ထုတ် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာ၊ "မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ"၊ UN Doc. A/HRC/၄၈/၆၇ ကို ဖတ်ရှုပါ။ https://undocs.org/Home/Mobile?FinalSymbol=A%2FHRC%2F48%2F67&Language=E&DeviceType=Desktop&LangReque တွင် ရယူနိုင်ပါသည်။ ထို့ပြင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ၊ မှတ်တမ်းတင်ထားသော လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများအတွက် ၂၀၂၃ ခုနှစ်၊ မတ်လ ၃ ရက်နေ့ထုတ် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး အစီရင်ခံစာ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေ၊ UN Doc. A/HRC/၅၂/၂၁ ကို https://reliefweb.int/report/myanmar/situation-human-rights-myanmar-1-february-2022-report-united-nations-high-commissioner-human-rights-ahrc5221-advance-unedited-version တွင် ရယူဖတ်ရှုနိုင်ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် သိသာထင်ရှားသော ဆုတ်ယုတ်မှု ပုံစံမျိုးစုံအတွက် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ထုတ် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာ၊ "၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများ"၊ UN Doc. A/HRC/၄၉/၇၂ ကို https://undocs.org/Home/Mobile?FinalSymbol=A%2FHRC%2F51%2F41&Language=E&DeviceType=Desktop&LangReque တွင် ရယူဖတ်ရှုနိုင်ပါ သည်။

[၂၀၄] မြန်မာစစ်တပ်၏ စီးပွားရေးအကျိုးအမြတ်များဆိုင်ရာ ညီလာခံစာတမ်းတွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင် (၂၀၁၉) ခုနှစ်တွင် ထုတ်ပြန်ပြီးနောက် ပါဝင်သူများစွာ၏ လုပ်ဆောင်ချက်များကို အကဲဖြတ်ရန်အတွက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ထုတ် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာ၊ "မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ အကြံပြုချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားသော တိုးတက်မှုနှင့် ကျန်ရှိသော စိန်ခေါ်မှုများ"၊ UN Doc. A/HRC/၅၁/၄၁ ကို https://undocs.org/Home/Mobile?FinalSymbol=A%2FHRC%2F51%2F41&Language=E&DeviceType=Desktop&LangReque တွင် ရယူဖတ်ရှုနိုင်ပါသည်။

[၂၀၅] လူသားချင်းစာနာထောက်ထားမှုအကူအညီ ငြင်းဆိုခြင်းကြောင့် လူ့အခွင့်အရေးကိစ္စတွင် အကျိုးသက်ရောက်မှုအတွက် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ထုတ် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာ၊ "၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများ"၊ UN Doc. A/HRC/၅၃/၅၂၊ ကို ဖတ်ရှုပါ။

[၂၀၆] ၂၀၂၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ထုတ် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ၊ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၅၂/၃၁၊ UN Doc. A/HRC/RES/၅၂/၃၁၊ လုပ်ငန်းဆောင်ရွက်မှုစာပိုဒ် - ၄၈ https://daccess-ods.un.org/access.nsf/Get?OpenAgent&DS=A/HRC/RES/52/31&Lang=E.

အကူအညီ” ကိုသာ ပေးအပ်ရမည်ဟူသော ကန့်သတ်လုပ်ပိုင်ခွင့်အောက်တွင်သာ သဘောတူလိမ့်မည် ဖြစ်သည်။ မဟာမင်းကြီးဟောင်း Zeid Ra’ad Al Hussein သည် ထိုစဉ်က အစိုးရမှသတ်မှတ်ပေးထားသော အဆိုပါအခြေအနေများကို လက်ခံရန် ငြင်းဆိုခဲ့သည်။ OHCHR သည် ပြည်တွင်း၌ တည်ထောင် ထားခြင်းမရှိဘဲ ၎င်း၏လုပ်ငန်းဆောင်တာများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ၎င်းတို့ လုပ်ငန်း၏ အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ရပ်တည် ဆောင်ရွက်ရန်ကိုသာ ဦးစားပေးလုပ်ဆောင်ထားသည့် UNCT ၏ အခြားအဖွဲ့များက ဆောင်ရွက်သည့် နည်းလမ်းများထဲတွင် သီးသန့်ခြွင်းချက်တစ်ခု ဖြစ်နေသည်။ သို့သော် ထိုသို့ခြွင်းချက်ဖြစ်နေခြင်းကြောင့်ပင် ၎င်း၏ စုံစမ်း စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း ဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို နိုင်ငံတွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်း အချို့က ဆန့်ကျင်ခဲ့ကြသဖြင့် OHCHR သည် UNCT ထဲမှ လက်တွေ့တွင် ဖယ်ထုတ်ခြင်း ခံခဲ့သလို ဖြစ်ခဲ့သည်။

## ဦးစားပေးမှုမရှိ၊ မဟာဗျူဟာမရှိ၊ အကျိုးမရှိ

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးသည် အထွေထွေအတွင်းရေးမှူးချုပ်နှင့် ၎င်း၏ အထူးကိုယ်စားလှယ် မှတဆင့် မြန်မာပြည်သူ များကို အကာအကွယ်ပေးရေး၊ လူသားချင်းစာနာမှုဆိုင်ရာ ဘေးဒုက္ခများ လျော့နည်းသက်သာစေရေးနှင့် ပဋိပက္ခများ ဆုံးခန်း တိုင်စေရေးအတွက် ဆောင်ရွက်ရာတွင် အောင်မြင်မှု အနည်းငယ်သာ ရရှိခဲ့သည်။ အထွေထွေအတွင်းရေးမှူးချုပ်သည် မြန်မာနိုင်ငံပဋိပက္ခ အတိမ်အနက်နှင့် သင့်တော်သော နည်းလမ်းအသုံးပြု၍ ဖြေရှင်းတုံ့ပြန်ခဲ့ခြင်း မရှိပေ။ အထွေထွေ အတွင်းရေးမှူးချုပ်သည် ပဋိပက္ခများကို နိုင်ငံတကာဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရေး ၎င်းကိုယ်တိုင် ကြားဝင်ဆောင်ရွက်နိုင်ရန် ဖြစ်စေ၊ မြန်မာလူထုအတွက် ထုတ်ဖော်ပြောဆိုမှု ပြုလုပ်နိုင်ရေး လူထုစည်းရုံးလှုံ့ဆော်မှု ပြုလုပ်ရန် ဖြစ်စေ၊ စစ်တပ်နှင့် ဆန့်ကျင်၍ သို့မဟုတ် NUG နှင့် ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံ၍ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ပိုမိုထိရောက်သော အရေးယူဆောင်ရွက်မှု ပြုလုပ်လာအောင် အားပေး မြှင့်တင်ရန်ဖြစ်စေ ၎င်း၏ရုံးတွင်ရှိသော ခိုင်မာသည့် လုပ်ပိုင်ခွင့် အာဏာများကို အသုံးမပြုခဲ့ပေ။ နိုင်ငံတကာအသိုင်းအဝိုင်းမှ အဓိကကျသော အစုအဖွဲ့များ အထူးသဖြင့် မြန်မာ့အိမ်နီးချင်း နိုင်ငံများကို စစ်အာဏာသိမ်းမှုအား ဆန့်ကျင်ရန် အထွေထွေအတွင်းရေးမှူးချုပ်က ကတိပြုထားသည့်အတိုင်း စည်းရုံး သိမ်းသွင်းမှုများ မရှိခဲ့ပေ။

အထွေထွေအတွင်းရေးမှူးချုပ်က လူသိရှင်ကြားထုတ်ဖော်ပြောဆိုမှုများ ပြုလုပ်သည့်အခါ ၎င်းသည် မြန်မာနိုင်ငံ၏ အခြေအနေ များကို နားလည်မှုအားနည်းကြောင်း တွေ့နိုင်ပြီး မြန်မာပြည်သူများ၏ ဒီမိုကရေစီ လိုလားတောင့်တမှုနှင့် မျှော်မှန်းချက်များ၊ အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် ကုလသမဂ္ဂ စနစ်တစ်ခုလုံးတွင် စည်းလုံးညီညွတ်မှုများကို ပျက်ပြားစေသည့် တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။ အထွေထွေအတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂတစ်ခုလုံးနှင့် လက်အောက်ခံတစ်ဖွဲ့ချင်းစီက ပြုပြင်ပြောင်းလဲမှုပြုလုပ်လာအောင် ဦးဆောင်မှုပေးကာ ခေါင်းဆောင်မှု ပြသရမည့်အစား Rosenthal အစီရင်ခံစာအား နောက်ဆက်တွဲဆက်လက်လုပ်ဆောင်ချက်များ နှင့်ပတ်သက်၍ အစီရင်ခံတင်ပြရာတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ ထိတွေ့ဆက်ဆံရေး မအောင်မြင်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းကို လျစ်လျူရှုထားခဲ့သည်။ အထွေထွေအတွင်းရေးမှူးချုပ်၏ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်မှု နှင့် ဦးဆောင်မှုမရှိဘဲ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်သည် ၎င်း၏ (၁၈) လတာ ရာထူးသက်တမ်း အတွင်း တိုးတက်မှုဖော်ဆောင်နိုင်မည် မဟုတ်ပေ။ သူမ၏ ရာထူးနုတ်ထွက်စာသည် Rosenthal အစီရင်ခံစာတွင် ယခင်ကဖော်ပြခဲ့သည့် ပျက်ကွက်မှုနှင့် မြန်မာနိုင်ငံနှင့် ပတ်သက်၍ စည်းလုံးမှု၊ ပြည့်စုံလွှမ်းခြုံမှုနှင့် တသမတ်တည်းဖြစ်မှု ရှိသော ကုလသမဂ္ဂစနစ်တစ်ခုလုံး၏ မဟာဗျူဟာကို ဖော်ဆောင်ရန် အတွင်းရေးမှူးချုပ်ရုံး၏ ပျက်ကွက်မှုကို ထပ်ဆင့်မီးမောင်းထိုးပြခဲ့သည်။




Image: Peerapon Boonyakiat/SOPA Images/LightRocket via Getty Images

# ၄။ နိဂုံးနှင့် အကြံပြုချက်များ။

ကုလသမဂ္ဂစနစ်သည် မြန်မာနိုင်ငံတွင် ယခင်ကတည်းက ပျက်ကွက်ခဲ့ပြီး ယင်းကဲ့သို့ ထပ်မံပျက်ကွက်နေ ပြန်ပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ၎င်းတို့၏ အစိုးရအချင်းချင်းကြားမှ အဖွဲ့အစည်းများက ပါဝင်ဆောင်ရွက်ရန် ပျက်ကွက်နေကြပြီး UNCT သည် ဆိုးရွားနိုင်မှုများတိုးလာ၍ အောင်မြင်မှုရလဒ်များ အမြဲတစေ နည်းပါးလာနေသော်လည်း ထိုသို့ မအောင်မြင်သည့် ကိုင်တွယ်ဖြေရှင်းနည်းများကိုသာ ဆက်ကျင့်သုံးနေကာ အထွေထွေအတွင်းရေးမှူးချုပ်သည်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံး၏ အကြီးအကဲအဖြစ် မြန်မာပြည်သူများအတွက် ထမ်းဆောင်ရမည့် ၎င်း၏တာဝန်ဝတ္တရားများကို လျစ်လျူရှုနေလျက်ရှိသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ဖြစ်ပွားခဲ့သော ရိုဟင်ဂျာလူမျိုး များအား အကြမ်းဖက်မှုများမှ ကာကွယ်ရန် မလုပ်ဆောင်ခဲ့သလို မင်းအောင်လှိုင်နှင့် စစ်ခေါင်းဆောင် များကို တွန်းအားပေး၍ ၎င်းတို့အတွက် တရားမျှတမှုရရှိစေရေး ဆောင်ရွက်ရန်လည်း ပျက်ကွက်ခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် စစ်ခေါင်းဆောင်များက ယခင်ကျင့်သုံးခဲ့သည့် ထိုနည်းဗျူဟာများ အတိုင်း မြန်မာနိုင်ငံတစ်ဝှမ်းရှိ သန်းနှင့်ချီသော ပြည်သူများကို အကြမ်းဖက်နေခြင်းမှ ကာကွယ်ရန် တိကျပြတ်သားသည့် စုပေါင်းအရေးယူမှုများ ပြုလုပ်ရန်လည်း လက်ရှိအချိန်ထိ ပျက်ကွက်နေဆဲ ဖြစ်သည်။ လက်နက်မျိုးစုံ တင်သွင်းရောင်းချမှုအား တားမြစ်ခြင်း၊ ဘဏ္ဍာရေးဒေါက်တိုင်များကို ပိတ်ဆို့ အရေးယူမှုများ၊ မြန်မာနိုင်ငံ အခြေအနေများကို ICC သို့ လွှဲပြောင်းပေးရေးနှင့် လူသားချင်းစာနာ မှုဆိုင်ရာ အကူအညီများအား လုံခြုံစိတ်ချစွာရယူနိုင်မည့် နည်းလမ်းများ အပါအဝင် ဆုံးဖြတ်ချက်အမှတ် (၂၆၆၉) ကို လိုက်နာကျင့်သုံးနိုင်ရန် လုံခြုံရေးကောင်စီထံမှ အရေးယူမှုများ လိုအပ်ပါသည်။ စစ်အာဏာသိမ်း ပြီးပြီးချင်း မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာ ဆန္ဒပြသူများ တောင်းဆိုခဲ့ကြသော R2P ဆိုင်ရာ အခြေခံစည်းမျဉ်းအရ အရေးယူနိုင်သည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါသည်။ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက် ရမည့်အစား ယခုအခါကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိပြီး ယင်းအကျပ်အတည်းကို ကြီးထွား

လာစေခြင်းကို လုံခြုံရေးကောင်စီက လက်ပိုက်ကြည့်နေသောကြောင့် ကောင်စီ၏တာဝန်ဝတ္တရားများကို ထမ်းဆောင်ပါရန် ထပ်လောင်းတိုက်တွန်းတောင်းဆို လိုက်ပါသည်။ လုံခြုံရေးကောင်စီသည် ပဋိပက္ခများကို ဖြေရှင်းဆောင်ရွက်ရာတွင် အာဆီယံ၏ အရေးပါသော အခန်း ကဏ္ဍကို အလေးအနက်ထားခဲ့သည်။ သို့သော် အာဆီယံသည်လည်း ၎င်း၏အချက် (၅) ချက်ပါသဘော တူညီမှုကြောင့် သိသာထင်ရှားသော အောင်မြင်မှုရလဒ်များ မရရှိခဲ့ပေ။ အာဆီယံအနေဖြင့် အဆုံးသတ် တွင် ငြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ၎င်း၏ကိုယ်ပိုင်ဖြေရှင်းဆောင်ရွက်ချက် များ ခိုင်မာလာစေရန် လုံခြုံရေးကောင်စီမှ ချမှတ်ထားသော ဆုံးဖြတ်ချက်များ - တိကျခိုင်မာသော ဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်စေရန် လုပ်ပိုင်ခွင့် ယန္တရားမရှိပါ။

အကယ်၍ လုံခြုံရေးကောင်စီက ၎င်း၏တာဝန်ကို ဆက်လက်ပျက်ကွက်နေပါက၊ အထွေထွေညီလာခံနှင့် လူ့အခွင့်အရေး ကောင်စီတို့သည် စစ်အုပ်စု၏ ငြင်းဆန်မှုများအတွက် အရေးယူမှုများ ပိုမိုဆောင်ရွက်နိုင် စေရန် နှင့် မြန်မာပြည်သူများအတွက် ပံ့ပိုးကူညီမှု ပိုမိုရရှိလာစေရန် နည်းလမ်းများ မဖြစ်မနေ ရှာဖွေရမည်။ အထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကောင်စီတို့သည် စစ်အုပ်စုအား အသိအမှတ်ပြုမှုကို ဆက်လက်ပယ်ချထားရန်၊ NUG အား အပြည့်အဝအသိအမှတ်ပြုရန် နှင့် ၎င်းတို့၏ အစည်းအဝေး ဆုံးဖြတ်ချက်များ အထူးသဖြင့် တာဝန်ခံမှုမြှင့်တင်ခြင်း၊ လက်နက်ပိတ်ပင်ခြင်း၊ ပစ်မှတ်ထား ပိတ်ဆို့ အရေးယူခြင်း နှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ဝင်ရောက်ခြင်းတို့နှင့် စပ်လျဉ်းသော ဆုံးဖြတ်ချက်များကို ပိုမိုခိုင်မာအားကောင်းစေရန် မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပြီး ပြည့်စုံလွှမ်းခြုံမှုရှိပြီး ပေါင်းစည်းထားသော ကုလသမဂ္ဂ၏ တုန့်ပြန်ဆောင်ရွက်မှုများကို ဦးဆောင်ပေးရန် အထွေထွေအတွင်းရေးမှူးချုပ်ကို တောင်းဆိုရမည်။

စစ်အာဏာမသိမ်းမီ ဆယ်စုနှစ် မတိုင်ခင်ကလည်း ရိုဟင်ဂျာကျေးရွာများ မီးရှို့ခံရသည့်ကြားမှပင် UNCT သည် မြန်မာစစ်တပ်နှင့် အရပ်ဘက်အာဏာပိုင်များနှင့် ဆက်ဆံရေးတည်ဆောက်ရန် အသည်းအသန် ကြိုးစားခဲ့သည်။ ထိုနှစ်များအတွင်း ရရှိခဲ့သော ဖွံ့ဖြိုးတိုးတက်မှုတိုင်းကို စစ်အုပ်စုက ချွင်းချက်မရှိ ဖျက်ဆီးခဲ့ခြင်းကြောင့် ထိုကြိုးပမ်းမှုများ (နှင့်ငွေများ) သည် အချည်းနှီးသာ ဖြစ်ခဲ့ရသည်။ သို့သော်လည်း ဝင်ထွက် သွားလာခွင့်ရရေးအတွက် အပေးအယူလုပ်သည့်အနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများသည် စစ်အုပ်စု၏ စည်းကမ်းသတ်မှတ်ချက်များအတိုင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ထုတ်ဖော်ပြောဆိုထားပြီးသော ရပ်တည်ချက်နှင့်မကိုက်ညီဘဲ ၎င်းတို့နှင့် ဆက်လက်ထိတွေ့မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်လျက်ရှိပြီး ကုလသမဂ္ဂ စနစ်တစ်ခုလုံးကို ကမောက်ကမ ဖြစ်စေလျက်ရှိသည်။ စစ်အုပ်စု၏ အကြမ်းဖက်မှုများ ပြင်းထန်လာသည်နှင့်အမျှ ဤကဲ့သို့ဖြေရှင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် ဘေးအန္တရာယ်များလည်း တိုးလာနေသည်။ တစ်ချိန်တည်းမှာပင် UNCT အား ပိုမိုကန့်သတ် တားဆီးလာကာ ဒီမိုကရေစီတော်လှန်ရေး၏ ရည်ရွယ်ချက်များနှင့် ကြိုးပမ်းမှုများနှင့် ကွဲလွဲစေရန် ဆောင်ရွက်နေသောကြောင့် မြန်မာပြည်သူများအတွက် အကျိုးကျေးဇူး လျော့နည်းလာသည်။ နည်းလမ်းသစ်တစ်ခု လိုအပ်နေသည်မှာ ကြာမြင့်ပြီဖြစ်ပြီး အဆိုပါနည်းလမ်းသစ်သည် UNCT အတွက် တတ်နိုင်သမျှ လူအရေးအတွက် အများဆုံးကို အကျိုးပြုစေနိုင်သည့် ဘက်မလိုက်မှု၊ သမာသမတ်ကျမှုနှင့် လွတ်လပ်အမှီအခိုကင်းမှု ရှိစေမည့် နည်းလမ်းလည်း ဖြစ်သည်။ ယင်းနည်းလမ်းသည် စစ်အုပ်စု တစ်ခုတည်းနှင့်သာမကပဲ NUG ၊ ERO များနှင့် တော်လှန်ရေး သမားများနှင့် မျှတမှုရှိပြီး ပွင့်လင်းမြင်သာစွာ ထိတွေ့ဆက်ဆံခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။ အာဏာသိမ်းပြီး နောက်ပိုင်း ကုလသမဂ္ဂက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များသည် ဤနည်းဖြင့် ကိုင်တွယ်ဖြေရှင်းရန် အခြေခံအုတ်မြစ်တစ်ခုကို ချမှတ်ပေးသော်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ရှေ့ဆက် ပိုမိုလုပ်ဆောင်ရန် လိုအပ်ပြီး ကုလသမဂ္ဂစနစ်အတွင်းမှ ဦးဆောင်ဦးရွက်ပြုမှု ရှိရန်လည်း လိုအပ်ပါသည်။

အထွေထွေအတွင်းရေးမှူးချုပ်သည် အာဏာသိမ်းပြီးချိန်မှစ၍ မြန်မာနိုင်ငံအပေါ် ဦးဆောင်မှုကို ဖော်ထုတ်ပြသခြင်း မရှိခဲ့ပေ။ ယင်းအစား ၎င်းအနေဖြင့် ဆောင်ရွက်ရမည့် ကြိုးပမ်းအားထုတ်မှုများကို မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ထံသို့ လွှဲအပ်ခဲ့သည်။ ဤသို့ ဖြေရှင်းဆောင်ရွက်မှုသည် အထူး ကိုယ်စားလှယ်တစ်ဦးတည်း၏ လုပ်ပိုင်ခွင့်အာဏာထက် ကျော်လွန်သည့် ပဋိပက္ခကို ဖြေရှင်းနိုင်ခြင်း မရှိပါ။ Rosenthal ၏ စုံစမ်းစစ်ဆေးမှု ပြုလုပ်သည့်ကာလအတွင်းတွင် စည်းလုံးမှု၊ ပြည့်စုံလွှမ်းခြုံမှုနှင့် တသမတ်တည်းဖြစ်မှု ရှိသော ကုလသမဂ္ဂစနစ်တစ်ခုလုံး အတိုင်းအတာ မဟာဗျူဟာတစ်ခု မရှိခဲ့လို လက်ရှိအချိန်အထိလည်း ကင်းမဲ့နေဆဲဖြစ်သည်။ အဆိုပါမဟာဗျူဟာကို အကောင်အထည်ဖော်ရန် နှင့် စိစစ်ချိန်ညှိပေးရန် ကုလသမဂ္ဂအနေဖြင့် အကြီးတန်း အရာရှိတစ်ဦးအား တာဝန်ပေးအပ်ရန်လည်း Rosenthal က ဆက်လက်အကြံပြုခဲ့သည်။ ထိုအကြံပြုချက်ကိုလည်း အကောင်အထည်ဖော်ခဲ့ခြင်း မရှိပါ။ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အတွင်းရေးမှူးချုပ်ရုံးသည် ဖြေရှင်းဆောင်ရွက်ချက်အသစ်ကို အကောင်အထည်ဖော်ရန် UNCT အား ဦးဆောင်ရာတွင် အခရာကျသူများ ဖြစ်သော်လည်း အကောင်အထည်ဖော်မှုကို စောင့်ကြည့်အကဲဖြတ်ရန် နှင့် ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်များအတွက် တာဝန်ခံမှုရှိအောင် စီမံထားရန် ဦးစွာပြည့်စုံလွှမ်းခြုံမှုရှိသော မဟာဗျူဟာနှင့် ရှင်းလင်းသော တာဝန်ခွဲဝေမှုများ ရှိထားရန် လိုအပ်သည်။

ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် Martin Griffiths က မြန်မာနိုင်ငံသို့ မကြာသေးမီက လာရောက်ခဲ့ပြီးနောက် နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် နှင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် မြန်မာပြည်သူများက မျှော်လင့်နေကြသည်ဟု ၎င်းက ဆိုခဲ့သည်။ မှန်ကန်သော မျှော်လင့်ချက် ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ကုလသမဂ္ဂ၏ ကျရှုံးမှုသံသရာကို မဖြစ်မနေ အဆုံးသတ်ရမည်။

## **အကြံပြုချက်များ**ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

### လုံခြုံရေးကောင်စီသို့

◊ ဆုံးဖြတ်ချက်အမှတ် (၂၆၆၉) ကို စစ်အုပ်စုက မလိုက်နာသောကြောင့် ကုလသမဂ္ဂပဋိညာဉ် စာတမ်း အခန်း (၇) အရ မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရန်။ အခန်း (၇) အရ ချမှတ်သော ထိုဆုံးဖြတ်ချက်တွင် အောက်ပါအချက်များ ပါဝင်သင့်သည်။

- မြန်မာနိုင်ငံအပေါ် အလုံးစုံလက်နက်ပိတ်ပင်မှု ချမှတ်အရေးယူရန်နှင့် ထိုအရေးယူမှုကို စောင့်ကြည့် အကောင်အထည်ဖော်သည့် ယန္တရားတစ်ခု တည်ထောင်ရန်။
- စစ်ဘက်ဆိုင်ရာ အကြီးတန်းအရာရှိများ၊ စစ်တပ်ပိုင်ကုမ္ပဏီများနှင့် ၎င်းတို့ ကုမ္ပဏီခွဲများ အားလုံးအား ပစ်မှတ်ထား၍ ဘဏ္ဍာရေးအရ အရေးယူပိတ်ဆို့မှုများချမှတ်ရန်။
- မြန်မာနိုင်ငံ၏ အခြေအနေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းရန်။
- ထိရောက်မှုအရှိဆုံး နည်းလမ်းများနှင့် ဖြစ်နိုင်သမျှ လမ်းကြောင်းများအားလုံးမှတဆင့် လူသားချင်းစာနာမှုဆိုင်ရာ ကယ်ဆယ်ရေးအကူအညီများ ပေးပို့နိုင်ရေးအတွက် တောင်းဆိုရန်။

## အထွေထွေညီလာခံသို့

◊ (၇၈) ကြိမ်မြောက် အထွေထွေညီလာခံအတွက် ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ်အဖြစ် သံအမတ်ကြီး ဦးကျော်မိုးထွန်း၏ အသိအမှတ်ပြု ခန့်အပ်လွှာကို လက်ခံရန်။
◊ ရိုဟင်ဂျာနှင့် အခြားတိုင်းရင်းသားလူနည်းစုများ၏ အခြေအနေနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များအပြင် မြန်မာနိုင်ငံအခြေအနေ နှင့်ပတ်၍ နှစ်စဉ်ဆုံးဖြတ်ချက်များ ချမှတ်ရန် သို့မဟုတ် အနည်းဆုံးအားဖြင့် ရိုဟင်ဂျာနှင့် အခြားတိုင်းရင်းသားလူနည်းစုများ၏ အခြေအနေ နှင့်ပတ်သက်သော နှစ်စဉ်ဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်ကို ပေါင်းစပ်ထည့်သွင်းရန်။
◊ Rosenthal အစီရင်ခံစာပါ အထူးသဖြင့် မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် အကြံပြုချက်များ အကောင်အထည်ဖော်မှု၏ တိုးတက်ဖြစ်ထွန်းမှုများအကြောင်း အထွေထွေအတွင်းရေးမှူးချုပ် ကိုဖြစ်စေ သတ်မှတ်ထားသော ကုလသမဂ္ဂအကြီးတန်းအရာရှိကိုဖြစ်စေ နှစ်ပတ်လည် အစီရင်ခံစာ တင်သွင်းစေရန်။
◊ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော နိုင်ငံတကာ ရာဇဝတ်မှုများကို စုံစမ်းရန် အထူးတရားရုံးတစ်ခု တည်ထောင်မည့် နည်းလမ်းများကို အထွေထွေညီလာခံက လက်ခံစဉ်းစားရန်။

## လူ့အခွင့်အရေးကောင်စီသို့

◊ Rosenthal အစီရင်ခံစာပါ အထူးသဖြင့် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ အကောင်အထည်ဖော်မှု၏ တိုးတက်မှုဖြစ်ထွန်းမှုများအကြောင်းကို အစီရင်ခံတင်ပြပေးရန် အထွေထွေအတွင်းရေးမှူးချုပ်အား မေတ္တာရပ်ခံရန်။
◊ မိမိ၏သဘောဆန္ဒအလျောက် ဘေးကင်းလုံခြုံစိတ်ချရပြီး ဂုဏ်သိက္ခာရှိစွာဖြင့် အမြဲတမ်း နေရပ် ပြန်နိုင်ရေးအတွက် အခြေအနေများရှိနေပြီဟု ယူဆရသည့်အချိန်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်များ မြန်မာနိုင်ငံသို့ နေရပ်ပြန်ပို့ခြင်းကို ပြတ်ပြတ်သားသား ကန့်ကွက်ရန်။
◊ မြန်နိုင်ငံဆိုင်ရာ OHCHR လုပ်ငန်းများအား ပံ့ပိုးကူညီပြီး မြန်မာနိုင်ငံအတွင်း လုပ်ပိုင်ခွင့်တာဝန် အပြည့်အဝဖြင့် တည်ရှိနိုင်ရေး တောင်းဆိုရန်။
◊ IIMM က တရားစွဲဆိုမှုများ စတင်ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်ရှိလာအောင် ၎င်း၏ လုပ်ပိုင်ခွင့် တာဝန်များကို တိုးချဲ့ပေးရေး လက်ခံစဉ်းစားရန်။

## အတွင်းရေးမှူးချုပ်ရုံးနှင့် အထွေထွေအတွင်းရေးမှူးချုပ်ထံသို့

◊ သံတမန်နည်းလမ်းများ အသုံးပြု၍ မြန်မာနိုင်ငံအရေး ကိုယ်တိုင်ကိုယ်ကျ စေ့စပ်ညှိနှိုင်းမှု ပြုလုပ်ရန်။
   - ဒီမိုကရေစီ၊ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကတိ ကဝတ်များကို ဖြည့်ဆည်းခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ စွမ်းဆောင်ရည်ကို စိစစ်အကဲဖြတ်ရန်အတွက် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ၏ ဖြေရှင်းဆောင်ရွက်မှုများ ဆိုင်ရာ တံခါးပိတ်ဆွေးနွေးပွဲ ကျင်းပရန် နှင့် ကုလသမဂ္ဂ၏ အခြေခံမူများနှင့် နိုင်ငံတကာစံနှုန်းများကို လေးစားလိုက်နာမှု ရှိစေရန် မြန်မာနိုင်ငံ အစုအဖွဲ့များနှင့် ထိတွေ့ဆက်ဆံရာတွင် ထားရှိရမည့်စည်းများ အပါအဝင် နည်းလမ်းသစ်များနှင့် စတင်ဆောင်ရွက်ရမည့်အရာများကို သတ်မှတ်ဖော်ထုတ်ရန်။ ထိုအစည်းအဝေးသို့ အောက်ပါ ပုဂ္ဂိုလ်များကို ဖိတ်ကြားနိုင်သည်။

» မြန်မာနိုင်ငံနှင့်ပတ်သက်၍ ထိတွေ့ဆက်ဆံမှု ပြုလုပ်နေသည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ အကြီးအကဲများ သို့မဟုတ် ကုလသမဂ္ဂအဆင့်မြင့် အရာရှိများ။
» ယခင် နှင့် လက်ရှိ မြန်မာ့အရေး ကုလသမဂ္ဂကျွမ်းကျင်ပုဂ္ဂိုလ်များ နှင့် လုပ်ပိုင်ခွင့်ရ တာဝန်ရှိပုဂ္ဂိုလ်များ။
» ယခင် နှင့် လက်ရှိ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေရုံး အကြီးအကဲများ
» အတွေ့အကြုံဗဟုသုတများ မျှဝေပေးနိုင်သော အခြားနိုင်ငံများ နှင့် ဒေသများမှ ယခင် နှင့် လက်ရှိ တာဝန်ရှိ အဆင့်မြင့်ကုလသမဂ္ဂအရာရှိများ။
» မြန်မာ့အရေး နှင့်ပတ်သက်သည့် နိုင်ငံတကာကျွမ်းကျင်သူများ၊ ပညာရှင်များနှင့် အထူးပြု ကျွမ်းကျင်သူများ။
» မြန်မာ့အရေး ကျွမ်းကျင်သော အဓိက အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သံတမန်ဟောင်းများ။

- ထို့နောက် ညီညွတ်မှု၊ ပြည့်စုံလွှမ်းခြုံမှုနှင့် တသမတ်တည်းဖြစ်မှု ရှိသော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ မဟာဗျူဟာတစ်ရပ် ဆက်လက်ရေးဆွဲရန်။
- လုံခြုံရေးကောင်စီ၊ အထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကောင်စီတို့၏ ဆုံးဖြတ်ချက် များကို စောင့်ကြည့် အကောင်အထည်ဖော်ခြင်းနှင့် ကုလသမဂ္ဂ၏ လုပ်ဆောင်ချက်များ အတွက် တာဝန်ယူတာဝန်ခံမှုရှိစေရေး ဆောင်ရွက်ခြင်း အပါအဝင် စနစ်တစ်ခုလုံး အတိုင်းအတာ မဟာဗျူဟာ၏ မတူညီသောကဏ္ဍများကို အကောင်အထည်ဖော်ခြင်းနှင့် ပြင်ဆင်ခြင်း ပြုလုပ်ရန်အတွက် ကုလသမဂ္ဂအကြီးတန်းအရာရှိတစ်ဦးကို ခန့်အပ် တာဝန် ပေးရန်။

◊ လိုအပ်ပါက နယ်စပ်ဖြတ်ကျော်ပြီး ကုလသမဂ္ဂအဖွဲ့၏ ဝင်ထွက်သွားလာခွင့်အတွက် အိမ်နီးချင်း နိုင်ငံများနှင့် ညှိနှိုင်းရန် “သံတမန်နည်းလမ်းများ” ကို အသုံးပြုခြင်းအပါအဝင် ရရှိနိုင်သော လမ်းကြောင်းများ အားလုံးမှတဆင့် လူသားချင်းစာနာမှု ဆိုင်ရာ ကယ်ဆယ်ရေး အကူအညီများ ပံ့ပိုးပေးရန် အထိရောက်ဆုံးနည်းလမ်းများကို ရှာဖွေရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများအား ပံ့ပိုးကူညီရန်။

◊ Rosenthal အစီရင်ခံစာပါ အထူးသဖြင့် မြန်မာ့အရေးနှင့် စပ်လျဉ်းသော အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်သည့် တိုးတက်ဖြစ်ထွန်းမှုများအကြောင်း နှစ်ပတ်လည် အစီရင်ခံစာတစ်စောင် ထုတ်ပြန်နိုင်ရေးအတွက် တာဝန် ပေးအပ်ရန်။

◊ မြန်မာနိုင်ငံဆိုင်ရာ UNCT အတွက် အမြဲတမ်း ဌာနေညှိနှိုင်းရေးမှူးတစ်ဦး အခိုင်အမာ ခန့်အပ်ရန်။

## မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေရုံးများအဖွဲ့ ထံသို့

◊ မြန်မာနိုင်ငံရှိ တရားဥပဒေနှင့် လက်တွေ့ဖြစ်ရပ်မှန် အခြေအနေများကို ထင်ဟပ်သော ထိတွေ့ ဆက်ဆံမှုဆိုင်ရာ အခြေခံမူ အသစ်များကို ရေးဆွဲထုတ်ပြန်ရန်နှင့် ကုလသမဂ္ဂ၏ စာနာမှု၊ ကြားနေမှု၊ သမာသမတ်ကျမှုနှင့် လွတ်လပ်အမှီအခိုကင်းမှုကို စီစဉ်ပံ့ပိုးပေးရန်။ ထိုသို့ဆောင်ရွက်ရာတွင်

- စစ်အုပ်စုသည် တည်ဆဲအာဏာပိုင် အစုအဖွဲ့များစွာထဲမှ တစ်ခုသာဖြစ်ကြောင်း တိတိကျကျ သတ်မှတ်ထားရန်။
- တည်ဆဲအာဏာပိုင်အစုအဖွဲ့ အများအပြားများ ရှိနေခြင်းကိုလည်းကောင်း ဒေသန္တရ အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှု ပေးရေး လုပ်ငန်းများတွင် ၎င်းတို့၏ ပါဝင်မှုအခန်းကဏ္ဍကို လည်းကောင်း တိတိကျကျ ထင်ဟပ်ဖော်ပြထားရန်။

◊ UNCT ၏ လက်ရှိ လူ့အခွင့်အရေးဆိုင်ရာ မဟာဗျူဟာကို ထုတ်ပြန်ပေးရန်။

◊ UNCT အနေဖြင့် အောက်ပါအချက်များအပါအဝင် မြန်မာနိုင်ငံသား ကုလသမဂ္ဂ ဝန်ထမ်းများ (ဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ ပြင်ပအတိုင်ပင်ခံဝန်ထမ်းများ၊ JPO များ၊ UNV များနှင့် အလုပ်သင်များ) အား စောင့်ရှောက်ရမည့် တာဝန်များကို ကျေပွန်မှုရှိစေရေး အခိုင်အမာ ဆောင်ရွက်ရန်။

- ကုလသမဂ္ဂ စီမံကိန်းများအားလုံးအတွက် လိုအပ်သောအလေးထားစိစစ်မှု နှင့် ဘေးအန္တရာယ် ဆန်းစစ်အကဲဖြတ်မှုများ ပြုလုပ်ခြင်း။
- ရုပ်ပိုင်း နှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ချမ်းသာသုခ ရှိစေရေး ပံ့ပိုးကူညီခြင်း။
- ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ လုပ်ငန်းခွင်ဆိုင်ရာနှင့် ဒစ်ဂျစ်တယ်လုံခြုံရေးဆိုင်ရာ သင်တန်းများ ပေးခြင်း။
- မိမိတို့၏ ဝန်ထမ်းများ ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ ဖမ်းဆီးခြင်း၊ အကျဉ်းချခြင်း သို့မဟုတ် ကိုယ်ထိလက်ရောက် ထိခိုက်စေခြင်း ကြုံတွေ့ရသည့်အခါ UNCT နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများက ဆောင်ရွက်ရမည့် အဆင့်များကို ရှင်းလင်းဖော်ပြခြင်း။

◊ အောက်ပါအချက်များ အပါအဝင် လုပ်ငန်းအကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များကို စောင့်ရှောက်ရမည့် UNCT ၏တာဝန်ဝတ္တရားများကို ကျေပွန်မှုရှိစေရေး အခိုင်အမာ ဆောင်ရွက်ရန်။

- ဘေးအန္တရာယ်များကို ဆန်းစစ်အကဲဖြတ်ခြင်းနှင့် စီမံကိန်းများကို "လုံးဝထိခိုက်မှု မရှိစေရ" မူနှင့်အညီ ဆောင်ရွက်ရန်။
- လုံခြုံရေးဆိုင်ရာ အသိပညာပေးသင်တန်းများ ပေးအပ်ခြင်းနှင့် ဆက်သွယ်ရေးနည်းလမ်း အားလုံးတွင် ဒစ်ဂျစ်တယ်လုံခြုံရေးရှိအောင် အခိုင်အမာ ဆောင်ရွက်ရန်၊
- ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ ဖမ်းဆီးခြင်း၊ အကျဉ်းချခြင်း သို့မဟုတ် ကိုယ်ထိလက် ရောက်ထိခိုက်စေခြင်း ကြုံတွေ့ရသည့် မိတ်ဖက်အဖွဲ့အစည်းများ၏ ဝန်ထမ်းများကို မည်သည့် အကူအညီများ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားထားရန်။

◊ တရားဝင်တွေ့ဆုံပွဲများ၊ ဓာတ်ပုံရိုက်ယူခြင်းများ၊ လက်ဆောင်ပစ္စည်းဖလှယ်ခြင်းများနှင့် အခြား ကိစ္စများအပါအဝင် UNCT နှင့် ထိတွေ့ဆက်ဆံမှုအပေါ် အခြေခံ၍ စစ်အုပ်စုက ၎င်းအတွက် တရားဝင် အသိအမှတ်ပြုမှုရရှိအောင် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ရှောင်ရှားရန်။

◊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် စစ်အုပ်စုကြားဖြစ်စေ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် NUG တို့အကြားဖြစ်စေ ချုပ်ဆိုထားသော အခွန်၊ ငွေးရမ်းခနှင့် ဝယ်ယူပေးချေမှုကဲ့သို့သော မြန်မာလူထုနှင့်သက်ဆိုင်သည့် နားလည်မှုစာချွန်လွှာများ၊ သဘောတူစာချုပ်များနှင့် အခြား အစီအစဉ်များကို အများပြည်သူသိရှိစေရေးအတွက် ထုတ်ပြန်ပေးရန်။

◊ မိမိ၏သဘောဆန္ဒအလျောက် ဘေးကင်းလုံခြုံပြီး၊ ဂုဏ်သိက္ခာရှိစွာ အမြဲတမ်း နေရပ်ပြန်နိုင်ရေး အတွက် စိတ်ချရသော အခြေအနေရှိနေပြီဟု ယူဆရသည့်အချိန်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရိုဟင်ဂျာဒုက္ခသည်များကို နေရပ်ပြန်ပို့ရေးအတွက် စစ်အုပ်စု၏ အစီအစဉ်များအား ပံ့ပိုးခြင်းကို ချက်ချင်းရပ်တန့်ရန်။

◊ အောက်ပါအချက်များ အပါအဝင် လိုအပ်ချက် အများဆုံးသူများထံသို့ လူသားချင်းစာနာမှုဆိုင်ရာ ကယ်ဆယ်ရေးအကူအညီများ ပေးပို့နိုင်ရေး ရှိနေသော လမ်းကြောင်းအားလုံးကိုအသုံးပြု၍ အထိရောက်ဆုံးနည်းလမ်းများ ရှာဖွေနိုင်ရန်အတွက် အကူအညီများကို ကောင်းစွာပေးပို့နိုင်သည့် အဖွဲ့အစည်းများအားလုံးနှင့် လက်တွဲဆောင်ရွက်ရန်။

- တော်လှန်ရေးနယ်မြေထဲသို့ ဝင်ထွက်သွားလာခွင့်အတွက် NUG ၊ ERO များနှင့် အခြားသော တော်လှန်ရေးအဖွဲ့အစည်းများနှင့် တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်ရန်။

- အရပ်ဘက်အဖွဲ့အစည်းများကို ထောက်ပံ့ခြင်းနှင့် လက်ရှိတရားဝင်မဟုတ်သော လမ်းကြောင်းမှ နယ်စပ်ဖြတ်ကျော် အကူအညီပေးခြင်းကို တိုးချဲ့ဆောင်ရွက်ရန်။

◊ ထိတွေ့ဆက်ဆံမှုဆိုင်ရာ အခြေခံမူအသစ်များ နှင့်အညီ NUG ၊ ERO အုပ်ချုပ်ရေးဌာနများနှင့် တော်လှန်ရေးဒေသများရှိ ရပ်ရွာလူထုကဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့များကို ဖွံ့ဖြိုးရေး အကူအညီများနှင့် နည်းပညာပံ့ပိုးမှုများ ပေးအပ်ရန်။

---

**မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီသည် မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းမှုအား တုံ့ပြန်ရန် အတူတကွပူးပေါင်းဆောင်ရွက်ကြသည့် အမှီအခိုကင်းသော ကျွမ်းကျင်ပညာရှင်များအဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံသားများ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ၊ တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုအတွက် တိုက်ပွဲဝင်ရာတွင် ကူညီထောက်ပံ့မှုပြုရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီနှင့် ကျွန်ုပ်တို့၏ လုပ်ငန်းများနှင့် ပက်သက်၍ ပိုမိုသိရှိလိုပါက [https://specialadvisorycouncil.org/](https://specialadvisorycouncil.org/) တွင် ဝင်ရောက်လေ့လာနိုင်သည်။**

---

# နောက်ဆက်တွဲ (က) - မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂရုံးအဖွဲ့တွင် ပါဝင်သော ကုလသမဂ္ဂအဖွဲ့အစည်းများ။

◊ **စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)**

FAO သည် ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရန်၊ အာဟာရနှင့် စားနပ်ရိက္ခာဖူလုံမှု တိုးတက်ကောင်းမွန်လာစေရန် လုပ်ဆောင်နေသည့် ကုလသမဂ္ဂ၏ အထူးအေဂျင်စီတစ်ခုဖြစ်သည်။

◊ **အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO)**

ILO သည် နိုင်ငံတကာ အလုပ်သမားစံနှုန်းများကို ချမှတ်ပြီး လူမှုရေးနှင့် စီးပွားရေးသဟဇာတရှိမှု တိုးတက်လာ စေရန် လုပ်ပိုင်ခွင့်ရှိသော ကုလသမဂ္ဂအေဂျင်စီတစ်ခုဖြစ်သည်။

◊ **ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)**

IOM သည် အစိုးရများနှင့် ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူများ၊ ဒုက္ခသည်များနှင့် ရွှေ့ပြောင်း အလုပ်သမားများ အပါအဝင် ရွှေ့ပြောင်းသွားလာနေထိုင်သူများအား ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့် ပတ်သက်သော ဝန်ဆောင်မှုများနှင့် အကြံဉာဏ်များကို ပံ့ပိုးပေးနေသည့် ကုလသမဂ္ဂအေဂျင်စီတစ်ခု ဖြစ်သည်။

◊ **ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (OCHA)**

OCHA သည် လူသားတို့ကြောင့်ဖြစ်ပေါ်လာသော အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်များ ကို နိုင်ငံတကာမှ တုံ့ပြန်ဆောင်ရွက်မှုအားကောင်းစေရန် အထွေထွေညီလာခံက ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် ဖွဲ့စည်းထားသော ကုလသမဂ္ဂအဖွဲ့တစ်ခုဖြစ်သည်။

◊ **လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)**

OHCHR သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းတွင်ပါရှိသော လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိအောင် မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးတို့ကို တာဝန်ယူထားသော ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည်။

◊ **UN-Habitat**

UN-Habitat ဟုလည်း လူသိများသော ကုလသမဂ္ဂ လူသားများအခြေချနေထိုင်မှု အစီအစဉ် (United Nations Human Settlement Programme) သည် လူသားများအခြေချနေထိုင်မှုနှင့် ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုး တိုးတက်မှုတို့အတွက် ဖွဲ့စည်းထားသော ကုလသမဂ္ဂအစီအစဉ်ဖြစ်သည်။

◊ **ကုလသမဂ္ဂအမျိုးသမီးများအဖွဲ့ (UN Women)**

ကုလသမဂ္ဂအမျိုးသမီးများအဖွဲ့ (UN Women) ဟုလည်း လူသိများသော ကျား၊ မရေးရာတန်းတူညီမျှမှုနှင့် အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ (United Nations Entity for Gender Equality and the Empowerment of Women) သည် ကျား၊ မတန်းတူရေးနှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် လုပ်ဆောင်နေသော ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည်။

◊ **UNAIDS**

UNAIDS ဟုလည်း လူသိများသော HIV/AIDS ရောဂါဆိုင်ရာ ကုလသမဂ္ဂပူးတွဲအစီအစဉ်သည် HIV/AIDS ရောဂါ နှင့်ပတ်သက်၍ အရှိန်အဟုန်ဖြင့် အားလုံးပါဝင်နိုင်ပြီး ပူးပေါင်းလုပ်ဆောင်နေသော ကမ္ဘာတဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက်ရန်အတွက် လုပ်ဆောင်နေသော ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းတစ်ခုဖြစ်သည်။

◊ **ကုလသမဂ္ဂ အရင်းအနှီး ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ (UNCDF)**

UNCDF သည် ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံး (၄၆) နိုင်ငံတွင် ဆင်းရဲနွမ်းပါးသူများအတွက် အစိုးရနှင့် ပုဂ္ဂလိက ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများကို ပံ့ပိုးပေးနေသည့် ကုလသမဂ္ဂအဖွဲ့အစည်းဖြစ်သည်။

◊ **ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)**

UNDP သည် ဆင်းရဲမွဲတေမှုပပျောက်စေရန်နှင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူသား မျိုးနွယ်ဖွံ့ဖြိုး တိုးတက်မှုရရှိစေရန် နိုင်ငံများအား ကူညီဆောင်ရွက်ပေးနေသည့် ကုလသမဂ္ဂအေဂျင်စီတစ်ခု ဖြစ်သည်။

◊ **ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)**

UNESCO သည် ပညာရေး၊ အနုပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေး နှင့် လုံခြုံရေးကို မြှင့်တင်ရန် ရည်ရွယ်သည့် ကုလသမဂ္ဂ၏ အထူးပြုအေဂျင်စီတစ်ခု ဖြစ်သည်။

◊ **ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)**

